# မြန်မာနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေး
# နှစ်ပတ်လည်အစီရင်ခံစာ
## ၂၀၂၂ ခုနှစ်

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး
# နှစ်ပတ်လည်အစီရင်ခံစာ
# ၂၀၂၂ ခုနှစ်

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်
တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ထုတ်ဝေသည်။

ထုတ်ဝေသည့်ရက်စွဲ
၂၀၂၃ ခုနှစ်၊ ဇွန်လ

Email:
ccdac.mm@gmail.com

# မာတိကာ

ဥယျောဇဉ် ၄
နိဒါန်း ၁၁
၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များ ၁၅
၂။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး
- အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးကဏ္ဍ ၂၄
- သီးနှံများအစားထိုးစိုက်ပျိုးရေးကဏ္ဍ ၄၀
- မွေးမြူရေးကဏ္ဍ ၄၄
၃။ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး
- ဆေးကုသရေးကဏ္ဍ ၅၀
- ပြန်လည်ထူထောင်ရေးကဏ္ဍ ၆၀
- လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးကဏ္ဍ ၆၇
- ကျောင်းသားလူငယ်များအား အသိပညာပေးရေးကဏ္ဍ ၆၉
- ပြည်သူများအားပညာပေးလှုံ့ဆော်ရေးကဏ္ဍ ၇၅
၄။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ၇၉
၅။ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေး ၁၅၉
၆။ နယ်မြေလူထုပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး
- မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ၁၆၈
- မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ၁၇၃
၇။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ၁၇၇
နိဂုံး ၁၉၁

# ဥယျောဇဉ်



မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံး၊ လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ဆိုးဝါးစွာ ခြိမ်းခြောက် အန္တရာယ်ပြုလျက်ရှိနေသော ပြဿနာတစ်ခုဖြစ်ပါသည်။ ၎င်းအပြင် ကမ္ဘာတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများကြောင့် နိုင်ငံအသီးသီး၌ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးစသော အခြေခံအုတ်မြစ်များအပြင် အေးချမ်းလုံခြုံစွာ အသက်ရှင်ရပ်တည်နေထိုင်ရေးတို့ကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဘိန်းဖြူနှင့် လူလုပ်မူးယစ်ဆေးဝါးများဖြစ်သည့် မက်အဖီတမင်း(ICE)၊ Ecstasy ၊ Ketamine၊ Happy Water ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် ထွက်ရှိလာသည့် စိတ်ကြွရူးသွပ်ဆေးဝါးအသစ်များ သုံးစွဲမှုပြဿနာများနှင့် ရင်ဆိုင်နေကြရပါသည်။ လူမှုနယ်ပယ်အသီးသီးမှ မျိုးဆက်သစ်လူငယ်များ စိတ်ကြွရူးသွပ်ဆေးဝါး သားကောင်ဘဝသို့ကျရောက်ပြီး အနာဂတ်ပျောက်ဆုံးမှုများ ဖြစ်ပေါ်လာပါက နိုင်ငံတော်၏ အနာဂတ်တည်ဆောက်ရေးလုပ်ငန်းများတွင် အားအင်ချည့်နဲ့သွားစေနိုင်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တားဆီးနှိမ်နင်းရေး စသည့် ကဏ္ဍပေါင်းစုံ ချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သော အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်ရာတွင် ဒေသတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်အစိုးရ၏ ဥပဒေယန္တရား စနစ်တကျလည်ပတ်နိုင်မှုနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နိုင်မှု စသည်တို့သည် အဓိကအခန်းကဏ္ဍဖြစ်ပြီး ဒေသခံပြည်သူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီး လိုအပ်လျက်ရှိပါသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသော သွားလာမှုခက်ခဲသည့် အချို့သောနယ်စပ်ဒေသများတွင် တရားမဝင် နယ်စပ်ဝင်/ထွက်ပေါက်များမှတစ်ဆင့် မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အဓိကလိုအပ်သောဓာတုပစ္စည်းများ အလွယ်တကူဝင်ရောက်လျက်ရှိပြီး ယင်းတို့ကိုအသုံးပြု၍ ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့်

ဝယ်လိုအား မြင့်တက်သည့်နိုင်ငံများသို့ သယ်ဆောင်လျက်ရှိသည့်အတွက် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးအဖွဲ့များအနေဖြင့် ထိထိရောက်ရောက် ဖော်ထုတ်တားဆီးထိန်းချုပ်နိုင်ရန်အတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ် (NCA) တွင် လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်၍ ထာဝရငြိမ်းချမ်းရေးရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ (NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသများ၌ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသာမက တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါးပြဿနာ ထိန်းချုပ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ၁၉၆၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ၁၉၈၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်း ၃ ရပ်လုံးကို လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာအသိုက်အဝန်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်၊ ဧပြီလတွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ အထူးအစည်းအဝေးတစ်ရပ် (United Nation General Assembly Special Session on World Drug Problem, UNGASS) ကျင်းပခဲ့ပြီး ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သော မူးယစ်ဆေးဝါးမူဝါဒများ ရေးဆွဲနိုင်ရေး လုပ်ငန်းအကြံပြုချက်များကို ချမှတ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ လုပ်ငန်းအကြံပြုချက်များနှင့်အညီ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကိုရေးဆွဲကာ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာနိုင်ခဲ့ပါသည်။ မူဝါဒသစ်သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကွန်ဗင်းရှင်း ၃ ရပ်နှင့်လည်း လိုက်လျောညီထွေဖြစ်သည့်အပြင် ရေရှည်တည့်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Sustainable Development Goals) အား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အထောက်အကူပြုစေမည့် ချဉ်းကပ်မှုများဖြင့် ရေးဆွဲထားပါသည်။

အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံချက်ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၀) ၌ အတည်ပြုဆုံးဖြတ်ခဲ့ပြီး အဆိုပါမဟာဗျူဟာစီမံချက်ကို လမ်းညွှန်မှု ဘောင်တစ်ခုအနေဖြင့်အသုံးပြု၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ မူးယစ်ဆေးဝါးပြဿနာဆိုင်ရာအခြေအနေများမှာ မတူကွဲပြားသည့်အလျောက် မိမိတို့ဒေသနှင့် ကိုက်ညီမည့် လုပ်ငန်းစီမံချက် (Operational Action Plan) ရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၇၄ ခုနှစ်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ မူးယစ်ဆေးဝါးဥပဒေများအား ခေတ်နှင့်လျော်ညီသည့် ဥပဒေဖြစ်စေနိုင်ရန်အတွက် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုလည်း ပြန်လည်သုံးသပ်ခဲ့ပြီး ယင်းပြင်ဆင်သည့် ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ နည်းဥပဒေအား ပြင်ဆင်ထုတ်ပြန်ကြေညာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့အား ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ခေတ်စနစ်နှင့်လိုက်လျောညီထွေမှု ဖြစ်စေရေးအတွက် ၁၉၈၉၊ ၁၉၉၃၊ ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၆ ခုနှစ်အထိ အဆင့်ဆင့်ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများအား နိုင်ငံတကာစံချိန် စံနှုန်းများနှင့်အညီ ကဏ္ဍပေါင်းစုံ ချဉ်းကပ်မှုများပါဝင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်သည့် လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အား ထပ်မံထည့်သွင်း၍ လုပ်ငန်းအဖွဲ့ (၁၁) ဖွဲ့အား ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၀ ဖြင့် ပြင်ဆင် ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို သီးခြားဖွဲ့စည်းထားရှိပြီး မူးယစ်တပ်ဖွဲ့ခွဲ ၁၀ ခွဲ၊ တပ်ဖွဲ့စု ၅၀ စု တို့ဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ သုံးစွဲမှုများပြားရာ ဒေသများနှင့် နယ်စပ်ဒေသများတွင် ဖြန့်ကျက်နေရာချထားပြီး မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်း

များကို ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် မူးယစ်တပ်ဖွဲ့ခွဲ ၁၀ ခွဲ၊ တပ်ဖွဲ့စု ၆၅ စု တို့ဖြင့် ဖွဲ့စည်းထားရှိရာမှ ၂၀၂၂ ခုနှစ်အတွင်း အမှတ် (၁၁) X–Ray စက် တပ်ဖွဲ့ခွဲနှင့် X–Ray စက်တပ်ဖွဲ့စု ၆ စုတို့ကို ထပ်မံတိုးချဲ့၍ ဓာတ်မီရာဖွေရေးကိရိယာများ၊ မူးယစ်ဆေးဝါး ဓာတ်ခွဲကိရိယာများ၊ ဓာတ်မီရွှေ့ပြောင်းသယ်ယူ စမ်းသပ်သည့်ကိရိယာများ၊ လုပ်ငန်းသုံးအဆင့်မြင့်ကိရိယာများကို ဝယ်ယူတပ်ဆင်ကာ မူးယစ်ဆေးဝါး သယ်ဆောင်မှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ၃၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့ ပါသည်။ ရွှေတြိဂံဒေသအတွင်းသို့ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးနှင့် ရွှေတြိဂံဒေသမှ မူးယစ်ဆေးဝါးများ အခြားဒေသများသို့ မပျံ့နှံ့စေရေးအတွက် မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများအကြား Operation 1511 ကို ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများစွာ ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် အတွင်း ရှမ်းရိုးမစစ်ဆင်ရေးများနှင့် Operation 1511/22 တို့ကိုလည်း ရှမ်းပြည်နယ် အတွင်း အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်း များနှင့် မူးယစ်ဆေးဝါးများအား အောင်မြင်စွာ ဖော်ထုတ်တားဆီးနှိမ်နင်းရေးအတွက် Operation 39 ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့လက်အောက်ရှိ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးကော်မတီကို ၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်း ခဲ့ကာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးအဖွဲ့အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၂ ခုနှစ် အထိ ဓာတုပစ္စည်း ၃၉ မျိုးဖြင့် ထိန်းချုပ် ဆောင်ရွက်လျက်ရှိပါသည်။ ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှတင်သွင်းမှုနှင့်ပတ်သက်၍ တင်သွင်းမည့် ပြည်ပနိုင်ငံများမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကုမ္ပဏီလိပ်စာ မှန်ကန်မှုရှိ/မရှိ၊ လျှောက်ထားသည့် အချက်အလက်များ မှန်ကန်မှုရှိ/မရှိတို့အား စိစစ်ပြီး ပို့ကုန်ကြိုတင်သတင်းပေးစနစ် (Pre Export Notification- PEN) အရ အချိန်နှင့်တစ်ပြေးညီ အကြောင်းပြန်ကြားဆောင်ရွက်ခြင်းဖြင့် ထိန်းချုပ် ဓာတုပစ္စည်းများ လမ်းလွဲရောက်ရှိမှု မရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် ဓာတုပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများမှ နယ်စပ်ကိုဖြတ်၍ နည်းမျိုးစုံဖြင့် ဝင်ရောက်လျက်ရှိသောကြောင့် တားဆီးနှိမ်နင်းရေး အဖွဲ့များမှ နည်းလမ်းပေါင်းစုံဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

UNODC နှင့် ပူးပေါင်းတိုင်းတာသော မြန်မာနိုင်ငံ တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၂၀၂၂ ခုနှစ် အစီရင်ခံစာအရ ဘိန်းစိုက်ပျိုးမှုသည် ၂၀၂၁ ခုနှစ်တွင် ၃၀၂၀၀ ဟတ်တာရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၄၀၁၀၀ ဟတ်တာရှိ၍ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဘိန်းထုတ်လုပ်မှုမှာ ၂၀၂၁ ခုနှစ်တွင် ၄၂၃ တန် ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၇၉၅ တန်ရှိ၍ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အဆိုပါအချိန်ကာလတွင် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော Covid-19 တတိယလှိုင်းနှင့်အတူ နိုင်ငံ၏မတည်ငြိမ်သည့် အခြေအနေကြောင့်ဖြစ်ပါသည်။

အစားထိုးဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် မယ်ဖားလုံဖောင်ဒေးရှင်းမှ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်မှ စတင်၍ ကျန်းမာရေးထောက်ပံ့မှုလုပ်ငန်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုလုပ်ငန်း၊ မွေးမြူရေးနှင့် ကုသရေးလုပ်ငန်း၊ စီးပွားဖြစ်သစ်တောနှင့် အသုံးချသစ်တောလုပ်ငန်း၊ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လူမှုစီးပွားစစ်တမ်း ကောက်ယူခြင်းလုပ်ငန်း၊ လေ့လာရေးခရီးစဉ်၊ စီမံကိန်းဧရိယာအတွင်းသို့ ကိုယ်စားလှယ်များလေ့လာရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် စဉ်ဆက်မပြတ် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CCDAC) နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ (ONCB) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံဘက်မှ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့နှင့် ထိုင်းနိုင်ငံဘက်မှ မယ်ဖားလုံဖောင်ဒေးရှင်းတို့က ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်ရှိ စီမံကိန်းကျေးရွာ ၆၀ ရွာတွင် ၂၀၁၆ ခုနှစ်မှစတင်၍ အစားထိုးဖွံ့ဖြိုးရေးနှင့် အများပိုင်သစ်တောများ တည်ထောင်ရေးစီမံကိန်းအား ဂျာမနီနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့၏ ကူညီထောက်ပံ့မှုနှင့် UNODC ၏ ကြီးကြပ်မှုတို့ဖြင့် စီမံကိန်းဒေသမှထွက်ရှိသော အရည်အသွေးကောင်းမွန်သည့် ကော်ဖီများကို MALONGO ကော်ဖီကုမ္ပဏီမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိပါသည်။

မူးယစ်ဆေးစွဲရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်သုံးသပ်ပြီး မူးယစ်ဆေးစွဲလူနာများကုသရေးအတွက် ဆေးကုသရေးဌာနကြီး ၂၉ ခုနှင့် ဌာနငယ် ၅၆ ခုတို့ ဖွင့်လှစ်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထုအခြေပြု မူးယစ်ဆေးစွဲကုသရေးစခန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ဘိန်းအာနိသင်ရှိသော ဆေးဝါးသုံးစွဲသူများ အတွက် မက်သာဒုံးဆေးကျွေးကုသမှုကုထုံးအား ၂၀၀၆ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် မက်သာဒုံးကုထုံးဝန်ဆောင်မှုကို

စိတ်ကျန်းမာရေးဆေးရုံများ မူးယစ်ဆေးဝါးကုသမှုဆေးရုံများနှင့် အထွေထွေရောဂါကုပြည်သူ့ဆေးရုံများတွင် အစားထိုးကုထုံးအနေဖြင့် မက်သာဒုံးဆေးရည်တိုက်ကျွေး ကုသမှုဌာန ၈၆ ခု ဖွင့်လှစ်၍ ဆေးစွဲလူနာများအား အစားထိုးဆေးကုသပေးလျက်ရှိပါသည်။

ဆက်လက်၍ မူးယစ်ဆေးစွဲကုသမှုခံယူပြီးသူများအား ပိုမိုကောင်းမွန်သော လူမှုဘဝပြန်လည်ရောက်ရှိစေရေးအတွက် ပြုစုပျိုးထောင်နိုင်ရန် ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ နမ့်လတ်၊ မြဝတီ၊ ကော့သောင်း၊ ဝက်ထီးကန်၊ ဖယ်ခုံ၊ ဘားအံ၊ ကလိန်အောင်၊ မြိတ်မြို့များတွင် ဖွင့်လှစ်ထားရှိပါသည်။ ဆေးဝါးသုံးစွဲသူများ ဆေးကုသဂေဟာများသို့ လာရောက်ကုသရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ဆေးကုသမှုခံယူနေသူများနှင့် ၎င်းတို့အားမှီခိုနေသော မိသားစုများအား သင့်လျော်သောကူညီထောက်ပံ့မှုများပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်း၊ ပြန်လည်နေရာချထားပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးသုံးစွဲမှုကြိုတင်ကာကွယ်ရေးအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးကို အခြေခံပညာသင်ရိုး ညွှန်းတမ်းအသစ်များတွင် ရေးဆွဲသင်ကြားလျက်ရှိပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အန္တရာယ်ဆိုင်ရာ သင်ခန်းစာများသည် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် လေ့ကျင့်သင်ကြားပေးလျက် ရှိသည့်အပြင် ကျောင်းပြင်ပမှလူငယ်များအတွက်လည်း ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်တို့ဖြင့် ချိတ်ဆက်၍ အသိပညာပေးလျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များအားမူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးအတွက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များတို့မှ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အခြေခံကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေး လုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့် အဖွဲ့အစည်း ၅ ခု ဖြင့် မူးယစ်ဆေးဝါးပညာပေးရေးလုပ်ငန်းများကို ပြန်ကြားရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ရေဒီယို၊

ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့် မီဒီယာများမှတစ်ဆင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများနှင့်လည်းကောင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့ (AFP)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-တရုတ်၊ မြန်မာ-အိန္ဒိယ၊ မြန်မာ-လာအို၊ မြန်မာ-ဗီယက်နမ်၊ မြန်မာ-ထိုင်း နိုင်ငံတို့နှင့် နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးများ အလှည့်ကျအိမ်ရှင် နိုင်ငံများအဖြစ်နှစ်စဉ် ကျင်းပလျက်ရှိ ပါသည်။ ၄င်းအပြင် မြန်မာနိုင်ငံနယ်စပ် ရွှေတြိဂံဒေသတွင်း နိုင်ငံများဖြစ်သည့် မြန်မာ-လာအို-ထိုင်း ၃ နိုင်ငံပူးပေါင်း၍ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် ဓာတုပစ္စည်းများထိန်းချုပ်ရေးအစည်းအဝေးများ ကျင်းပလျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့်ဆက်စပ်လျက်ရှိသည့် တရုတ်နိုင်ငံနယ်စပ်တွင် လွယ်ဂျယ်-ကျန်းဖုန်း၊ မူဆယ်-ရွှေလီ၊ လောက်ကိုင်-နမ့်စန်၊ မြစ်ကြီးနား-ထိန်ချုံး တို့တွင်လည်းကောင်း၊ လာအိုနိုင်ငံနယ်စပ်တွင် ဝမ်ပုံ-မိုင်းမော၊ ဝမ်ကျင်း-ကျိုင်းခုတ် တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံနယ်စပ်တွင် တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်း တို့တွင် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်တွင် မောင်တော-တက္ကနာဖ့် တို့တွင်လည်းကောင်း အိန္ဒိယနိုင်ငံနယ်စပ်တွင် တမူး-မိုးရေး၊ ပန်ဆောင်-ချန်လန်၊ ရိဒ်-ဇိုခေါဒါရ် တို့တွင်လည်းကောင်း၊ နယ်စပ်ဆက်ဆံရေးရုံးများဖွင့်လှစ်၍ တားဆီးနှိမ်နင်းရေးကိစ္စရပ်များအား သတင်းဖလှယ်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ရနိုင်သမျှသော အရင်းအမြစ်များ၊ စွမ်းအားစုများဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သလို အစိုးရဌာနဆိုင်ရာများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျောင်းသား/ ကျောင်းသူများနှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# နိဒါန်း

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးအတွက် လူညွန့်တုံးစေမည့် အန္တရာယ်ဖြစ်ပါသည်။ ယနေ့ကမ္ဘာပေါ်ရှိ လူမှုနယ်ပယ်အသီးသီးတွင် ရှင်သန်နေထိုင်လျက်ရှိသည့် လူငယ်လူရွယ်များအနေဖြင့် မူးယစ်ဆေးဝါး၏ သားကောင်ဘဝသို့ကျရောက်ပြီး အနာဂတ်ပျောက်ဆုံးသွားပါက နိုင်ငံ၏အနာဂတ်တည်ဆောက်ရေး ရှေ့ခရီးအတွက် အင်အားကို ချည့်နဲ့သွားစေနိုင်ပြီး ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုကို များစွာခြိမ်းခြောက်လာနိုင်ပါသည်။

ကမ္ဘာ့လူဦးရေ၏ ၅.၅% သည် တစ်နှစ်အတွင်း မူးယစ်ဆေးဝါးအနည်းဆုံးတစ်ကြိမ် သုံးစွဲမှုရှိပြီး ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူ ၂၇၅ သန်းခန့်ရှိပါသည်။ ၎င်းတို့အနက် ၃၆.၃ သန်းခန့်သည် ဆေးဝါးကုသမှုခံယူရန် လိုအပ်နေသူများဖြစ်ပြီး၊ ၁၁ သန်းကျော်မှာ မူးယစ်ဆေးဝါး အကြောတွင်းထိုးသွင်းသူများ ဖြစ်ကြပါသည်။ မူးယစ်ဆေးလွန်သေဆုံးမှုများလည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်းနှင့် မူးယစ်ဆေးစွဲမှုကြောင့် ကူးစက်ခံရသော HIV ရောဂါ၊ အသည်းရောင် အသားဝါ “B”၊ “C” နှင့် “TB” ရောဂါဖြစ်ပွားမှုများမှာလည်း မြင့်တက်လာကြောင်းကို ၂၀၂၁ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတွင် ဒေသတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်အစိုးရ၏ ဥပဒေယန္တရား စနစ်တကျလည်ပတ်နိုင်မှုနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နိုင်မှုသည် အဓိကအခန်းကဏ္ဍဖြစ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသော သွားလာမှုခက်ခဲသည့် အချို့သောဒေသများတွင် တရားမဝင်နယ်စပ် ဝင်/ ထွက်ပေါက်များမှတစ်ဆင့် မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အဓိကလိုအပ်သောဓာတုပစ္စည်းများအလွယ်တကူဝင်ရောက်လျက်ရှိပြီး ယင်းတို့ကို အသုံးပြု၍ ထွက်ရှိလာသော လူလုပ်မူးယစ်ဆေးဝါးအများစုသည် ဓာတုပစ္စည်းများဝင်ရောက်လာရာ လမ်းကြောင်းများအတိုင်း ပြန်လည်သယ်ဆောင်လျက်ရှိသည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များအနေဖြင့် ထိရောက်စွာ ဖော်ထုတ်တားဆီးထိန်းချုပ်နိုင်ရန် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများဖြစ်သည့် ၁၉၆၁ ခုနှစ်မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်းနှင့် ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်အဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းများပါ စည်းကမ်းချက်များနှင့်အညီ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာတားဆီးကာကွယ်နိုင်ရန် မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်း

များကို အမိန့်ကြော်ငြာထုတ်ပြန်၍ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် မူးယစ်ဆေးဝါး ၁၃၂ မျိုး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး ၁၂၆ မျိုးနှင့် ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးအား သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ၁၉၇၆ ခုနှစ်မှစတင်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၁-၁-၂၀၂၂ ရက်နေ့တွင် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ပြောင်းလဲ ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကိုလည်း ၁၇-၄-၂၀၂၂ ရက်နေ့တွင် ခေတ်စနစ်နှင့် လျော်ညီစွာ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးတွင် အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်သည့် လမ်းများ ဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ ရေရရှိရေးနှင့် စွမ်းအင်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အိမ်ရာများ၊ ဆေးပေးခန်းများ၊ ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ နှစ်ချင်းသီးနှံ မျိုးစေ့များဖြန့်ဖြူး ပေးခြင်း၊ နှစ်ရှည်ပျိုးပင်များဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာများဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးပညာပေးစခန်းများ ဖွင့်လှစ်ခြင်း၊ သီးနှံစံပြကွက်/ စမ်းသပ်ကွက်များဆောင်ရွက်ခြင်း တို့အား ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ဘိန်းစိုက်ပျိုးမှုရှိသည့် မြို့နယ် ၅၅ မြို့နယ်တို့တွင် လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ဒေသကြက်၊ ဒေသဝက်များ ထောက်ပံ့ခြင်း၊ တိရစ္ဆာန်ကုသဆေးများ ထောက်ပံ့ခြင်း၊ မွေးမြူရေး လုပ်ငန်း အထောက်အကူပြု ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ဒေသ အလိုက် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ခြင်းနှင့် ရောဂါကုသပေးခြင်းတို့အား ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးတွင် ဆေးကုသရေးကဏ္ဍ၌ မူးယစ်ဆေးစွဲရောဂါ ကုသရေးဌာနများနှင့် မက်သာဒုံးဆေးခန်းများတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို အိပ်ချ်အိုင်ဗွီ ရှိမရှိ စစ်ဆေး ပေးခြင်း၊ အေအာတီဆေး တိုက်ကျွေးကုသပေးခြင်း၊ ကွန်ဒုံးဖြန့်ဝေပေးခြင်း၊ အသည်းရောင်ရောဂါ ဘီပိုး ရှိမရှိ စစ်ဆေးပေးခြင်းနှင့် ကူးစက်မှုမရှိသေးပါက ကာကွယ်ဆေးထိုးပေးခြင်း၊ အသည်းရောင်ရောဂါ စီပိုး ရှိမရှိ စစ်ဆေးပေးခြင်း၊ တီဘီရောဂါ စစ်ဆေးကုသပေးခြင်းနှင့် ကာလသားရောဂါများ စစ်ဆေးကုသပေး ခြင်းတို့ ဆောင်ရွက်ပေးနေပြီး မူးယစ်ဆေးစွဲရောဂါကုသရေး ဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံး ဆေးခန်း ၈၆ ခုတို့၌ မူးယစ်ဆေးစွဲ လူနာ ၂၆၁၉၆ ဦးအား ကုသပေးနိုင်ခဲ့ပါသည်။ ပြန်လည်ထူထောင်ရေး ကဏ္ဍ၌ စခန်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခု ဖွင့်လှစ်ပြီး မူးယစ်ဆေး

ဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာ သင်ကြားပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်မှုပေးခြင်းတို့အား ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျောင်းသားလူငယ်များအား အသိပညာပေးရေးကဏ္ဍ၌ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲ သင်ကြားခြင်း၊ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်း ပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဖြစ်စေရေးအတွက် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးကဏ္ဍ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲများ ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ Talk Show များ၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်းအပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့်ပတ်သက်သည့် သတင်းများ၊ ဟောပြောချက်၊ ပညာပေးသီချင်း၊ ဇာတ်လမ်းများကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာ အစီအစဉ်များမှ ထုတ်လွှင့်နိုင်ခဲ့ပါသည်။

တားဆီးနှိမ်နင်းရေးကဏ္ဍတွင် နိုင်ငံအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး အထူးစစ်ဆင်ရေးစီမံချက်များ ချမှတ်ကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများသည် အိမ်နီးချင်း နိုင်ငံများ၏ တရားမဝင်နယ်စပ်ဝင်ပေါက်များမှ ဖြတ်ကျော်၍ တရားမဝင်မှောင်ခိုသယ်ဆောင်ပြီး နယ်မြေ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင် မူးယစ်ဆေးဝါးထုတ်လုပ်လျက်ရှိသဖြင့် နိုင်ငံအတွင်း ဝင်ရောက်လာနိုင်သော လမ်းကြောင်းများအား ပိတ်ဆို့ခြင်း၊ စစ်ဆေးရှာဖွေခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ မူးယစ်ဆေးဝါးချက်လုပ်ခြင်းနှင့်ရောင်းဝယ်ဖြန့်ဖြူးခြင်း ပြုလုပ်သည့်နေရာ၊ သယ်ဆောင်ရာလမ်းကြောင်း တို့ကို တားဆီးပိတ်ဆို့ဖမ်းဆီးခြင်း၊ ဘိန်းစိုက်သည့်နေရာများနှင့် ထုတ်လုပ်သည့်နေရာများအား စုံစမ်း ဖော်ထုတ်ပြီး ဖျက်ဆီးရှင်းလင်းခြင်းတို့အား ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ် အတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၆၇၅၉ မှု၊ တရားခံ ၉၆၀၀ ဦး၊ တန်ဖိုးငွေကျပ် ၁၁၂၀ ဘီလီယံကျော်ဖိုး ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၂၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဘိန်း ၂.၆ တန်ကျော်၊ ဘိန်းဖြူ ၁.၉ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂ သန်းကျော်၊ အိုက်စ် ၂၃.၆ တန်ကျော်၊ ဆေးခြောက် ၇၀၉ ကီလိုကျော်၊

ဘိန်းစာမှုန့် ၁.၂ တန်ကျော်၊ ကက်တမင်း ၂ တန်ကျော်၊ ကဖင်း ၁၂ တန်ကျော် အပါအဝင် စုစုပေါင်း မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၉ မျိုး၊ ငွေကျပ် ၁၁၈၈.၈၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂.၆၀၈ သန်းကျော်)ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ တရားဝင်ကုန်သွယ်မှုများမှတစ်ဆင့် လမ်းလွှဲရောက်ရှိခြင်းကို ကာကွယ်ရန်အတွက်လည်းကောင်း ၂၀၂၂ ခုနှစ်အတွင်း ရောင်းတခင်/ ပုံမှန်စစ်ဆေးခြင်း ၇၄၉ ကြိမ်၊ အသိပညာပေးဟောပြောခြင်း ၅၁၅ ကြိမ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်ကျော် သယ်ဆောင်မှု ၃၈၁ ကြိမ် တို့အား ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ၂၀၂၂ ခုနှစ်အတွင်း မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေဖြင့် ပြည်တွင်းပြည်ပနိုင်ငံများ၌ ကျင်းပပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲ/ အလုပ်ရုံဆွေးနွေးပွဲ ၄ ကြိမ်၊ အစည်းအဝေး ၄ ကြိမ်၊ လေ့လာရေးခရီးစဉ် ၂ ကြိမ်၊ Online ဖြင့် ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲ/ အလုပ်ရုံဆွေးနွေးပွဲ ၄ ကြိမ်၊ အစည်းအဝေး ၁၅ ကြိမ်၊ အခမ်းအနား ၁ ကြိမ်နှင့် သင်တန်း ၁ ကြိမ် တို့ကို တက်ရောက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရမှ မြန်မာတစ်မျိုးသားလုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ရာတွင် တားဆီးနှိမ်နင်းရေး၊ ဖွံ့ဖြိုးရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတို့၌ ဟန်ချက်ညီညီ သဟဇာတဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည့်နည်းတူ မိဘပြည်သူများနှင့် လူငယ်လူရွယ်များအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ လူတိုင်းကိုယ်စီ အသိစိတ်ဓာတ်ရှိရှိဖြင့် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# အခန်း (၁)

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များ

## အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း(၃)၊ ပုဒ်မ ၄ နှင့် ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၂၁-၁-၂၀၂၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၂ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း(၄)၊ ပုဒ်မ ၇ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကို ၁၇-၄-၂၀၂၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် ခေတ်စနစ်နှင့် လျော်ညီစွာ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

## ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းကို မန္တလေးမြို့၌ ကျင်းပပြုလုပ်ခြင်း

၃။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ ဝ၈၀ဝ အချိန်တွင် (၃၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်ရှိ လေယာဉ်ကွင်းဟောင်း၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့ပါသည်။







၄။ အဆိုပါ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့်အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် တိုင်းဒေသကြီး အဆင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၆၀၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၊ အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၆၁၁.၅၇ ကီလိုကျော်၊ ဘိန်းဖြူ ၈၁၀ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇ သန်းကျော်၊ အိုက်စ် ၇၃၅၆ ကီလိုကျော်၊ ကက်တမင်း ၃၁၆ ကီလိုကျော်၊ ဆေးခြောက် ၁၁၆ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၆ မျိုးနှင့် ဓာတုပစ္စည်း ၉ မျိုးတို့၏

စုစုပေါင်းတန်ဖိုး မြန်မာငွေ ကျပ် ၃၁၆.၇၇ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၇၁.၂၃ သန်းကျော်) အား ဖျက်ဆီးနိုင်ခဲ့ပါသည်။

**ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းကို ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခြင်း**

၅။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ ၀၆၀၀ အချိန်တွင် (၃၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်အနောက်ပိုင်း ဒဂုံရောဘာ ကုန်တင်ယာဉ်ရပ်နားကွင်းတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့ပါသည်။















၆။ အဆိုပါ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် တိုင်းဒေသကြီး အဆင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၄၄၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများမှ ဖမ်းဆီးရမိသော ဘိန်း ၁.၅၀ ကီလို၊ ဘိန်းဖြူ ၁၆၂ ကီလိုကျော်၊ စိတ်ကြွရူးသွပ် ဆေးပြား ၆၅ သန်းကျော်၊ အိုက်စ် ၇၅၉၉ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၂၀၅ ကီလိုကျော်၊ ကက်တမင်း ၁၃၄၅ ကီလိုကျော်၊ ဆေးခြောက် ၄၆၃ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၇ မျိုးတို့၏ စုစုပေါင်းတန်ဖိုး မြန်မာငွေ ကျပ် ၃၅၆.၆၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၉၂.၈၀ သန်းကျော်)အား ဖျက်ဆီးနိုင်ခဲ့ပါသည်။

**ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ခြင်းကို တောင်ကြီးမြို့၌ ကျင်းပပြုလုပ်ခြင်း**







၇။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ ၀၈၀၀ အချိန်တွင် (၃၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ခြင်းကို တောင်ကြီးမြို့၊ အဝေးရာ မီးပုံးပျံကွင်းနှင့် တောင်ကြီးမြို့နယ်၊ နန်းဟူး ကျေးရွာအုပ်စု ပင်စုံကျေးရွာ၊ ဖြိုးကျောက်တောင်တို့တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့ပါသည်။








၈။ အဆိုပါ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးနှင့် ပြည်နယ်အဆင့် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ စုစုပေါင်းအင်အား ၅၅၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၂၀၄၁.၈၀ ကီလိုကျော်၊ ဘိန်းဖြူ ၉၆၇ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ သန်းကျော်၊ အိုက်စ် ၈၆၉၇ ကီလိုကျော်၊

ကာက်တမင်း ၃၆၂ ကီလိုကျော်၊ ဆေးခြောက် ၁၃၀ ကီလိုကျော်၊ ကဖင်း ၁၂ တန်ကျော် အပါအဝင် မူးယစ်ဆေးဝါး ၁၈ မျိုးနှင့် ဓာတုပစ္စည်း ၄၀ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေ ကျပ် ၅၁၅.၃၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၇၈.၅၇ သန်းကျော်) အား ဖျက်ဆီးနိုင်ခဲ့ပါသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၂) ကျင်းပခြင်း**




၉။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ ၁၄၀၀ အချိန်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၂)ကို ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မူးယစ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး/ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ






ကိုယ်စားလှယ် ၅၂ ဦးမှ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး ၅၆ ဦးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း စုစုပေါင်း ၁၀၈ ဦး တက်ရောက်ခဲ့ကြပါသည်။

# အခန်း (၂)

## ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး

## အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ **မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ ၅ နှစ်စီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ဒေသများ**

(က) ကချင်ပြည်နယ် (ဝိုင်းမော်၊ တနိုင်း၊ ဖားကန့်၊ ချီဖွေ၊ မိုးညှင်း၊ ပူတာအို) ၆ မြို့နယ်

( ခ ) ကယားပြည်နယ် ( ဒီမော့ဆို၊ ဖရူဆို၊ လွိုင်ကော်) ၃ မြို့နယ်

( ဂ ) ချင်းပြည်နယ် (တီးတိန်၊ တွန်းဇံ) ၂ မြို့နယ်

(ဃ) ရှမ်းပြည်နယ် ၄၀ မြို့နယ်

(ကလော၊ ဟိုပုံး၊ ဆီဆိုင်၊ ကျေးသီး၊ ကွန်ဟိန်း၊ လဲချား၊ လင်းခေး၊ (ပင်လုံခွဲ)၊ လွိုင်လင်၊ မိုင်းကိုင်၊ မိုင်းပန် ၊ မိုင်းရှူး၊ မောက်မယ်၊ မိုးနဲ၊ နမ့်စန်၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်လောင်း၊ တောင်ကြီး၊ ကွမ်းလုံ၊ ကွတ်ခိုင်၊ လားရှိုး၊ မိုင်းရယ်၊ မန်တုံ၊ မိုးမိတ်၊ မူဆယ်၊ နမ့်ခမ်း၊ နမ့်ဆန်၊ နမ္မတူ၊ တန့်ယန်း၊ သိန်းနီ၊ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဖြတ်၊ မိုင်းပျဉ်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းယောင်း၊ မက်မန်း၊ တာချီလိတ်)

( င ) စစ်ကိုင်းတိုင်းဒေသကြီး (နန်းယွန်း) ၁ မြို့နယ်

( စ ) မကွေးတိုင်းဒေသကြီး (ငဖဲ၊ မင်းလှ၊ မင်းတုန်း) ၃ မြို့နယ်

၂။ **ကချင်ပြည်နယ်**

**နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း**

| (က) လမ်းတံတားလုပ်ငန်း | ရေတွက်ပုံ | | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|---|
| (၁) မြေလမ်း | (၈/၁) | မိုင် | ၃၈၇.၃၉၄ |
| (၂) ကျောက်လမ်း | (၄/၇) | မိုင် | ၇၂၆.၀၃၅ |
| (၃) ကွန်ကရစ်လမ်း | (၁/၀) | မိုင် | ၆၉၉.၈၃၀ |
| (၄) လမ်းတာချဲ့ | (၂/၀) | မိုင် | ၅၆.၁၂၈ |
| (၅) ကွန်ကရစ်တံတား | (၁) | စင်း | ၂၃၆.၆၁၀ |
| (၆) Box Culvert | (၁၈) | စင်း | ၁၁၄.၃၇၈ |



ချီဖွေမြို့နယ်၊ ၄မိုင်တပ်စခန်း-ဂျိတ်လွယ်-နဘုတ်စုစည်းလမ်း ပေါ်တွင် ကျောက်စီရေမြောင်း ၃၀၀၀ ပေ တည်ဆောက်ခြင်း



ပူတာအိုမြို့နယ်၊ ပူတာအို- လယ်မယ်ဝါဂျီ-နမ်ရှယ်ကော့- မန်စေခွန်- မန်စေလမ်း ၀/၄မိုင် ကွန်ကရစ်ခင်းခြင်း

(ခ) ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်း

| | | | |
|---|---|---|---|
| (၁) | **လမ်းတံတားလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ကတ္တရာလမ်း | (၀/.၁)မိုင် | ၂၂.၁၈၈ |
| (၂) | **ရေရရှိရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ရေတားနံရံ | (၁) ခု | ၇.၀၀၀ |
| (၃) | အိမ်ယာဆောက်လုပ်ရေးလုပ်ငန်း | | |
| | - ခြံစည်းရိုးကာရံခြင်း | (၁) ခု | ၂၆.၃၇၈ |

(ဂ) ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်း

| | | | |
|---|---|---|---|
| (၁) | **လမ်းတံတားလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ကွန်ကရစ်လမ်း | (၁/၀) မိုင် | ၃၂၁.၃၉၆ |
| (၂) | **စွမ်းအင်လုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ဆိုလာမီးတပ်ဆင်ခြင်း | (၁၈) စုံ | ၄.၀၆၈ |
| (၃) | **တည်ဆောက်ရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ယဉ်ကျေးမှုပြတိုက်ပြုပြင်မွမ်းမံခြင်း | (၁) ခု | ၁၄.၀၅၀ |
| | **စုစုပေါင်း** | | **၂၆၁၅.၄၅၅** |



ပူတာအိုမြို့နယ်၊ လန်းတောင်ရွာနှင့် နောင်ခိုင်ရွာချင်းဆက် လမ်းပေါ်ရှိ(၁၃၀)ပေ ဘေလီတံတား (၁)စင်း တည်ဆောက်ခြင်း



ဝိုင်းမော်မြို့နယ်၊ ထွယ်ဆန်ယန်ရွာအဝင် ၁၀၀ ပေ တံတား တည်ဆောက်ခြင်း

၃။ **ကယားပြည်နယ်**

**နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း**

| | | | |
|---|---|---|---|
| - | **လမ်းတံတားလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (၁) | မြေလမ်း | (၃/၁) မိုင် | ၁၃၃.၂၈၆ |
| (၂) | ကျောက်လမ်း | (၇/၀) မိုင် | ၇၈၃.၇၇၈ |
| (၃) | ကတ္တရာလမ်း | (၄/၇) မိုင် | ၇၀၂.၉၃၀ |
| (၄) | ကတ္တရာထပ်ပိုးလွှာ | (၁/၃) မိုင် | ၁၄၄.၁၆၁ |
| (၅) | လမ်းပြုပြင်ထိန်းသိမ်းခြင်း | (၃/၁) မိုင် | ၁၆၈.၀၃၀ |
| (၆) | ကွန်ကရစ်တံတား | (၁) စင်း | ၄၉.၈၀၀ |
| (၇) | Box Culvert | (၃၄) စင်း | ၁၄၇.၈၈၀ |




ဖရူဆိုမြို့နယ်၊ သိုသီးဖိုကျေးရွာအုပ်စု၊ နန်းဖဲ- တော်ခူ- ကေကောလမ်း ကျောက်ခင်းခြင်း



လွိုင်ကော်မြို့နယ်၊ ပိန်းချစ်ကျေးရွာအုပ်စု၊ ၂၅ ပေ တံတား ၁ စင်း တည်ဆောက်ခြင်း

**ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်း**

| | | ရေတွက်ပုံ | | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|---|---|
| - | **အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း** | | | |
| (၁) | ရုံးဆိုင်းဘုတ် | (၂) | ခု | ၂.၅၀၀ |
| (၂) | အုတ်တံတိုင်းကာရံခြင်းနှင့်ဂိတ်တံခါး | (၃) | ခု | ၃၉.၉၆၆ |
| (၃) | သိုလှောင်ရုံ | (၁) | ရုံ | ၂၀.၁၆၀ |
| | **စုစုပေါင်း** | | | **၂၁၉၂.၄၉၁** |

၄။ **ချင်းပြည်နယ်**

**နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း**

| | | ရေတွက်ပုံ | | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|---|---|
| - | **လမ်းတံတားလုပ်ငန်း** | | | |
| (၁) | မြေလမ်း | (၂/၀) | မိုင် | ၈၁.၄၄၁ |
| (၂) | ကျောက်လမ်း | (၂/၀) | မိုင် | ၂၈၃.၉၆၉ |
| (၃) | လမ်းတာချဲ့ခြင်း | (၆/၀) | မိုင် | ၁၆၈.၈၄၁ |
| (၄) | Box Culvert | (၅) | စင်း | ၃၂.၁၂၄ |
| | **စုစုပေါင်း** | | | **၅၆၆.၃၇၅** |



တီးတိန်မြို့နယ်၊ ဒါလ်တားတံတားမှ ပတ်ဇန် - ဆွောင်းဖေ- ဟောလေး- ကြောင်ဇွေ့- ဖလမ်းနယ်စပ်အထိ (၂/၀)မိုင် မြေလမ်းသစ် ဖောက်လုပ်ခြင်း



တီးတိန်မြို့နယ်၊ ကပ်တဲလ်ကြိုးတံတားမှ လွန်းမွာ- ဟရန်အွန်းကြား မြေလမ်း (၁/၀) မိုင် ဖောက်လုပ်ခြင်း

## ၅။ ရှမ်းပြည်နယ်

### နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း

| (က) လမ်းတံတားလုပ်ငန်း | ရေတွက်ပုံ | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|
| (၁) မြေလမ်း | (၂၂/၁) မိုင် | ၉၅၅.၀၄၄ |
| (၂) အမာခံလမ်း | (၁၉/၂) မိုင် | ၆၁၃.၈၈၆ |
| (၃) ကျောက်လမ်း | (၃၄/၅) မိုင် | ၅၀၆၈.၄၅၃ |
| (၄) ကတ္တရာလမ်း | (၀/၀.၂၅)မိုင် | ၄၉.၂၉၉ |
| (၅) ကွန်ကရစ်လမ်း | (၁၄/၀) မိုင် | ၄၀၃.၄၂၁ |
| (၆) မြေလမ်းတာချဲ့ခြင်း | (၃၆/၆) မိုင် | ၈၆၈.၁၁၄ |
| (၇) မြေလမ်းတာချဲ့ဖြန့်ခင်းခြင်း | (၃/၀) မိုင် | ၁၅၉.၀၄၄ |
| (၈) ကျောက်လမ်းပြင်ထိန်း | (၅/၀) မိုင် | ၄၁၁.၂၅၀ |
| (၉) ကတ္တရာထပ်ပိုးလွှာ | (၈/၂) မိုင် | ၈၅၀.၉၃၅ |
| (၁၀) ရေကျော်တံတား | (၃) စင်း | ၆၇.၂၇၆ |
| (၁၁) ကွန်ကရစ်တံတား | (၁၃) စင်း | ၈၈၇.၅၃၅ |
| (၁၂) ဘေလီတံတား | (၂) စင်း | ၃၁၃.၁၁၁ |
| (၁၃) Box Culvert | (၂၃၁) စင်း | ၁၂၄၁.၇၆၃ |



ကျေးသီးမြို့နယ်၊ ဝမ်ဖွီး- ဖာလော့- ပန်စယ် ကျောက်ခင်းပြီး ကျန် ၄/၀ မိုင်မှ ၁/၀ မိုင်ကျောက်ခင်းခြင်း



နမ့်စန်မြို့နယ်၊ နောင်စန့်-နောင်ဘိုလမ်း ၇/၄မိုင်လမ်းပေါ်တွင် ၃၅ ပေ ကွန်ကရစ်တံတားတည်ဆောက်ခြင်း



လွိုင်လင်မြို့နယ်၊ ပွေဆန်းကျေးရွာတွင် ထရန်စဖော်မာ ၂ လုံး တပ်ဆင်ခြင်း



လဲချားမြို့နယ်၊ ကောင်းစံ ကျေးရွာနှင့်ဝမ်နောင် ကျေးရွာချင်းဆက် လမ်းပေါ်တွင် ၄၀ ပေ ကွန်ကရစ် တံတားတည်ဆောက်ခြင်း

| | | | |
|---|---|---|---|
| **( ခ )** | **ရေရရှိရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (၁) | ရေပိုက်သွယ်တန်းခြင်း | (၁) ခု | ၄၉၃.၉၃၂ |
| (၂) | အုတ်ရေကန် | (၁) လုံး | ၉.၀၆၈ |
| (၃) | အဝီစိတွင်း | (၁) တွင်း | ၂၁.၄၉၂ |
| (၄) | စိမ့်စမ်းရေသွယ်ယူခြင်း | (၂/၀) မိုင် | ၂၉.၉၆၁ |
| (၅) | ရေတားတမံ | (၁) ခု | ၆.၀၆၈ |
| **( ဂ )** | **စွမ်းအင်လုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (၁) | လျှပ်စစ်မီးသွယ်တန်းခြင်း | (၂) မိုင် | ၂၄၁.၆၄၆ |
| (၂) | ထရန်စဖော်မာ | (၂) လုံး | ၁၇၃.၁၀၉ |
| **(ဃ)** | **တည်ဆောက်ရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (၁) | RC ကျောင်းဆောင် | (၁) ဆောင် | ၁၂၈.၄၄၀ |
| (၂) | တန်ဖိုးနည်းအိမ်ရာ | (၃) လုံး | ၂၄.၈၆၇ |
| **( င )** | **သာသနာရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (၁) | ကျောင်းဆောင် | (၃) ဆောင် | ၃၁၅.၀၁၁ |
| (၂) | ပြင်ထိန်းလုပ်ငန်း | (၁) ခု | ၃၄.၇၂၀ |

**( စ ) ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်း**

| | | | |
|---|---|---|---|
| **(၁)** | **လမ်းတံတားလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ကွန်ကရစ်လမ်း | (၀/၀.၂)မိုင် | ၅.၁၀၄ |
| | - အုတ်စီရေမြောင်း | (၂) ခု | ၇.၇၆၁ |
| | - ကွန်ကရစ်ရေမြောင်း | (၁) ခု | ၉.၁၀၄ |
| | - Box Culvert | (၁) စင်း | ၁၃.၈၇၄ |
| **(၂)** | **စွမ်းအင်လုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - လျှပ်စစ်မီးသွယ်တန်းခြင်း | (၁) ခု | ၅.၉၅၀ |



သိန္နီမြို့နယ်၊ ဟိုနား- မန်ဆာလမ်း ၂/၀ မိုင် အပြီးသတ်ကျောက်ခင်းလမ်းပေါ်တွင်
၈၀ ပေ ချောင်းရေကျော် ၁ စင်း တည်ဆောက်ခြင်း



မိုးနဲမြို့နယ်၊ လီဆူးကျေးရွာဂါလံ ၁၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း



နမ့်ဆန်မြို့နယ်၊ ဘုရားကြီးကျေးရွာ ဘုန်းကြီးကျောင်း စေတီရင်ပြင်ဘေးတွင် မြေထိန်းနံရံ ၇၅ ပေ x ၂၀ ပေ တည်ဆောက်ခြင်း

| | | | |
|---|---|---|---|
| (၃) | **အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - အစည်းဝေးခန်းမ | (၁) ခု | ၇၂.၄၉၁ |
| | - ခြံစည်းရိုးကာရံခြင်း | (၆) ခု | ၈၆.၁၉၄ |
| | - Apron ဆောက်လုပ်ခြင်း | (၂) ခု | ၄.၃၃၀ |
| | - ပြင်ထိန်းလုပ်ငန်း | (၂) ခု | ၁၂.၈၅၆ |
| | - **ရေမီးရရှိရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ရေတိုင်ကီ၊ မီးစက်ရုံ) | (၁) ခု | ၇.၅၂၂ |
| **(ဆ)** | **ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်း** | | |
| (၁) | **လမ်းတံတားလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ကွန်ကရစ်လမ်း | (၁/၆) မိုင် | ၄၃၂.၇၇၈ |
| | - ကျောက်တောင်မိုင်းခွဲခြင်း | (၀/၁.၆)မိုင် | ၁၇.၀၇၃ |
| | - လမ်းတာချဲ့ခြင်း | (၁၀/၅) မိုင် | ၁၈၅.၀၇၆ |
| | - Box Culvert | (၅၆) စင်း | ၅၃၇.၄၁၁ |
| | - ကျောက်လမ်းပြင်/ထိန်း | (၄/၀) မိုင် | ၂၁၃.၅၁၀ |
| (၂) | **ရေရရှိရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ဆိုလာရေတင်စိုက်ပျိုးရေပေးဝေခြင်း | (၁၀) ဧက | ၁၀.၆၅၆ |
| (၃) | **တည်ဆောက်ရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ဆေးပေးခန်း | (၁) ခု | ၂၀၂.၀၃၄ |
| | - သွပ်ဆူးကြိုးဘရိတ်ခေါးတပ်ဆင်ခြင်း | (၁) ခု | ၁.၅၄၀ |
| | - ပြင်/ထိန်းလုပ်ငန်း | (၃) ခု | ၂၃၆.၇၃၉ |
| (၄) | **သာသနာရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - ကျောင်းဆောင် | (၁) ဆောင် | ၉၀.၀၀၀ |
| | - ဆိုလာ | (၁) စုံ | ၉.၇၁၈ |
| | **စုစုပေါင်း** | | **၁၅၂၉.၃၆၆** |

၆။ **စစ်ကိုင်းတိုင်းဒေသကြီး**
**နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း**

| | | | |
|---|---|---|---|
| (က) | **လမ်းတံတားလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (၁) | မြေလမ်း | (၁၀/၀) မိုင် | ၅၁၆.၈၁၆ |
| (၂) | လမ်းတာချဲ့ | (၁၉/၀) မိုင် | ၄၂၉.၆၄၃ |
| (၃) | ကျောက်တောင်မိုင်းခွဲခြင်း | (၁/၀) မိုင် | ၆.၉၆၀ |
| (၄) | လမ်းပြုပြင်ထိန်းသိမ်းခြင်း | (၃/၀) မိုင် | ၂၅၆.၂၇၉ |
| (၅) | ကြိုးတံတားပြင်ထိန်း | (၁/၀) မိုင် | ၁၁၂.၃၅၀ |
| (၆) | Box Culvert | (၅၈) စင်း | ၄၀၇.၉၂၀ |
| **(ခ)** | **ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်း** | | |
| - | **အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ခြံစည်းရိုးကာရံခြင်း) | (၁) ခု | ၁၁.၁၆၅ |
| **(ဂ)** | **ငြိမ်းချမ်းရေးအတွက်တည်ဆောက်မှုလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| - | လမ်းတံတားလုပ်ငန်း (လမ်းပြုပြင်ထိန်းသိမ်းခြင်း) | (၁) ခု | ၁၁.၂၀၀ |
| | **စုစုပေါင်း** | | **၁၇၅၂.၃၃၃** |



နန်းယွန်းမြို့နယ်၊ နန်းယွန်း-ပန်ဆောင်လမ်းတွင် ကျောက်လမ်းပြင်/ထိန်း ၃/၀ မိုင် ဆောင်ရွက်ခြင်း



နန်းယွန်းမြို့နယ်၊ နမ္မလစ်- နောင်ကုလု- နားလုံလမ်းပေါ်တွင် သံမဏိကြိုးတံတားအား ပြင်/ထိန်းလုပ်ငန်း ဆောင်ရွက်ခြင်း

၇။ **အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့မှ သီးခြားဆောင်ရွက်ခဲ့သည့် ပထမအကြိမ် ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ**

စီမံကိန်းကာလ - ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ခုနှစ်အထိ (၃) နှစ် (၆) လ

စီမံကိန်းမြို့နယ် - ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ နောင်တရားဒေသအတွင်းရှိ ပေါ့အင်ကျေးရွာအုပ်စု (၃၀) ရွာ၊ မွေးပြင်ကျေးရွာအုပ်စု (၁၅)ရွာ၊ ပင်ခင်ကျေးရွာအုပ်စု (၂၇) ရွာ၊ လွယ်မော ကျေးရွာအုပ်စု (၂၅) ရွာ စုစုပေါင်း (၉၇) ရွာ။

လုပ်ငန်းအမျိုးအစား - စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊
လမ်းတံတား၊ မီးရရှိရေး၊ အသေးစားချေးငွေ။
စီမံကိန်းရန်ပုံငွေ - ၆၉၉၂.၅၃၀ ကျပ်သန်း

၈။ **အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့ပါ ဦးစီးဌာနများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ**

(က) **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

| | | | |
|---|---|---|---|
| (၁) | **လမ်းတံတားလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (ကက) | မြေလမ်း | (၄၅/၃) မိုင် | ၂၀၇၃.၉၈၁ |
| (ခခ) | အမာခံလမ်း | (၁၉/၂) မိုင် | ၆၁၃.၈၈၆ |
| (ဂဂ) | ကျောက်လမ်း | (၄၈/၃) မိုင် | ၆၈၆၂.၂၃၄ |
| (ဃဃ) | ကတ္တရာလမ်း | (၃/၇) မိုင် | ၇၅၂.၂၃၂ |
| (ငင) | ကတ္တရာထပ်ပိုးလွှာ | (၉/၅) မိုင် | ၉၉၅.၀၉၇ |
| (စစ) | ကွန်ကရစ်လမ်း | (၁၅/၀) မိုင် | ၁၁၀၃.၂၅၁ |
| (ဆဆ) | လမ်းတာချဲ့ခြင်း | (၆၃/၆) မိုင် | ၁၅၂၂.၉၂၆ |
| (ဇဇ) | မြေလမ်းတာချဲ့ဖြန့်ခင်းခြင်း | (၃/၀) မိုင် | ၁၅၉.၀၄၄ |
| (ဈဈ) | ကျောက်တောင်မိုင်းခွဲခြင်း | (၁/၀) မိုင် | ၆.၉၆၀ |
| (ညည) | ကျောက်လမ်းပြင်ထိန်း | (၈/၀) မိုင် | ၆၆၇.၅၂၉ |
| (ဋဋ) | လမ်းပြုပြင်ထိန်းသိမ်းခြင်း | (၃/၁) မိုင် | ၁၆၈.၀၂၈ |
| (ဌဌ) | ကွန်ကရစ်တံတား | (၁၅) စင်း | ၁၁၇၃.၉၄၄ |
| (ဍဍ) | ရေကျော်တံတား | (၃) စင်း | ၆၇.၂၇၆ |
| (ဎဎ) | ဘေလီတံတား | (၂) စင်း | ၃၁၃.၁၁၁ |
| (ဏဏ) | Box Culvert | (၃၄၆) စင်း | ၁၉၄၄.၀၆၅ |
| (၂) | **ရေရရှိရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (ကက) | အဝီစိတွင်း | (၁) တွင်း | ၂၀.၄၉၂ |
| (ခခ) | စိမ့်စမ်းရေသွယ်ယူခြင်း | (၂) မိုင် | ၂၉.၉၆၁ |
| (ဂဂ) | ရေပိုက်သွယ်တန်းခြင်း | (၁) ခု | ၄၉၃.၉၃၂ |
| (ဃဃ) | အုတ်ရေကန် | (၁) လုံး | ၉.၀၆၈ |
| (ငင) | ရေတားတမံ | (၁) ခု | ၆.၀၆၈ |
| (၃) | **စွမ်းအင်လုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| - | လျှပ်စစ်မီးသွယ်တန်းခြင်း | (၄) ခု | ၄၁၄.၇၅၅ |
| (၄) | **တည်ဆောက်ရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| (ကက) | RC ကျောင်းဆောင် | (၁) ခု | ၁၂၈.၄၄၀ |
| (ခခ) | တန်ဖိုးနည်းအိမ်ရာ | (၃) လုံး | ၂၄.၈၆၇ |

| | | | | |
|---|---|---|---|---|
| (၅) | **သာသနာရေးလုပ်ငန်း** | **ရေတွက်ပုံ** | | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ကက) ကျောင်းဆောင် | (၃) | ခု | ၃၁၅.၀၁၁ |
| | ( ခ ခ ) ပြင်ထိန်းလုပ်ငန်း | (၂) | ခု | ၁၄၇.၀၇၀ |
| (၆) | **ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်း** | **ရေတွက်ပုံ** | | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ကက) ကတ္တရာလမ်း | (၀/၀.၁)မိုင် | | ၂၂.၁၈၈ |
| | ( ခ ခ ) ကွန်ကရစ်လမ်း | (၁/၀) | မိုင် | ၅.၁၀၄ |
| | ( ဂ ဂ ) ကွန်ကရစ်ရေမြောင်း | (၁) | ခု | ၉.၁၀၄ |
| | (ဃဃ) အုတ်စီရေမြောင်း | (၂) | ခု | ၇.၇၆၁ |
| | ( င င ) ရေတားနံရံ | (၁) | ခု | ၇.၀၀၀ |
| | ( စ စ ) Box Culvert | (၁) | စင်း | ၁၃.၈၇၄ |
| | (ဆဆ) ရေတိုင်ကီ၊ မီးစက်ရုံ | (၁) | ခု | ၇.၅၂၂ |
| | ( ဇ ဇ ) လျှပ်စစ်မီးသွယ်တန်းခြင်း | (၁) | ခု | ၅.၉၅၀ |
| | ( ဈဈ ) အစည်းအဝေးခန်းမ | (၁) | ခု | ၇၂.၄၉၁ |
| | (ညည) Apron ဆောက်လုပ်ခြင်း | (၂) | ခု | ၄.၃၃၀ |
| | ( ဋ ဋ ) ပြင်ထိန်းလုပ်ငန်း | (၂) | ခု | ၁၂.၈၅၆ |
| | ( ဌ ဌ ) ခြံစည်းရိုးကာရံခြင်း | (၈) | ခု | ၁၂၃.၇၃၇ |
| | ( ဍ ဍ ) ရုံးဆိုင်းဘုတ်အသစ် | (၂) | ခု | ၂.၅၀၀ |
| | ( ဎ ဎ ) အုတ်တံတိုင်းကာရံခြင်းနှင့်ဂိတ်တံခါး | (၃) | ခု | ၃၉.၉၆၆ |
| | (ဏဏ) သိုလှောင်ရုံ | (၁) | ရုံ | ၂၀.၁၆၀ |
| (၇) | **ငြိမ်းချမ်းရေးအတွက်တည်ဆောက်မှုလုပ်ငန်း** | **ရေတွက်ပုံ** | | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ကက) ကွန်ကရစ်လမ်း | (၂/၆) | မိုင် | ၇၅၄.၁၇၄ |
| | ( ခ ခ ) ကျောက်တောင်မိုင်းခွဲခြင်း | (၀/၁.၆)မိုင် | | ၁၇.၀၇၃ |
| | ( ဂ ဂ ) ကျောက်လမ်းပြင်ထိန်း | (၃/၀) | မိုင် | ၁၇၆.၇၉၆ |
| | (ဃဃ) လမ်းတာချဲ့ခြင်း | (၁၂/၅) | မိုင် | ၂၃၂.၉၉၀ |
| | ( င င ) Box Culvert | (၅၆) | စင်း | ၅၃၇.၄၁၁ |
| | ( စ စ ) သွပ်ဆူးကြိုး၊ ဘရိတ်ခါးတပ်ဆင်ခြင်း | (၁) | ခု | ၁.၅၄၀ |
| | (ဆဆ) ပြင်ထိန်းလုပ်ငန်း | (၃) | ခု | ၂၃၆.၇၃၉ |
| | ( ဇ ဇ ) ဆိုလာရေတင်စိုက်ပျိုးရေပေးဝေခြင်း | (၁၀) | ဧက | ၁၀.၆၅၆ |
| | ( ဈဈ ) ယဉ်ကျေးမှုပြတိုက်ပြုပြင်မွမ်းမံခြင်း | (၁) | ခု | ၁၄.၀၅၀ |
| | (ညည) ဆေးပေးခန်း | (၁) | ခု | ၂၀၂.၀၃၄ |
| | ( ဋ ဋ ) ဘုန်းကြီးကျောင်း | (၁)ကျောင်း | | ၉၀.၀၀၀ |
| | ( ဌ ဌ ) ဆိုလာ | (၁၉) | စုံ | ၁၃.၇၈၆ |
| | **စုစုပေါင်း** | | | **၂၂၆၅၆.၀၂၀** |



ညောင်ရွှေမြို့နယ်၊ လူကူးတံတား တည်ဆောက်ခြင်း



တန့်ယန်းမြို့နယ်၊ စိမ့်စမ်းသွယ်ယူခြင်း

(ခ) **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

| | | | |
|---|---|---|---|
| **(၁)** | **မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လည်ပတ်ဆောင်ရွက်မှု** | **ရေတွက်ပုံ (အိမ်ထောင်စု)** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ကက) စိုက်ပျိုးရေး | ၁၁၁၉၁၄ | ၆၁၈၇၄.၀၆၂ |
| | ( ခ ခ ) မွေးမြူရေး | ၂၆၆၀၃ | ၁၆၅၆၇.၈၄၃ |
| | ( ဂ ဂ ) ရေလုပ်ငန်း | ၆၆၈ | ၂၀၉.၅၉၀ |
| | (ဃဃ) မီးလင်းရေး | ၇ | ၇.၉၀၀ |
| | ( င င ) ကုန်ထုတ်လုပ်ငန်း | ၇၅၆ | ၄၃၉.၇၂ |
| | ( စ စ ) အရောင်းအဝယ် | ၁၀၅၆၆ | ၇၆၁၃.၄၇၁ |
| | (ဆဆ) အသက်မွေးဝမ်းကျောင်းလုပ်ငန်း | ၂၆၃၉ | ၁၄၅၇.၁၁၅ |
| | ( ဇ ဇ ) လမ်းလုပ်ငန်း | (၅/၀) မိုင် | ၃၇၈.၈၂၂ |
| | (ဈ ဈ) တံတားလုပ်ငန်း | (၁) စင်း | ၈.၉၈၈ |
| | (ညည) ရေပေးရေးလုပ်ငန်း | (၈) ခု | ၆၈.၀၇၀ |
| | ( ဋ ဋ ) မီးလင်းရေးလုပ်ငန်း | (၈) ခု | ၅၈.၆၈၃ |
| | ( ဌ ဌ ) ပညာရေးလုပ်ငန်း | (၄) ခု | ၂၆.၃၉၆ |
| | ( ဍ ဍ ) ခန်းမဆောင်လုပ်ငန်း | (၁၀) ခု | ၁၂၉.၇၁၆ |
| | ( ဎ ဎ ) အခြားလုပ်ငန်း | (၂၂) ခု | ၂၅၂.၄၂၆ |
| **(၂)** | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်း | (၁၂၉)ကြိမ် | ၃၀၃.၄၉၀ |



ညောင်ရွှေမြို့၊အခြေခံအပ်ချုပ်စက်သင်တန်း



မိုင်းခတ်မြို့နယ်၊ အုတ်ဘလောက်ရိုက်နည်းသင်တန်း



ကလောမြို့နယ်၊ပြည်ထောင်စုလမ်းမမှရွာတော်-မြတ်ဆက်တောင်-မြတ်ဆက်မြောက်-ဘော်နင်းရွာသစ် ကတ္တရာခင်းခြင်း

| | | | | |
|---|---|---|---|---|
| (၃) | **ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း** | | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ကက) | ကတ္တရာလမ်း | (၀/၅) မိုင် | ၈၀.၉၄၀ |
| | ( ခ ခ ) | မြေသားလမ်း | (၁၇/၆) မိုင် | ၂၁၃.၂၁၅ |
| | ( ဂ ဂ ) | သဲပြန့်လမ်း | (၂၄/၃) မိုင် | ၆၄၀.၂၂၀ |
| | (ဃဃ) | ကျောက်ရောမြေလမ်း | (၀/၈) မိုင် | ၂၁.၁၄၅ |
| | ( င င ) | ကျောက်ချောလမ်း | (၀/၄) မိုင် | ၆.၆၀၀ |
| | ( စ စ ) | ကွန်ကရစ်လမ်း | (၃၁/၄) မိုင် | ၃၂၂၃.၄၃၈ |
| | (ဆဆ) | ကွန်ကရစ်ဘီးလမ်း | (၂/၁) မိုင် | ၁၃၈.၆၉၀ |
| | ( ဇ ဇ ) | ကွန်ကရစ်တံတား | (၁၅) စင်း | ၁၉၈.၉၈၀ |
| | (ဈ ဈ) | သစ်သားတံတား | (၂) စင်း | ၂၁.၅၈၀ |
| | (ညည) | Box Culvert | (၄) စင်း | ၂၀.၀၀၀ |
| | ( ဋ ဋ) | ရေပြွန် | (၈) စင်း | ၁၈.၇၈၀ |
| | ( ဌ ဌ) | ရေပေးရေးလုပ်ငန်း | (၁၂၇) ရွာ | ၁၆၁၄.၂၆၁ |
| | ( ဍ ဍ) | မီးလင်းရေးလုပ်ငန်း | (၉) ရွာ | ၁၀၁.၁၁၃ |
| | ( ဎ ဎ) | ပညာရေးလုပ်ငန်း | (၁၇) ရွာ | ၂၂၀.၁၀၀ |
| | (ဏဏ) | ခန်းမ | (၁၁၇) ခု | ၁၆၇၃.၆၉၅ |
| | (တတ) | အခြားလုပ်ငန်း | (၉) ခု | ၄၆.၅၅၀ |
| (၄) | **ကုန်ထုတ်လမ်းတံတားလုပ်ငန်းများ** | | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ကက) | ကုန်ထုတ်လမ်း | (၁၁၃/၄)မိုင် | ၄၆၃၂.၁၅၇ |
| | ( ခ ခ ) | ကုန်ထုတ်တံတား | (၂၁၉) စင်း | ၁၅၈၃.၁၉၃ |
| (၅) | **ရေရရှိရေးလုပ်ငန်း** | | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | - | ကျေးလက်ရေရရှိရေးလုပ်ငန်း | (၁၀၅) ခု | ၄၀၃၇.၁၄၉ |

(၆) **စီမံကိန်းလုပ်ငန်း** — **ရေတွက်ပုံ** — **သုံးစွဲငွေ(ကျပ်သန်း)**

- လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း (၂၂) ခု ၃၄၈.၇၇၂

**စုစုပေါင်း** — **၁၀၈၂၃၆.၈၇၀**

(ဂ) **ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

(၁) **လမ်းတံတားလုပ်ငန်း** — **ရေတွက်ပုံ** — **သုံးစွဲငွေ(ကျပ်သန်း)**

(ကက) လမ်း ( ၂၂၉/၆)မိုင်

( ခ ခ ) တံတား ( ၄၉ )စင်း

( ဂ ဂ ) Culvert ( ၂၁၇ )စင်း

**စုစုပေါင်း** — **၃၇၃၅၃.၃၄**

(ဃ) **စိုက်ပျိုးရေးဦးစီးဌာန**

(၁) **စိုက်ပျိုးဝန်ထမ်းများခန့်ထားခြင်း** — **ရေတွက်ပုံ**

(ကက) ဦးစီးအရာရှိ (၅၇) ဦး

( ခ ခ ) ဒု-ဦးစီးမှူး (၇၇) ဦး

( ဂ ဂ ) လက်ထောက်ဦးစီးမှူး (၁၆၅) ဦး

(ဃဃ) ဒု-လက်ထောက်ဦးစီးမှူး (၂၃၅) ဦး

( င င ) အခြား (၁၀၄) ဦး

(၂) **ပညာပေးစခန်းများဖွင့်လှစ်ခြင်း**

- စိုက်ပျိုးပညာပေးစခန်းများဖွင့်လှစ်ခြင်း (၆၈) ခု

(၃) **နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း**

(ကက) စပါး (၉၇၀)တင်း

( ခ ခ ) ပဲမျိုးစုံ (၂၉၃)တင်း

( ဂ ဂ ) ဆီထွက်သီးနှံ (၉၀၇)တင်း

(ဃဃ) စပ်မျိုးစပါး (၇၂၃၂၇)ကီလို

( င င ) စပ်မျိုးပြောင်း (၉၈၃၆၁)ကီလို

( စ စ ) ပဲမျိုးစုံ (၄၀) ကီလို

(ဆဆ) ဆီထွက် (၂၆၂၃)ကီလို

(၄) **နှစ်ရှည်ပျိုးပင်များဖြန့်ဖြူးခြင်း**

(ကက) လက်ဖက် (၃၀၉၈၈)ပင်

( ခ ခ ) ကော်ဖီ (၂၄၉၄၂)ပင်

( ဂ ဂ ) ထောပတ် (၁၄၆၁၃)ပင်

(ဃဃ) သရက် (၁၆၂၈)ပင်

( င င ) အခြား (၁၄၄၈၀)ပင်

(၅) **ဓာတ်မြေသြဇာ/ပိုးသတ်ဆေးသုံးစွဲမှု**

(ကက) ယူရီးယား (၁၂၁၂၈)တန်

( ခ ခ ) တီစူပါ (၉၉၁)တန်

(ဂဂ) ပိုတက် (၃၃၄၇)တန်

(ဃဃ) ကွန်ပေါင်း (၁၃၅၄၂)တန်

(ငင) ပိုးသတ်ဆေးရည် (၂၅၀၂၇)လီတာ

(စစ) ပိုးသတ်ဆေးအမှုန့် (၁၄၄၄၇)ကီလိုဂရမ်

(၆) **သီးနှံစံပြကွက်/ စမ်းသပ်ကွက်များဆောင်ရွက်ခြင်း (နှစ်ခြင်းစံပြကွက်)**

(ကက) စပါး (၆၅၈)ဧက

(ခခ) အစေ့ထုတ်ပြောင်း (၅၂၇) ဧက

(ဂဂ) ဆီထွက်သီးနှံ (၄၅၇)ဧက

(ဃဃ) ပဲမျိုးစုံ (၇၇၉)ဧက

(၇) **ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း**

(ကက) သင်တန်းအကြိမ်ပေါင်း (၂၃၅)ကြိမ်

(ခခ) သင်တန်းသားဦးရေ (၇၀၅၆) ဦး

(၈) **သီးနှံများတိုးချဲ့စိုက်ပျိုးခြင်း(နှစ်ချင်း + နှစ်ရှည်)**

(ကက) စပါး (၁၁၀၇၈၀၆)ဧက

(ခခ) အစေ့ထုတ်ပြောင်း (၅၆၃၀၇၇)ဧက

(ဂဂ) ဖူးစားပြောင်း (၄၄၂၃၅)ဧက

(ဃဃ) နှံစားပြောင်း (၅၁၆)ဧက

(ငင) ဂျုံ (၇၃၀၃)ဧက

(စစ) ဆီထွက်သီးနှံ (၂၅၉၉၀၄)ဧက

(ဆဆ) ပဲမျိုးစုံ (၂၂၈၂၆၄)ဧက

(ဇဇ) ကြံ (၄၈၆၃၂)ဧက

(ဈဈ) စားဖိုဆောင် (၁၀၀၈၈၁)ဧက

(ညည) ဟင်းသီးဟင်းရွက် (၁၃၄၆၈၁)ဧက

(ဋဋ) အခြားစားသုံး (၁၂၈၈၄၉)ဧက

(ဌဌ) ကော်ဖီ (၁၄၉၁၈)ဧက

(ဍဍ) လက်ဖက် (၁၃၆၄၈၅)ဧက

(ဎဎ) လိမ္မော် (၁၂၁၉၉)ဧက

(ဏဏ) ရှောက်/သံပုရာ (၁၅၉၃)ဧက

(တတ) သစ်ကြား/သစ်အယ် (၂၁၃၃)ဧက

(ထထ) လိုက်ချီး (၅၁၀၂)ဧက

(ဒဒ) သရက် (၅၉၉၈)ဧက

(ဓဓ) ရာဘာ (၂၂၅၆၅၃)ဧက

(နန) အခြား (၆၂၈၀၄၃)ဧက

(၉) ရန်ပုံငွေသုံးစွဲမှု ၃၁၇၀.၀၀၀

| | | ရေတွက်ပုံ | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|---|
| **(င)** | **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန** | | |
| (၁) | ဒေသဝက် ဖြန့်ဖြူးခြင်း | (၁၅၀)ကောင် | ၁၅.၀၀၀ |
| (၂) | ဒေသကြက် ဖြန့်ဖြူးခြင်း | (၂၄၀၀)ကောင် | ၁၈.၀၀၀ |
| (၃) | မွေးမြူရေးအထောက်အကူပြု ပညာပေးဟောပြောပွဲကျင်းပခြင်း | (၉၈) ကြိမ် | ၂.၈၈၀ |
| (၄) | ပျားမွေးမြူရေးလုပ်ငန်းပညာပေး ဟောပြောပွဲကျင်းပခြင်း | (၄) ကြိမ် | ၁.၀၀၀ |
| (၅) | ပျားမွေးမြူရေးလုပ်ငန်းအထောက်အကူပြု သင်တန်းကျင်းပခြင်း | (၂၀) ရက် | ၂.၀၀၀ |
| | **စုစုပေါင်း** | | **၃၈.၈၈၀** |

| | | ရေတွက်ပုံ | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|---|
| **(စ)** | **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန** | | |
| (၁) | လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း | (၁၆) ကြိမ် | ၁၁.၃၄၅ |
| (၂) | အခြေခံမော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်း | (၂) ကြိမ် | ၄.၁၇၅ |
| (၃) | တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း | (၁၃) ကြိမ် | ၆.၈၀၆ |
| (၄) | ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်း | (၄) ကြိမ် | ၅.၃၁၃ |
| | **စုစုပေါင်း** | | **၂၇.၆၃၉** |

**(ဆ) အခြေခံပညာဦးစီးဌာန**

| | | ရေတွက်ပုံ | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|---|
| (၁) | ကျောင်းအဆင့်တိုးဖွင့်လှစ်မှု | | |
| | (ကက) အထက်တန်းအဆင့်စာသင်ကျောင်း | (၂၉)ကျောင်း | |
| | (ခခ) အလယ်တန်းအဆင့်စာသင်ကျောင်း | (၇၁)ကျောင်း | |
| | (ဂဂ) မူလတန်းအဆင့်စာသင်ကျောင်း | (၇၃)ကျောင်း | |
| (၂) | တိုင်းရင်းသားဘာသာစာပေသင်ကြားခြင်း | (၆၁) ဦး | |
| (၃) | Language Teacher (LT) | (၃) ဦး | |
| (၄) | ပညာသင်ထောက်ပံ့ကြေးဆက်လက် ခံစားမည့် ကျောင်းသားဦးရေနှင့်ထောက်ပံ့ငွေ | (၂၅၅၅၇)ဦး | ၁၉၆၃.၇၃၀ |
| (၅) | ပညာသင်ထောက်ပံ့ကြေးခွဲဝေပေးခြင်း | | |
| | (ကက) အထက်တန်းအဆင့် | (၉၇) ဦး | ၆.၃၁၀ |
| | (ခခ) အလယ်တန်းအဆင့် | (၄၂၄) ဦး | ၂၁.၂၀၀ |
| | (ဂဂ) မူလတန်းအဆင့် | (၁၂၄၇) ဦး | ၃၇.၆၁၀ |
| | စုစုပေါင်း | | ၂၀၂၈.၈၅၀ |

(ဇ) **မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့**
(မယ်ဖွားလုံဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ)

| (၁) **ရေဖွံ့ဖြိုးရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
|---|---|---|
| (ကက) ရေတားတမံ | (၁) ခု | |
| (ခခ) ရေစုကန် | (၂) ခု | |
| (ဂဂ) ရေလှောင်ကန် | (၇) ခု | |
| (ဃဃ) ရေပိုက်သွယ်တန်းခြင်း | (၂၄၆၃၂)မိုင် | ၉၇.၄၇၇ |
| (ငင) ရေရန်ပုံငွေပေးအပ်ခြင်း | | ၁.၈၀၀ |

| (၂) **တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
|---|---|---|
| (ကက) လက်ဖက်လှန်းရုံတည်ဆောက်ခြင်း | (၅၅) ခု | ၄၉.၀၈၃ |
| (ခခ) လက်ဖက်မီးဖိုဆောက်လုပ်နည်းနှင့် | (၅) ကြိမ် | ၄.၃၂၁ |
| (ဂဂ) လက်ဖက်လှော်နည်းသင်တန်းပေးခြင်း | | |
| (ဃဃ) လက်ဖက်အရည်သွေးစစ်ဆေးခြင်း | (၁) ကြိမ် | ၁.၁၄၀ |
| (ငင) ထင်းအစားထိုး ပင်စိမ်းဖြန့်ဝေခြင်းနှင့် စိုက်ပျိုးစရိတ်ပေးအပ်ခြင်း | (၁) ကြိမ် | ၃၀.၁၁၃ |

| (၃) **စိုက်ပျိုးရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
|---|---|---|
| (ကက) စီပီပီပြောင်းမျိုးစေ့နှင့် ဓာတ်မြေသြဇာများဖြန့်ဝေခြင်း | (၅၄၀၆) စုံ | |
| (ခခ) ပြောင်းခြွေစက်ဖြန့်ဝေခြင်း | (၂၇၁) ခု | |


ရေရရှိရေးလုပ်ငန်း


လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း


CPP ပြောင်းစိုက်ပျိုးရေး


အရိပ်ရခါတော်မီပင်စိုက်ပျိုးထားရှိမှု

| | | | | |
|---|---|---|---|---|
| | (ဂဂ) | ပြောင်းခြွေစက်(လက်လှည့်)နှင့် စံပြစိုက်ခင်း ပြောင်းရိတ်သိမ်းပွဲ အခမ်းအနားပြုလုပ်ခြင်း၊ | (၁) ကြိမ် | |
| | (ဃဃ) | မြေသြဇာထည့်နည်းနှင့် စံပြပြောင်း စိုက်ပျိုးနည်းသင်တန်း | (၂) ကြိမ် | |
| | (ငင) | တောင်သူများထံမှပြောင်းဆံများ ဝယ်ယူခြင်းနှင့်ကွင်းဆင်းစစ်ဆေးခြင်း | (၃၅) ရွာ | |
| | (စစ) | ပြောင်းရောင်းချချိန်ဟောပြောပွဲ ပြုလုပ်ပေးခြင်း | (၃၅) ကြိမ် | |
| | (ဆဆ) | ပျိုးခြံပြုလုပ်ခြင်းနှင့်ပျိုးပင်များ စိုက်ပျိုးခြင်း | (၁၃၉၄၇၀)ပင် | |
| | (ဇဇ) | Arabica ကော်ဖီပင်ဖြန့်ဝေခြင်း | (၁၀၁၆၆၂)ပင် | |
| | (ဈဈ) | အရိပ်ရခါတော်မီနှင့် ကြက်ဆူပင် ဖြန့်ဝေခြင်း | (၁၈၆၂၃၂)ပင် | |
| | (ညည) | မိုးရေလှောင်ကန်အတွက် မိုးကာနှင့်သွပ် ဖြန့်ဝေခြင်း | (၉၇)စုံ | |
| | (ဋဋ) | မြေသြဇာဖြန့်ဝေခြင်း | | ၁၇၉.၇၅၂ |
| | (ဌဌ) | ကော်ဖီစိုက်ခင်းများ ရေချိန်တိုင်းတာခြင်း၊ မြေပြုပြင်ခြင်း၊ မြေသြဇာထည့်ခြင်း၊ ပိုးသတ်ဆေး၊ အပင်သန်ဆေးဖြန်းခြင်းနှင့် အပင်ကြီးထွားနှုန်းစစ်ဆေးခြင်း | (၇၈)ဧက | |
| (၄) | | **မွေးမြူရေးလုပ်ငန်း** | **ရေတွက်ပုံ** | **သုံးစွဲငွေ(ကျပ်သန်း)** |
| | (ကက) | ဆေးကုသဝန်ဆောင်မှုပေးခြင်း | (၂၄၈၁)ကောင် | ၂၃.၄၇၃ |
| | (ခခ) | ကာကွယ်ဆေးထိုးနှံခြင်း | (၅၄၅၇)ကောင် | ၁.၇၈၀ |
| | (ဂဂ) | စေတနာ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သင်တန်းပေးခြင်း | (၂)ကြိမ်၁၀.၅၉၃ | |
| | (ဃဃ) | ကျွဲမွေးဖက်ပေးခြင်း | (၁၃၆)ကောင် | ၁၀၀.၁၅၀ |
| | (ငင) | နွားမွေးဖက်ပေးခြင်း | (၄၂)ကောင် | ၅၅.၇၆၂ |
| | (စစ) | အမှတ်အသားနားကပ်ဖြန့်ဝေခြင်း | (၂၀၀)ခု | |
| | (ဆဆ) | နေပီယာမြက်ဖြန့်ဝေခြင်း | (၄၇၁၅၀)ဆစ် | |
| | (ဇဇ) | မြေသြဇာဖြန့်ဝေခြင်း | (၆၀)ပိဿာ | |
| | (ဈဈ) | ဖြည့်စွက်အစာတုံးဖြန့်ဝေခြင်း | (၂၁၂) ခု | |
| (၅) | | **စစ်တမ်းများကောက်ယူခြင်း** | | |
| | (ကက) | ရေစနစ်စစ်တမ်းကောက်ယူခြင်း | (၁) ကြိမ် | ၀.၃၅၈ |
| | (ခခ) | လက်ဖက်စစ်တမ်းကောက်ယူခြင်း | (၁) ကြိမ် | |
| | (ဂဂ) | လူမှုစီးပွားနှိုင်းယှဉ်စစ်တမ်း ကောက်ယူခြင်း | (၁) ကြိမ် | ၃.၁၄၆ |
| | | **စုစုပေါင်း** | | ၆၄၄.၆၆၃ |

## သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ **မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဆောင်ရွက်သည့်လုပ်ငန်းများ**

| | | |
|---|---|---|
| (က) | ကချင်ပြည်နယ် (ဝိုင်းမော်၊ မိုးညှင်း၊ တနိုင်း၊ ဖားကန့်၊ ချီဖွေ၊ ပူတာအို) | ၆ မြို့နယ် |
| ( ခ ) | ကယားပြည်နယ် (လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆို) | ၃ မြို့နယ် |
| ( ဂ ) | ချင်းပြည်နယ် (တွန်းဇံ၊ တီးတိန်) | ၂ မြို့နယ် |
| (ဃ) | ရှမ်းပြည်နယ် (တောင်ပိုင်း)<br>(ကွန်ဟိန်း၊ မိုင်းပန်၊ လင်းခေး၊ ဆီဆိုင်၊ ဖယ်ခုံ၊ မိုင်းကိုင်၊ ဟိုပုံး၊ မိုးနဲ၊ ပင်လောင်း၊ ကျေးသီး၊ ညောင်ရွှေ၊ နမ့်စန်၊ မိုင်းရှူး၊ လဲချား၊ မောက်မယ်၊ ပင်လုံခွဲ၊ ကလော၊ တောင်ကြီး၊ လွိုင်လင်၊ နောင်တရား) | ၂၀ မြို့နယ် |
| ( င ) | ရှမ်းပြည်နယ် (မြောက်ပိုင်း)<br>(လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ မူဆယ်၊ ကွမ်းလုံ၊ နမ္မတူ၊ နမ့်ခမ်း၊ မန်တုံ၊ ကွတ်ခိုင်၊ နမ့်ဆန်၊ မိုးမိတ်) | ၁၂ မြို့နယ် |
| ( စ ) | ရှမ်းပြည်နယ် (အရှေ့ပိုင်း)<br>(ကျိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းပျဉ်း၊ မိုင်းခတ်၊ တာချီလိတ်၊ မက်မန်း) | ၉ မြို့နယ် |
| (ဆ) | စစ်ကိုင်းတိုင်းဒေသကြီး<br>နန်းယွန်း | ၁ မြို့နယ် |
| (ဇ) | မကွေးတိုင်းဒေသကြီး<br>ငဖဲ၊ မင်းတုန်း၊ မင်းလှ | ၃ မြို့နယ် |

၂။ **စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ချက်များ**

| | | | |
|---|---|---|---|
| (က) | **ဝန်ထမ်းများခန့်ထားခြင်း** | | |
| | (၁) | ဦးစီးအရာရှိ | ၅၇ ဦး |
| | (၂) | ဒု-ဦးစီးမှူး | ၇၇ ဦး |
| | (၃) | လက်ထောက်ဦးစီးမှူး | ၁၆၅ ဦး |
| | (၄) | ဒု-လက်ထောက်ဦးစီးမှူး | ၂၃၅ ဦး |
| | (၅) | အခြား | ၁၀၄ ဦး |
| ( ခ ) | **စိုက်ပျိုးပညာပေးစခန်းများ ဖွင့်လှစ်ခြင်း** | | ၆၈ ခု |
| ( ဂ ) | **နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း** | | |
| | (၁) | စပါး | ၉၇၀ တင်း |
| | (၂) | ပဲမျိုးစုံ | ၂၉၃ တင်း |

| | | |
|---|---|---|
| (၃) | ဆီထွက်သီးနှံ | ၉၀၇ တင်း |
| (၄) | စပ်မျိုးစပါး | ၇၂၃၂၇ ကီလို |
| (၅) | စပ်မျိုးပြောင်း | ၉၈၃၆၁ ကီလို |
| (၆) | ပဲမျိုးစုံ | ၄၀ ကီလို |
| (၇) | ဆီထွက်သီးနှံ | ၂၆၂၃ ကီလို |

**(ဃ) နှစ်ရှည်ပျိုးပင်များဖြန့်ဖြူးခြင်း**

| | | |
|---|---|---|
| (၁) | လက်ဖက် | ၃၀၉၈၈ ပင် |
| (၂) | ကော်ဖီ | ၂၄၉၄၂ ပင် |
| (၃) | ထောပတ် | ၁၄၆၁၃ ပင် |
| (၄) | သရက် | ၁၆၂၈ ပင် |
| (၅) | အခြား | ၁၄၄၈၀ ပင် |

**( င ) ဓာတ်မြေဩဇာ/ ပိုးသတ်ဆေးသုံးစွဲမှု**

| | | |
|---|---|---|
| (၁) | ယူရီးယား | ၁၂၁၂၈ တန် |
| (၂) | တီစူပါ | ၉၉၁ တန် |
| (၃) | ပိုတက် | ၃၃၄၇ တန် |
| (၄) | ကွန်ပေါင်း | ၁၃၅၄၂ တန် |
| (၅) | ပိုးသတ်ဆေးရည် | ၂၅၀၂၇ လီတာ |
| (၆) | ပိုးသတ်ဆေးအမှုန့် | ၁၄၄၄၇ ကီလို |

**( စ ) သီးနှံစံပြကွက်/ စမ်းသပ်ကွက်များဆောင်ရွက်ခြင်း (နှစ်ချင်းစံပြကွက်)**

| | | |
|---|---|---|
| (၁) | စပါး | ၆၅၈ ကေ |
| (၂) | အစေ့ထုတ်ပြောင်း | ၅၂၇ ကေ |
| (၃) | ဆီထွက်သီးနှံ | ၄၅၇ ကေ |
| (၄) | ပဲမျိုးစုံ | ၇၇၉ ကေ |



မိုင်းရယ်မြို့နယ်၊ အစေ့ထုတ်ပြောင်းစံပြကွက်



မိုးညှင်းမြို့နယ်၊ ပဲပုပ်စံပြစိုက်ခင်း



လွိုင်လင်မြို့နယ် နေကြာသီးနှံစံပြစိုက်ခင်း



မိုင်းခတ်မြို့နယ် ဆောင်းပဲပုပ်စံပြကွက်

**(ဆ) ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း**

| | |
|---|---|
| (၁) သင်တန်းအကြိမ်ပေါင်း | ၂၃၅ ကြိမ် |
| (၂) သင်တန်းသားဦးရေ | ၇၀၅၆ ဦး |

**(ဇ) သီးနှံများတိုးချဲ့စိုက်ပျိုးခြင်း (နှစ်ချင်း + နှစ်ရှည်)**

**(၁) နှစ်ချင်းသီးနှံ**

| | |
|---|---|
| (ကက) စပါး | ၁၁၀၇၈၀၆ ဧက |
| (ခခ) အစေ့ထုတ်ပြောင်း | ၅၆၃၀၇၇ ဧက |
| (ဂဂ) ဖူးစားပြောင်း | ၄၄၂၃၅ ဧက |
| (ဃဃ) နှံစားပြောင်း | ၅၁၆ ဧက |
| (ငင) ပန်းဂျုံ | ၀ ဧက |
| (စစ) ဂျုံ | ၇၃၀၃ ဧက |
| (ဆဆ) ဆီထွက်သီးနှံ | ၂၅၉၉၀၄ ဧက |
| (ဇဇ) ပဲမျိုးစုံ | ၂၂၈၂၆၄ ဧက |
| (ဈဈ) ကြံ | ၄၈၆၃၂ ဧက |
| (ညည) စားဖိုးဆောင် | ၁၀၀၈၈၁ ဧက |
| (ဋဋ) ဟင်းသီးဟင်းရွက် | ၁၃၄၆၈၁ ဧက |
| (ဌဌ) အခြားစားသုံး | ၁၂၈၈၄၉ ဧက |

**(၂) နှစ်ရှည်သီးပင်**

| | |
|---|---|
| (ကက) ကော်ဖီ | ၁၄၉၁၈ ဧက |
| (ခခ) လက်ဖက် | ၁၃၆၄၈၅ ဧက |
| (ဂဂ) လိမ္မော် | ၁၂၁၉၉ ဧက |
| (ဃဃ) ရှောက်/သံပုရာ | ၁၅၉၃ ဧက |
| (ငင) သစ်ကြား/ သစ်အယ် | ၂၁၃၃ ဧက |
| (စစ) လိုက်ချီး | ၅၁၀၂ ဧက |

(ဆဆ) သရက် ၅၉၉၈ ကေ

(ဇဇ) ရာဘာ ၂၂၅၆၅၃ ကေ

(ဈဈ) အခြား ၆၂၈၀၄၃ ကေ

(ဈ) **ရန်ပုံငွေသုံးစွဲမှု** ၃၁၇၀ ကျပ်သန်း

## ၃။ အခြားဆောင်ရွက်သည့်လုပ်ငန်းများ

- စက်မှုလယ်ယာဦးစီးဌာန

| စဉ် | လုပ်ငန်း | ရေတွက်ပုံ | ဆောင်ရွက်မှု |
|---|---|---|---|
| ၁။ | ထွန်စက်ကြီးနေရာချထားမှုနှင့် မြေပြုပြင်မှုအခြေအနေ | | |
| | - န.တ.လ စက် | စီးရေ | - |
| | - ဌာနစက် | ။ | ၆၂ |
| | - ထွန်ယက်ပြီးကေလွှာ | ကေ | ၄၈၀၈၉ |
| ၂။ | လယ်ယာသုံးစက်ကိရိယာများဖြန့်ဖြူးရောင်းချမှု | | |
| | - လက်တွန်းထွန်စက် | စီးရေ | ၁၀ |
| | - ထွန်စက်ကြီး | ။ | - |
| ၃။ | မြေယာဖော်ထုတ်မှု | | |
| | - စနစ်ကျလယ်ယာဖော်ထုတ်ပြီးစီးမှု | ကေ | - |
| | - ကုန်းမြင့်လယ်ယာဖော်ထုတ်ပြီးစီးမှု | ။ | ၁၂၅ |
| ၄။ | လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းသို့ တက်ရောက်သူဦးရေစာရင်း | ဦးရေ | ၁၂၀ |



လင်းခေးမြို့နယ် နှမ်းသီးနှံစံပြစိုက်ခင်း

## မွေးမြူရေးအဖွဲ့ ဆောင်ရွက်ချက်

### ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး စီမံကိန်းဒေသများတွင် မွေးမြူရေးအဖွဲ့အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်

၁။ မွေးမြူရေးအဖွဲ့အနေဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်ရေးဒေသများရှိ ဒေသခံပြည်သူများအား မွေးမြူရေးလုပ်ငန်းများဆောင်ရွက်စေခြင်းဖြင့် အစားထိုးဝင်ငွေရရှိရေး၊ ဒေသတွင်း စားသုံးမှုဖူလုံစေရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူစေခြင်း၊ စီးပွားဖြစ်မွေးမြူစေခြင်း၊ သိပ္ပံနည်းကျမွေးမြူရေးစနစ်များ ပို့ချစေခြင်းဖြင့် အောက်ဖော်ပြပါလုပ်ငန်းစဉ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည် -

(က) အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ဒေသကြက်၊ ဒေသဝက် ထောက်ပံ့ခြင်း၊

(ခ) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တိရစ္ဆာန်ကုသဆေးများ ထောက်ပံ့ခြင်း၊

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းအထောက်အကူပြု ပညာပေးဟောပြောပွဲ / သင်တန်းများ ကျင်းပခြင်း၊

(ဃ) ပျားမွေးမြူရေးအထောက်အကူပြု ပညာပေးဟောပြောပွဲနှင့် ပညာပေးသင်တန်းကျင်းပခြင်း၊

(င) ဒေသအလိုက် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ခြင်းနှင့် ရောဂါကုသပေးခြင်း၊

(စ) အခြားဆောင်ရွက်မှုများ။



ကချင်ပြည်နယ်၊ တနိုင်း၊ ပူတာအိုမြို့နယ်များတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဒေသဝက်နှင့် ဒေသကြက်များဖြန့်ဖြူးခြင်း



**အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ဒေသကြက်၊ ဒေသဝက် ထောက်ပံ့ခြင်း**

၂။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၈.၈၈ ခွဲဝေချထားပြီး မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းဒေသ မြို့နယ် ၅၅ မြို့နယ်သို့ ဒေသဝက် ၁၅၀ ကောင်၊ ဒေသကြက် ၂၄၀၀ ကောင် ဖြန့်ဖြူးပေးခဲ့ပါသည်။





ချင်းပြည်နယ်တွင် ဒေသဝက်နှင့် ဒေသကြက်များ ဖြန့်ဖြူးခြင်း





ရှမ်းပြည်နယ်တွင် ဒေသဝက်နှင့် ဒေသကြက်များ ဖြန့်ဖြူးခြင်း



မကွေးတိုင်းဒေသကြီးတွင် ဒေသကြက်များဖြန့်ဖြူးခြင်း



စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒေသကြက်များဖြန့်ဖြူးခြင်း

## အခြားဆောင်ရွက်မှုများ

၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးရေးနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မူးယစ်စီမံကိန်းဒေသများတွင် ပျားမွေးမြူမှုဖွံ့ဖြိုးစေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဝတ်မှုန်ကူးဝန်ဆောင်မှုလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ဆောင်ရွက်သည့်လုပ်ငန်း | အရေအတွက် | ဆောင်ရွက်သည့်ဒေသများ |
|---|---|---|---|
| ၁ | ဝတ်မှုန်ကူးဝန်ဆောင်မှုလုပ်ငန်း | ၉၄၃၁၃ ဧက | ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ် |
| ၂ | အသိပညာပေးခြင်း<br>(က) လက်ကမ်းစာစောင်ဖြန့်ဝေမှု<br>(မွေးမြူရေး) | ၃၇၀ စောင် | ရှမ်းပြည်နယ် |



ရှမ်းပြည်နယ်တွင် ဒေသခံများအား ပျားအုံထောက်ပံ့ခြင်း





ကချင်ပြည်နယ်တွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲပြုလုပ်ခြင်း



ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တိရစ္ဆာန်ကူးစက်ရောဂါ
ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲ ပြုလုပ်ခြင်း

**စီမံကိန်းဒေသများတွင် မွေးမြူရေးကဏ္ဍလုပ်ငန်းဆောင်ရွက်မှုများ**

| စဉ် | အကြောင်းအရာ | စုစုပေါင်း (ကျပ်သန်း) |
|---|---|---|
| ၁ | မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းဒေသရှိ မြို့နယ်(၁၅) မြို့နယ်တွင် ဒေသဝက် (၁၅၀) ကောင် ဖြန့်ဖြူးခြင်း<br>ဒေသဝက် - ၁၅၀ ကောင်x ၁၀၀၀၀၀ ကျပ်= ၁၅.၀၀ သန်း | ၁၅.၀၀ |
| ၂ | မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းဒေသရှိ မြို့နယ်(၂၄)မြို့နယ်တွင် ဒေသကြက် (၂၄၀၀)ကောင်ဖြန့်ဖြူးခြင်း၊<br>ဒေသကြက် - ၂၄၀၀ ကောင် x ၇၅၀၀ကျပ်= ၁၈.၀၀ သန်း | ၁၈.၀၀ |
| ၃ | မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းဒေသရှိ မြို့နယ် (၅၀) မြို့နယ်တွင် မွေးမြူရေးအထောက်အကူပြု ပညာပေးဟောပြောပွဲ ကျင်းပခြင်း | ၂.၈၈ |
| ၄ | ပျားမွေးမြူရေးလုပ်ငန်း ပညာပေးဟောပြောပွဲ ကျင်းပခြင်း | ၁.၀၀ |
| ၅ | ပျားမွေးမြူရေးလုပ်ငန်း အထောက်အကူပြုသင်တန်းကျင်းပခြင်း | ၂.၀၀ |
| | **စုစုပေါင်း** | **၃၈.၈၈** |

**တိရစ္ဆာန်ရောဂါ ကာကွယ်/ကုသပေးနိုင်မှုအခြေအနေ**

| စဉ် | ဒေသ/မြို့နယ် | ရောဂါကာကွယ်ပေးနိုင်မှု | | | ရောဂါကုသပေးနိုင်မှု | | |
|---|---|---|---|---|---|---|---|
| | | ကျွဲ၊ နွား | ဝက် | ကြက်/အခြား | ကျွဲ၊ နွား | ဝက် | ကြက်/အခြား |
| ၁ | ကချင်ပြည်နယ် (၆) မြို့နယ် | ၁၂၉၄၀ | ၂၂၀၇၀ | ၁၁၈၈၁၂၀ | ၁၄၆၂၈ | ၁၇၃၄၀ | ၇၂၃၀၀ |
| ၂ | ကယားပြည်နယ် (၃) မြို့နယ် | ၃၃၂၄၀ | ၄၇၀၀ | ၁၀၈၆၀၀ | ၈၅၆၈ | ၈၅၂၀ | ၅၆၄၀ |
| ၃ | ချင်းပြည်နယ် (၂) မြို့နယ် | ၈၇၀၀ | ၃၆၈၀ | ၃၀၆၀၀ | ၃၃၀၀ | ၃၃၈၄ | ၆၁၅၆ |
| ၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) (၁၉) မြို့နယ် | ၁၅၇၇၄၄ | ၃၈၅၆၅ | ၃၀၀၈၆၄ | ၂၀၈၉၂ | ၂၇၃၃၆ | ၇၃၅၄၈ |
| ၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) (၁၂) မြို့နယ် | ၄၁၂၀ | ၆၉၃၅ | ၄၄၅၂၀ | ၆၀၆၀ | ၁၀၀၃၂ | ၁၉၆၃၂ |
| ၆ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၉) မြို့နယ် | ၅၉၈၉၀ | ၄၂၅၂ | ၁၂၁၂၀၀ | ၉၄၉၂ | ၁၃၅၉၆ | ၁၅၇၂၀ |
| စုစုပေါင်း | | ၃၁၃၇၂၄ | ၈၀၂၀၂ | ၁၇၉၃၉၀၄ | ၆၂၉၄၀ | ၈၀၂၀၈ | ၁၉၂၉၉၆ |

# အခန်း (၃)

## မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး

# ဆေးကုသရေးအဖွဲ့ ဆောင်ရွက်ချက်

## နိဒါန်း

၁။ ဆေးကုသရေးအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒနှင့်အညီ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ထိခိုက်သော ကျန်းမာရေးဆိုင်ရာ စိတ်ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ၊ နောက်ဆက်တွဲဆိုးကျိုးများလျော့နည်းရန် ကာကွယ်ကုသရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် တိုးတက်ဖွံ့ဖြိုးမှုကိုနှောင့်နှေးစေသော အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး မူးယစ်ဆေးစွဲရောဂါကို ကာကွယ်ကုသခြင်းသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍက ပါဝင်ပါသည်။



မူးယစ်ဆေးစွဲရောဂါကုသရေး
ဗန်းမော် ပြည်သူ့ဆေးရုံကြီး

၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ကမ္ဘာနှင့်အဝှမ်းကြုံတွေ့နေရသော ပြဿနာ ဖြစ်သည့် အားလျော်စွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပန်းတိုင်အမှတ် (၃) ကို “သက်ရှည်မရွေး လူတိုင်းစေ့ ကျန်းမာရေးနှင့်သာယာဝပြောရေး” ဟု ချမှတ်ထားပြီး၊ အဆိုပါ ပန်းတိုင်အောက်တွင် အမှတ် (၃.၅) ၌ “မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အရက်ကို အန္တရာယ်ဖြစ်အောင် သောက်သုံးခြင်းအပါအဝင် မူးယစ်ဆေးဝါးများအလွဲသုံးမှုကိုကာကွယ်ခြင်းနှင့် ကုသခြင်းကို ပိုမိုအားကောင်းလာအောင် လုပ်ဆောင်ရန်” ဟု ချမှတ်ထားပါသည်။ သက်ဆိုင်ရာအညွှန်းကိန်း (၃.၅.၁)တွင် “မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်သော ဆိုးကျိုးများကို ကုသ

ပေးသော လုပ်ငန်းများ (ဆေးကုသမှု၊ စိတ်ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းများ) ၏ လွှမ်းခြုံမှု” ဟူ၍ သတ်မှတ်ထားပါသည်။

၃။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်းများကို သဘောတူလက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ၁၉၉၃ ခုနှစ် “မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ” ကို ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေကို ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်ထားသော “မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ” ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ တချိန်တည်းတွင် ၂၀၁၅ ခုနှစ်မှ စတင်၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးချဉ်းကပ်မှုများကို ပြောင်းလဲလာခဲ့ပြီး အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေး လမ်းပြမြေပုံကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ မူဝါဒအရ မူးယစ်ဆေးဝါးပြဿနာကို ကျန်းမာရေးအလေးပေး ချဉ်းကပ်လုပ်ဆောင်မှုဖြင့် လုပ်ကိုင်သွားမည်ဖြစ်သည့် အပြင် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ နောက်ဆက်တွဲပြဿနာများ လျှော့ချရေးကို ချဉ်းကပ်မှုတစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲထားပါသည်။ အဆိုပါ မူးယစ်ဆေးဝါးမူဝါဒတွင်ပါဝင်သည့် ဦးစားပေးနယ်မြေများမှာ-

(က) ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး

(ခ) သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေး

(ဂ) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး

(ဃ) သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး နှင့်

(င) လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရေး တို့ဖြစ်ပါသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည့် မူးယစ်ဆေးသုံးစွဲသူများ HIV ကာကွယ်ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး



ရန်ကုန်မြို့ စိတ်ကျန်းမာရေးဆေးရုံးကြီး၌ မူးယစ်ဆေးစွဲရောဂါကုသရေး WHO, National AIDS Program တို့နှင့် အစည်းအဝေးပြုလုပ်ခြင်း

၄။ မူးယစ်ဆေးဝါနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး ဆေးကုသရေးအဖွဲ့၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ဒုတိယညွှန်ကြားရေးမှူးချုပ် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃။ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဌာနမှူး | တားဆီးနှိမ်နင်းရေးဌာန၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆။ | ဌာနမှူး | စီမံကိန်းဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇။ | ပါမောက္ခ | စိတ်ကျန်းမာပညာဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈။ | တာဝန်ခံဆရာဝန်ကြီး | မူးယစ်ဆေးစွဲရောဂါကုသရေးနှင့်သုတေသနဌာန၊ စီမံချက်မန်နေဂျာ၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူးချုပ် | ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ၁၀။ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

## ဆေးကုသရေးအဖွဲ့၏ ရည်မှန်းချက်များ

၅။ မူးယစ်ဆေးစွဲရောဂါ ကုသရေးဝန်ဆောင်မှုများကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆေးကုသရေးအဖွဲ့၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကာယကံရှင်၏ဆန္ဒအလျောက်ဖြစ်ပြီး စုစည်းပေါင်းစပ်ထားသော ဘက်စုံလွှမ်းခြုံမှုရှိသည့် ဆေးကုသရေးလုပ်ငန်း အရည်အသွေး တိုးတက်ကောင်းမွန်စေရန်၊

( ခ ) နာတာရှည် ပြန်လည်ဖြစ်တတ်သော မူးယစ်ဆေးစွဲရောဂါအတွက် စဉ်ဆက်မပြတ် ကုသစောင့်ရှောက်မှု မြှင့်တင်ရန်၊

( ဂ ) ဘက်စုံလွှမ်းခြုံသော လူထုအခြေပြုမူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းများ အားပေးမြှင့်တင်ရန်နှင့် ပံ့ပိုးကူညီရန်၊

(ဃ) မူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းများ တိုးတက် ကောင်းမွန်လာစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အားကောင်းခိုင်မာရန်၊

( င ) မူးယစ်ဆေးစွဲရောဂါ ကုသရေးလုပ်ငန်းများ တိုးတက်လာစေရန် သုတေသန အထောက်အထား ခိုင်လုံသည့် နည်းလမ်းများနှင့် မဟာဗျူဟာ သတင်းအချက်အလက် အားကောင်းရန်နှင့် မျှဝေပေးရန်။












## အိပ်ချ်အိုင်ဗွီ ကာကွယ်ရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး

၆။ မူးယစ်ဆေးစွဲရောဂါကုသရေးဌာနများနှင့် မက်သာဒုံးဆေးခန်းများတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို အိပ်ချ်အိုင်ဗွီ ရှိမရှိစစ်ဆေးပေးခြင်း၊ အေအာတီဆေး ကုသပေးခြင်း၊ ကွန်ဒုံးဖြန့်ဝေပေးခြင်း၊ အသည်းရောင်ရောဂါ ဘီပိုး ရှိမရှိ စစ်ဆေးပေးခြင်းနှင့် ကူးစက်မှုမရှိသေးပါက ကာကွယ်ဆေးထိုးပေးခြင်း၊ အသည်းရောင်ရောဂါ စီပိုး ရှိမရှိ စစ်ဆေးပေးခြင်း၊ တီဘီရောဂါ စစ်ဆေးကုသပေးခြင်းနှင့် ကာလသားရောဂါများ စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ အန္တရာယ်လျှော့ချရေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသော AHRN, MANA, MDM, SARA နှင့် Metta တို့နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

| ဆောင်ရွက်ချက်များ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| အိပ်ချ်အိုင်ဗွီ ရှိမရှိ စစ်ဆေးပြီး ရလဒ်ကိုလည်းသိရှိသော မက်သာဒုံးလူနာ အရေအတွက် | ၂၁၉၉ | ၂၇ | ၂၂၂၆ |
| အိပ်ချ်အိုင်ဗွီ ရှိမရှိ စစ်ဆေးပြီး ရလဒ်ကိုလည်းသိရှိသော မက်သာဒုံးလူနာ၏ ခင်ပွန်း/ဇနီး အရေအတွက် | ၁ | ၁၂ | ၁၃ |
| အသည်းရောင်ရောဂါ ဘီ ကူးစက်ခံထားရခြင်း ရှိမရှိ စစ်ဆေးပေးသော မက်သာဒုံးလူနာ အရေအတွက် | ၁၈၆၂ | ၁၅ | ၁၈၇၇ |
| အသည်းရောင်ရောဂါ ဘီပိုး ကာကွယ်ဆေးကို သတ်မှတ်ချက်အတိုင်း ထိုးနှံသော မက်သာဒုံးလူနာ အရေအတွက် | ၅၄၇ | ၁ | ၅၄၈ |
| အသည်းရောင်ရောဂါ စီပိုး ကူးစက်ခံထားရခြင်း ရှိမရှိ စစ်ဆေးပေးသော မက်သာဒုံးလူနာ အရေအတွက် | ၁၉၄၃ | ၂၂ | ၁၉၆၅ |
| မူးယစ်ဆေးဝါးသုံးစွဲသူများအား ပေးဝေသော ပညာပေးလက်ကမ်းစာစောင်အရေအတွက် | | | ၇၀၀၀၀ |
| မူးယစ်ဆေးဝါးစွဲသူများအား ပေးဝေသော ကွန်ဒုံးအရေအတွက် | | | ၈၅၀၀၀ |
| အေအာတီ ကုသမှုခံယူရန် လွှဲပြောင်းပေးခဲ့သည့် မူးယစ်ဆေးထိုးသုံးစွဲသူပေါင်း | | | ၂၆၁ |
| တီဘီရောဂါ ကုသမှုခံယူရန် လွှဲပြောင်းပေးခဲ့သည့် မူးယစ်ဆေးထိုးသုံးစွဲသူပေါင်း | | | ၃၂ |
| ကာလသားရောဂါ ကုသမှုခံယူရန် လွှဲပြောင်းပေးခဲ့သည့် မူးယစ်ဆေးထိုးသုံးစွဲသူပေါင်း | | | ၆ |

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး

၇။ INCB ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ UNODC ၏ နှစ်စဉ် အစီရင်ခံစာများ၊ ASEAN ၏ နှစ်စဉ် အစီရင်ခံစာ ASEAN Drug Monitoring Network Annual Report များတွင် ဆေးကုသရေးဆိုင်ရာ အချက်အလက်များကို ပေးပို့အစီရင်ခံလျက်ရှိပါသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့်အတူ နိုင်ငံတကာ အစည်းအဝေးများ၊ ASEAN အစည်းအဝေးများ၊ CND, INCB, UNODC အစည်းအဝေးများတွင် မူးယစ်ဆေးစွဲ ရောဂါကုသရေး ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးပြီး ပူးပေါင်းပါဝင်ခဲ့ပါသည်။




43rd ASEAN SENIOR OFFICIALS MEETING ON DRUG MATTERS
(30th October, 2022 to 4th November, 2022)



12th ASEAN Drug Monitoring Network Meeting
(25th September, 2022)



မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၂)




6th DG Level Talks between NCB, India and CCDAC, Myanmar (26th May, 2022)

**နိဂုံး**

၈။ ဆေးကုသရေးအဖွဲ့၏ ရည်မှန်းချက်များ ပြည့်မီရန် မူးယစ်ဆေးစွဲရောဂါကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။ မူးယစ်ဆေးစွဲရောဂါကုသရေးအတွက် အထောက်အထား ခိုင်လုံသော ကာကွယ်ကုသရေး နည်းလမ်းများကို အသုံးပြုပြီး မူးယစ်ဆေးစွဲရောဂါကုသရေး လွှမ်းခြုံမှု တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားပါမည်။ မူးယစ်ဆေးစွဲရောဂါကုသရေး ဝန်ဆောင်မှုအရည်အသွေးကို နိုင်ငံတကာစံနှုန်းများနှင့်ညီ ကြိုးပမ်းဆောင်ရွက်သွားပါမည်။ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ထိခိုက်သော ကျန်းမာရေး ဆိုးကျိုးများကို လျော့နည်းရန် မူးယစ်ဆေးစွဲ ရောဂါကုသရေးကို တိုးတက်ကောင်းမွန်အောင် ဘက်ပေါင်းစုံ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



## အသက်အပိုင်းအခြားအလိုက် မူးယစ်ဆေးစွဲရောဂါ ကုသမှုခံယူသူများစာရင်း

| စဉ် | အသက်အပိုင်းအခြား (နှစ်) | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ၁၀-၁၄ | ၃ | ၀ | ၃ |
| ၂ | ၁၅-၁၉ | ၇၁ | ၂ | ၇၃ |
| ၃ | ၂၀-၂၄ | ၆၃၇ | ၆ | ၆၄၃ |
| ၄ | ၂၅-၂၉ | ၁၁၁၄ | ၁၄ | ၁၁၂၈ |
| ၅ | ၃၀-၃၉ | ၂၃၈၀ | ၄၅ | ၂၄၂၅ |
| ၆ | ၄၀-၄၉ | ၁၈၂၅ | ၄၀ | ၁၈၆၅ |
| ၇ | ၅၀-၅၉ | ၁၀၂၇ | ၁၈ | ၁၀၄၅ |
| ၈ | ၆၀ အထက် | ၂၆၇ | ၂၂ | ၂၈၉ |
| စုစုပေါင်း | | ၇၃၂၄ | ၁၄၇ | ၇၄၇၁ |

## မူးယစ်ဆေးစွဲရောဂါကုသရေး ဌာနကြီးများတွင် ဆေးကုသမှုခံယူသောလူနာများ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး | ပထမအကြိမ် | ဒုတိယအကြိမ်နှင့်အထက် |
|---|---|---|---|---|
| ၁ | ရန်ကုန် | ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီး၊ | ၃၁ | ၁၆ |
| ၂ | ရန်ကုန် | သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး | - | - |
| ၃ | မန္တလေး | မန္တလေးမူးယစ်ဆေးစွဲရောဂါကုဆေးရုံ | ၁၃၅ | ၁၅၆ |
| ၄ | စစ်ကိုင်း | မုံရွာ ပြည်သူ့ဆေးရုံကြီး | - | - |
| ၅ | စစ်ကိုင်း | ကလေး ပြည်သူ့ဆေးရုံကြီး | - | - |
| ၆ | တနင်္သာရီ | မြိတ် ပြည်သူ့ဆေးရုံကြီး | - | - |
| ၇ | ကချင် | မြစ်ကြီးနားမူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီး | ၆၅ | ၃၁ |
| ၈ | ကချင် | ဗန်းမော်ပြည်သူ့ဆေးရုံကြီး | - | - |
| ၉ | ရှမ်း(မြောက်) | လားရှိုး ပြည်သူ့ဆေးရုံကြီး | - | - |
| ၁၀ | ရှမ်း(မြောက်) | နမ့်ခမ်း အထွေထွေရောဂါကုဆေးရုံကြီး | ၁၁၃ | - |
| ၁၁ | ရှမ်း(ရှေ့) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | - | - |
| ၁၂ | မွန် | မော်လမြိုင် ပြည်သူ့ဆေးရုံကြီး | ၆ | ၁ |
| ၁၃ | ကရင် | ဘားအံ ပြည်သူ့ဆေးရုံကြီး | - | - |
| ၁၄ | ရခိုင် | ကျောက်ဖြူ ပြည်သူ့ဆေးရုံကြီး | ၃ | ၁ |
| စုစုပေါင်း | | | ၃၅၃ | ၂၀၅ |

## မက်သာဒုံးဆေးကုသနေသော လူနာအရေအတွက်

| စဉ် | မက်သာဒုန်းဆေးခန်း | လူနာအသစ် | | | လက်ရှိလူနာစုစုပေါင်း | | |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံကြီး | ၃၁၈ | ၁၁ | ၃၂၉ | ၆၈၃ | ၁၄ | ၆၉၇ |
| ၂ | သဃ်ၤန်းကျွန်းပြည်သူ့ဆေးရုံကြီး၊ ရန်ကုန် | - | - | - | ၂၈၉ | ၅ | ၂၉၄ |
| ၃ | မန္တလေး မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီး | ၁၄၀ | ၀ | ၁၄၀ | ၁၁၈၁ | ၁၀ | ၁၁၉၁ |
| ၄ | ကုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့ | - | - | - | - | - | - |
| ၅ | ကူးစက်ရောဂါကုဆေးရုံ၊ မန္တလေးမြို့ | - | - | - | ၂၉၆ | ၂ | ၂၉၈ |
| ၆ | ပုသိမ်ကြီးမြို့နယ်ဆေးရုံ၊ မန္တလေးမြို့ | - | - | - | - | - | - |
| ၇ | ပြင်ဦးလွင်ခရိုင်ဆေးရုံ | ၄၃ | - | ၄၃ | ၁၈၃ | ၁ | ၁၈၄ |
| ၈ | မိုးကုတ်မြို့နယ်ဆေးရုံ | - | - | - | ၃၆၇ | - | ၃၆၇ |
| ၉ | မုံရွာ အထွေထွေရောဂါကုဆေးရုံကြီး | ၆၄ | ၁ | ၆၅ | ၂၁၈ | ၂ | ၂၂၀ |
| ၁၀ | ကလေး အထွေထွေရောဂါကုဆေးရုံကြီး | - | - | - | ၅၅၁ | ၈ | ၅၅၉ |
| ၁၁ | ကသာခရိုင်ပြည်သူ့ဆေးရုံကြီး | ၅၀ | - | ၅၀ | ၁၇၈ | - | ၁၇၈ |
| ၁၂ | ခန္တီးခရိုင်ပြည်သူ့ဆေးရုံ | - | - | - | ၂၅၀ | ၁၃ | ၂၆၃ |
| ၁၃ | စစ်ကိုင်းအထွေထွေရောဂါကုဆေးရုံကြီး | - | - | - | ၁၇၇ | ၁ | ၁၇၈ |
| ၁၄ | တမူးခရိုင်ပြည်သူ့ဆေးရုံ | - | - | - | ၃၁၉ | ၅ | ၃၂၄ |
| ၁၅ | ပင်လယ်ဘူးမြို့နယ်ဆေးရုံ | - | - | - | - | - | - |
| ၁၆ | ဖေါင်းပြင်မြို့နယ်ဆေးရုံ | ၉၁ | ၁ | ၉၂ | ၄၆၀ | ၂ | ၄၆၂ |
| ၁၇ | ဗန်းမောက်မြို့နယ်ဆေးရုံ | ၄၀ | - | ၄၀ | ၄၃၆ | - | ၄၃၆ |
| ၁၈ | ရွှေဘိုအထွေထွေရောဂါကုဆေးရုံကြီး | ၇၀ | - | ၇၀ | ၁၁၁ | - | ၁၁၁ |
| ၁၉ | ဝန်းသိုမြို့နယ်ဆေးရုံ | - | - | - | ၂၀၀ | - | ၂၀၀ |
| ၂၀ | ကောလင်းမြို့နယ်ဆေးရုံ | ၂ | - | ၂ | ၃၂၉ | - | ၃၂၉ |
| ၂၁ | ဟုမ္မလင်း ပြည်သူ့ဆေးရုံ | ၅၇ | - | ၅၇ | ၄၀၄ | ၆ | ၄၁၀ |
| ၂၂ | အင်းတော်မြို့နယ်ဆေးရုံ | ၂၀၉ | ၂ | ၂၁၁ | ၈၁၄ | ၃ | ၈၁၇ |
| ၂၃ | ဂျိုးတောင်တိုက်နယ်ဆေးရုံ၊ ဝန်းသိုမြို့နယ် | - | - | - | - | - | - |
| ၂၄ | နန့်တောတိုက်နယ်ဆေးရုံ၊ ဟုမ္မလင်းမြို့နယ် | ၁၂၉ | ၅ | ၁၃၄ | ၃၁၄ | ၁၂ | ၃၂၆ |
| ၂၅ | မော်လူးတိုက်နယ်ဆေးရုံ၊ အင်းတော်မြို့နယ် | - | - | - | ၃၂၇ | - | ၃၂၇ |
| ၂၆ | ခမ်းပတ်တိုက်နယ်ဆေးရုံ၊ တမူးမြို့နယ် | ၁၂၄ | ၅ | ၁၂၉ | ၃၂၄ | ၁၄ | ၃၃၈ |
| ၂၇ | နမ့်ခမ်းတိုက်နယ်ဆေးရုံ၊ ဝန်းသိုမြို့နယ် | - | - | - | - | - | - |
| ၂၈ | မဲဇာတိုက်နယ်ဆေးရုံ၊ အင်းတော်မြို့နယ် | - | - | - | ၁၆၉ | ၁ | ၁၇၀ |
| ၂၉ | နောင်ပိုအောင်တိုက်နယ်ဆေးရုံ၊ ဟုမ္မလင်းမြို့နယ် | ၂၁၄ | - | ၂၁၄ | ၆၅၆ | ၅ | ၆၆၁ |
| ၃၀ | မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံ | ၁၇၀ | ၃ | ၁၇၃ | ၃၈၄ | ၆ | ၃၉၀ |
| ၃၁ | ရာဇဂြိုလ်တိုက်နယ်ဆေးရုံ၊ ကလေးမြို့နယ် | ၇၇ | - | ၇၇ | ၁၇၉ | ၅ | ၁၈၄ |
| ၃၂ | ကြောင်လည်တိုက်နယ်ဆေးရုံ၊ ဗန်းမောက်မြို့နယ် | ၁၂၅၁ | - | ၁၂၅၁ | - | - | - |
| ၃၃ | ထီးချိုင့်မြို့နယ်ဆေးရုံ | ၁၄၉ | ၂ | ၁၅၁ | ၂၁၁ | ၂ | ၂၁၃ |
| ၃၄ | မံစီကြီးတိုက်နယ်ဆေးရုံ၊ ဗန်းမောက်မြို့နယ် | - | - | - | - | - | - |
| ၃၅ | ကန့်ဘလူခရိုင်ပြည်သူ့ဆေးရုံ | ၃၃ | - | ၃၃ | ၆၇ | - | ၆၇ |
| ၃၆ | ကျွန်းလှမြို့နယ်ဆေးရုံ | ၁၉ | - | ၁၉ | ၉၄ | ၁ | ၉၅ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၇ | မိချောင်းအင်းတိုက်နယ်ဆေးရုံ၊ ပင်လယ်ဘူးမြို့နယ် | - | - | - | - | - | - |
| ၃၈ | မင်းသာတိုက်နယ်ဆေးရုံ၊ တမူးမြို့နယ် | - | - | - | - | - | - |
| ၃၉ | မြစ်ကြီးနား မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီး | ၄၇၇ | ၄ | ၄၈၁ | ၁၆၈၄ | ၂၂ | ၁၇၀၆ |
| ၄၀ | ဆဒုံးတိုက်နယ်ဆေးရုံ၊ ဝိုင်းမော်မြို့နယ် | ၄ | - | ၄ | ၅၉ | ၃ | ၆၂ |
| ၄၁ | တနိုင်းမြို့နယ်ဆေးရုံ | ၂၆၈ | ၁၃ | ၂၈၁ | ၅၇၀ | ၃၁ | ၆၀၁ |
| ၄၂ | တာမခံတိုက်နယ်ဆေးရုံ၊ ဖားကန့်မြို့နယ် | ၂၀၆ | ၄ | ၂၁၀ | ၃၂၃ | ၆ | ၃၂၉ |
| ၄၃ | တာလောကြီးတိုက်နယ်ဆေးရုံ၊ မြစ်ကြီးနားမြို့ | ၈၆ | - | ၈၆ | ၅၉၉ | ၂ | ၆၀၁ |
| ၄၄ | ပူတာအိုခရိုင် ပြည်သူ့ဆေးရုံ | ၂၁၀ | ၄ | ၂၁၄ | ၄၈၁ | ၁၂ | ၄၉၃ |
| ၄၅ | ဖားကန့်မြို့နယ်ဆေးရုံ | ၂၀၅ | ၁ | ၂၀၆ | ၆၀၇ | ၁၂ | ၆၁၉ |
| ၄၆ | ဗန်းမော် ခရိုင်ပြည်သူ့ဆေးရုံ | ၁၂၅ | - | ၁၂၅ | ၅၆၉ | ၇ | ၅၇၆ |
| ၄၇ | မိုးကောင်း မြို့နယ်ဆေးရုံ | ၁၁၁ | ၇ | ၁၁၈ | ၈၀၀ | ၁၉ | ၈၁၉ |
| ၄၈ | မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံ | ၁၇၂ | - | ၁၇၂ | ၅၅၈ | ၃ | ၅၆၁ |
| ၄၉ | ဟိုပင်တိုက်နယ်ဆေးရုံ၊ မိုးညှင်းခရိုင် | ၁၀၇ | - | ၁၀၇ | ၇၇၀ | ၇ | ၇၇၇ |
| ၅၀ | အောင်မြင်သာတိုက်နယ်ဆေးရုံ၊ မြစ်ကြီးနားမြို့ | - | - | - | - | - | - |
| ၅၁ | လုံးခင်းတိုက်နယ်ဆေးရုံ၊ ဖားကန့်မြို့နယ် | ၁၆၉ | ၁၀ | ၁၇၉ | ၇၇၂ | ၂၇ | ၇၉၉ |
| ၅၂ | ရွှေကူမြို့နယ်ဆေးရုံ | ၁၂၂ | ၃ | ၁၂၅ | ၅၃၀ | ၇ | ၅၃၇ |
| ၅၃ | ဆိပ်မူကျေးလက်ကျန်းမာရေးဌာန၊ ဖားကန့်မြို့နယ် | ၁၆၄ | ၅ | ၁၆၉ | ၇၁၆ | ၂၈ | ၇၄၄ |
| ၅၄ | မံစီမြို့နယ်ဆေးရုံ | ၁၃ | - | ၁၃ | ၉၈ | - | ၉၈ |
| ၅၅ | မိုးမောက်မြို့နယ်ဆေးရုံ | ၇၀ | - | ၇၀ | ၂၄၄ | ၃ | ၂၄၇ |
| ၅၆ | ဝိုင်းမော်မြို့နယ်ဆေးရုံ | ၁၄၀ | - | ၁၄၀ | ၁၂၁၇ | ၇ | ၁၂၂၄ |
| ၅၇ | ချီဖွေမြို့နယ်ဆေးရုံ | ၁၄ | - | ၁၄ | ၅၂ | ၁ | ၅၃ |
| ၅၈ | နန့်မွန်းတိုက်နယ်ဆေးရုံ၊ မိုးညှင်းခရိုင် | ၁၄၈ | ၆ | ၁၅၄ | ၇၀၇ | ၇ | ၇၁၄ |
| ၅၉ | နမ္မားတိုက်နယ်ဆေးရုံ၊ မိုးညှင်းခရိုင် | ၂၀ | - | ၂၀ | ၂၀၇ | ၁ | ၂၀၈ |
| ၆၀ | နမ္မတီးတိုက်နယ်ဆေးရုံ၊ မိုးကောင်းမြို့နယ် | ၁၀၅ | ၄ | ၁၀၉ | ၄၂၂ | ၅ | ၄၂၇ |
| ၆၁ | ဆားမှော် တိုက်နယ်ဆေးရုံ၊ မိုးကောင်းမြို့နယ် | - | - | - | - | - | - |
| ၆၂ | ဝေခါ တိုက်နယ်ဆေးရုံ၊ ဖားကန့်မြို့နယ် | ၇၄ | ၃ | ၇၇ | ၂၀၁ | ၅ | ၂၀၆ |
| ၆၃ | လွဲမွန် တိုက်နယ်ဆေးရုံ၊ မိုးညှင်းခရိုင် | - | - | - | - | - | - |
| ၆၄ | မံမလင်း တိုက်နယ်ဆေးရုံ၊ ဗန်းမော်မြို့နယ် | - | - | - | ၁၀ | - | ၁၀ |
| ၆၅ | လားရှိုးပြည်သူ့ဆေးရုံ | ၅၉ | - | ၅၉ | ၃၃၀ | ၂ | ၃၃၂ |
| ၆၆ | မူဆယ်ခရိုင်ပြည်သူ့ဆေးရုံ | ၉၂ | ၃ | ၉၅ | ၂၃၃ | ၅ | ၂၃၈ |
| ၆၇ | လောက်ကိုင်ခရိုင်ဆေးရုံ | ၆၀ | ၄ | ၆၄ | ၅၃ | - | ၅၃ |
| ၆၈ | သိန္နီမြို့နယ်ဆေးရုံ | ၁၁၆ | ၆ | ၁၂၂ | ၂၆၀ | ၈ | ၂၆၈ |
| ၆၉ | သီပေါမြို့နယ်ဆေးရုံ | ၄၉ | - | ၄၉ | ၁၁၄ | ၃ | ၁၁၇ |
| ၇၀ | မိုးမိတ်မြို့နယ်ဆေးရုံ | ၄ | - | ၄ | ၂၂၅ | ၃ | ၂၂၈ |
| ၇၁ | တန့်ယန်းမြို့နယ်ဆေးရုံ | ၅၉ | - | ၅၉ | ၁၈၇ | ၅ | ၁၉၂ |
| ၇၂ | ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံ | ၁၈၆ | ၁၂ | ၁၉၈ | ၃၁၂ | ၁၁ | ၃၂၃ |
| ၇၃ | ကွတ်ခိုင်မြို့နယ်ဆေးရုံ | ၈၂ | ၁၁ | ၉၃ | ၁၄၈ | ၉ | ၁၅၇ |
| ၇၄ | တာမိုးညဲတိုက်နယ်ဆေးရုံ၊ ကွတ်ခိုင်မြို့နယ် | ၂၂ | - | ၂၂ | ၉၄ | ၄ | ၉၈ |
| ၇၅ | နမ္မတူမြို့နယ်ဆေးရုံ | ၅၇ | - | ၅၇ | ၉၂ | - | ၉၂ |
| ၇၆ | နမ့်ခမ်းမြို့နယ်ဆေးရုံ | ၃၄၁ | ၃ | ၃၄၄ | ၆၁၁ | ၇ | ၆၁၈ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇၇ | နမ့်ဆန်မြို့နယ်ဆေးရုံ | - | - | - | ၅ | - | ၅ |
| ၇၈ | နမ့်ပေါင်တိုက်နယ်ဆေးရုံ၊ လားရှိုးမြို့ | - | - | - | ၄၂ | ၃ | ၄၅ |
| ၇၉ | နမ့်ဖတ်ကာတိုက်နယ်ဆေးရုံ၊ ကွတ်ခိုင်မြို့နယ် | ၄၇ | ၅ | ၅၂ | ၇၃ | ၄ | ၇၇ |
| ၈၀ | နမ့်လန်တိုက်နယ်ဆေးရုံ၊ သီပေါမြို့နယ် | ၇ | - | ၇ | ၃၇ | - | ၃၇ |
| ၈၁ | နောင်ချိုမြို့နယ်ဆေးရုံ | ၅၃ | - | ၅၃ | ၁၂၅ | - | ၁၂၅ |
| ၈၂ | နောင်မွန်တိုက်နယ်ဆေးရုံ၊ လားရှိုးမြို့ | ၃၅ | - | ၃၅ | ၁၀၁ | - | ၁၀၁ |
| ၈၃ | တာချီလိတ်ခရိုင်ဆေးရုံ | ၁၀၁ | ၁၀ | ၁၁၁ | ၁၇၃ | ၁၀ | ၁၈၃ |
| ၈၄ | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ၁၀၆ | ၁ | ၁၀၇ | ၁၂၃ | ၃ | ၁၂၆ |
| ၈၅ | စပ်စံထွန်းပြည်သူ့ဆေးရုံကြီး၊တောင်ကြီးမြို့ | - | - | - | - | - | - |
| ၈၆ | ပျဉ်းမနားပြည်သူ့ဆေးရုံကြီး၊ | ၃၂ | - | ၃၂ | ၈၁ | - | ၈၁ |
| | စုစုပေါင်း | ၇၇၆၈ | ၁၄၉ | ၇၉၁၇ | ၂၅၇၈၆ | ၄၁၀ | ၂၆၁၉၆ |

## နိုင်ငံတကာ အစည်းအဝေးများ တက်ရောက်ခြင်း

| စဉ် | ရက်စွဲ | အစည်းအဝေး | မှတ်ချက် |
|---|---|---|---|
| ၁။ | ၂၀-၄-၂၀၂၂ မှ ၂၁-၄-၂၀၂၂ | 12th ASEAN Drug Monitoring Network Meeting | online |
| ၂။ | ၂၉-၄-၂၀၂၂ | Third DAINAP Focal Points Meeting | online |
| ၃။ | ၂၆-၅-၂၀၂၂ | 6th DG Level Talks between NCB, India and CCDAC, Myanmar | online |
| ၄။ | ၂၄-၈-၂၀၂၂ မှ ၂၅-၈-၂၀၂၂ | 13th ASEAN Drug Monitoring Network Meeting | online |
| ၅။ | ၁၅-၉-၂၀၂၂ | 5th Myanmar-Bangladesh Bilateral Virtual Meeting | online |
| ၆။ | ၃၀-၁၀-၂၀၂၂ မှ ၄-၁၁-၂၀၂၂ | 43RD ASEAN SENIOR OFFICIALS MEETING ON DRUG MATTERS (43rd ASOD), KUALA LUMPUR | In person |

# ပြန်လည်ထူထောင်ရေးအဖွဲ့ ဆောင်ရွက်ချက်

## ပြန်လည်ထူထောင်ရေးအဖွဲ့

၁။ ပြန်လည်ထူထောင်ရေးအဖွဲ့ကို ၁၉၈၀ ခုနှစ်မှ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၁၉-၉-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၁၆ အရ ဥက္ကဋ္ဌမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ စီမံ/အုပ်ချုပ်မှုဌာနမှ ဌာနမှူးတို့ဖြစ်ပါသည်။ အတွင်းရေးမှူးမှာ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။




## ရည်ရွယ်ချက်

၂။ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးစခန်းများကို အောက်ပါရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားရှိပါသည်-

(က) ဆေးကုသခံယူပြီးသူများအား မူးယစ်ဆေးဝါးသုံးစွဲမှုကင်းရှင်းပြီး လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေထိုင် ဝင်ဆံ့လာစေရန်အတွက် လူမှုရေးကိုပြန်လည်ထူထောင်ပေးရန်၊

(ခ) ဆေးကုသခံယူပြီးသူများအား တစ်ဦးချင်းစီ ကိုယ်ရည်ကိုယ်သွေးနှင့် ဝါသနာထုံမှု အပေါ်မူတည်၍ ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်ပေးရန်၊ သင်ကြားရင်းကုန်ထုတ်၊ ကုန်ထုတ်ရင်းသင်ကြားဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်ငန်း များ လုပ်ကိုင်နိုင်သည်အထိ လေ့ကျင့်ဆောင်ရွက်ပေးရန်၊ လေ့ကျင့်သင်ကြားပေးသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် မိမိဘဝမိမိ ရပ်တည်နိုင်စေရန်။

## လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ

၃။ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြန်လည်ထူထောင်ရေး ဦးစီးဌာနသည် အောက်ဖော်ပြပါလုပ်ငန်း(၃)ရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) စခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း ၊

(ခ) စခန်းနှင့်ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း၊

(ဂ) ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း။



မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည် ထူထောင်ရေးစခန်း (ဝက်ထီးကန်) တွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းမှ သင်တန်းသားများ စာသင်ကြားနေစဉ်



မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည် ထူထောင်ရေးစခန်း (ဝက်ထီးကန်) တွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းမှ သင်တန်းသားများ သက်မွေးပညာသင်ကြားနေစဉ်

**စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း**

၄။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ စုစုပေါင်း ပြန်လည်ထူထောင်ရေးစခန်း (၁၄) ခုအား အောက်ပါအတိုင်း တည်ထောင်ဖွင့်လှစ်ထားပါသည်-

(က) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)

(ခ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)

(ဂ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြစ်ကြီးနား)

(ဃ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(လားရှိုး)

(င) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)

(စ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(တာချီလိတ်)

(ဆ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(နမ့်လတ်)

(ဇ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြဝတီ)

(ဈ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကော့သောင်း)

(ည) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)

(ဋ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဖယ်ခုံ)

(ဌ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဘားအံ)

(ဍ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကလိန်အောင်)

(ဎ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)



မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(လားရှိုး)တွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းမှ သင်တန်းသူများ သက်မွေးပညာသင်ကြားနေစဉ်



မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(လားရှိုး) တွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲ ပြုလုပ်စဉ်






မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) ၏ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း





မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (လားရှိုး) မှ သင်တန်းသူများ

၅။ ပြန်လည်ထူထောင်ရေးစခန်းအသီးသီးတွင် အောက်ပါအတိုင်း ပြန်လည်ထူထောင်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည် -

(က) သင်တန်းသားများ၏ ကိုယ်ရေးရာဇဝင်အချက်အလက်များ စုံစမ်းမေးမြန်း မှတ်တမ်းတင်ခြင်း၊

( ခ ) သုံးစွဲသောဆေးအမျိုးအစားအလိုက် သင်တန်းသားများအား အကဲဖြတ်ခြင်း၊

( ဂ ) ပြန်လည်ထူထောင်ရေးနည်းစနစ်များဖြင့် ဆောင်ရွက်ခြင်း

(၁) စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း

(ကက) တစ်ဦးချင်း၊ အုပ်စုလိုက်၊ မိသားစုဝင်များနှင့်နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊

( ခ ခ ) စိတ်တည်ငြိမ်အေးချမ်းမှု ကျင့်စဉ်လေ့ကျင့်ပေးခြင်း၊

( ဂ ဂ ) သုံးစွဲသောဆေးအမျိုးအစားအလိုက် ကြိုတင်ကာကွယ် အသိပညာပေး ဆွေးနွေးပေးခြင်း၊

(ဃဃ) အလုပ်ပေးကုထုံး ဘာသာရေးကုထုံးပြုလုပ်ပေးခြင်း၊

( င င ) စိတ်အပန်းဖြေ ဖျော်ဖြေမှုများပြုလုပ်ပေးခြင်း၊

(၂) ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း

(ကက) အားကစားမျိုးစုံ လှုပ်ရှားမှုဆောင်ရွက်ပေးခြင်း၊

( ခ ခ ) ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်မှုဆောင်ရွက်ပေးခြင်း၊

( ဂ ဂ ) ကျန်းမာရေး စောင့်ရှောက်မှုပြုလုပ်ပေးခြင်း၊

(၃) အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊

(၄) လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်း၊

(၅) နောက်ဆက်တွဲစောင့်ရှောက်မှုပေးခြင်း။

**စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်မှု**

၆။ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းကို ဝက်ထီးကန်ပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား ၂၀ ဦး၊ လားရှိုးပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား/သင်တန်းသူ ၄၀ ဦး၊ နမ့်လတ်ပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား ၂၀ ဦး၊ စုစုပေါင်း စခန်းအခြေပြုသင်တန်းသား ၈၀ ဦးကို ပြန်လည်ထူထောင်မှုပေးနိုင်ခဲ့ပါသည်။

၇။ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းကို ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ လဝမ်ကထောင်ကျေးရွာ၊ ဂါလိလဲအိုင် လူငယ်ပြုစုပျိုးထောင်ရေး လူမှုအသင်းသင်တန်းကျောင်းတွင် ရပ်ရွာအခြေပြုသင်တန်းသား ၃၀ ဦးကို ပြန်လည်ထူထောင်မှုပေးနိုင်ခဲ့ပါသည်။

၈။ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းကို ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား ၂၀ ဦး၊ မြဝတီပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား ၂၀ ဦး၊ မန္တလေးပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား ၂၀ ဦးနှင့် ဝက်ထီးကန်ပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား ၂၀ ဦး စုစုပေါင်းသင်တန်းသား ၈၀ ဦးအား ပြန်လည်ထူထောင်မှုပေးနိုင်ခဲ့ပါသည်။

**အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးခြင်း**

၉။ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း၊ စခန်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများတွင် ဆပ်ပြာဆီထုတ်လုပ်ငန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဘိလပ်မြေအုတ်လုပ်သင်တန်း၊ ဆံသသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ကားပြင်သင်တန်း၊ စိုက်ပျိုးရေးသင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။

## အသိပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း

၁၀။ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်း ၇၀ ကျောင်းတွင် "မူးယစ်အန္တရာယ် လူ့ရန်စွယ်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲများကို ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၂၂၂ ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။





## ပြည်တွင်း၊ ပြည်ပအစည်းအဝေးအလုပ်ရုံဆွေးနွေးပွဲနှင့် အခမ်းအနားများတက်ရောက်ခြင်း

၁၁။ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ နောက်ဆက်တွဲစောင့်ရှောက်မှု လုပ်ငန်းများအား ကူညီဆောင်ရွက်ပေးနေသည့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများနှင့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို Online (Zoom Application) ဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ၃၀-၃-၂၀၂၂ ရက်နေ့တွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

၁၂။ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများအတွက် စံလုပ်ငန်းလမ်းညွှန်စာအုပ် (မူကြမ်း)ရေးဆွဲနိုင်ရေးဌာနဆိုင်ရာကိုယ်စားလှယ် ၂၃ဦးပါဝင်သည့် နည်းပညာအဖွဲ့ဖြင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၇-၅-၂၀၂၂ ရက်နေ့နှင့် ၃-၈-၂၀၂၂)ရက်နေ့တို့တွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပါသည်။ အဆိုပါ လုပ်ငန်းလမ်းညွှန်စာအုပ်အား အတည်ပြုချက်ရရှိရေးအတွက် ၂၀-၉-၂၀၂၂ ရက်နေ့၌ ပြည်ထောင်စုဝန်ကြီးထံ အတည်ပြုချက်ရရှိရေး ရှင်းလင်းတင်ပြခဲ့ပြီး ၂၃-၁၀-၂၀၂၂ ရက်နေ့တွင် ဖြန့်ဝေခွင့်ရရှိသည့်အတွက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများသို့ ၂-၁၁-၂၀၂၂ ရက်နေ့တွင် ဖြန့်ဝေပြီးဖြစ်ပါသည်။

၁၃။ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြစ်ကြီးနား)မှ သင်တန်းသားများ ရေးစပ် ထားသော "အမွေခံဆိုးရဲ့နောင်တ"သီချင်းအား မှတ်တမ်းတင် Video ရိုက်ကူးရေးအတွက် ၂၇-၅-၂၀၂၂ ရက်နေ့မှ ၂၉-၅-၂၀၂၂ ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီး၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်

ရေးစခန်း(ဝက်ထီးကန်)၌ ဆောင်ရွက်ခဲ့ပါသည်။ မူးယစ်အန္တရာယ်အသိပညာပေး "အမွေခံဆိုးရဲ့နောင်တ" သီချင်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တို့ပူးပေါင်း၍ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အခါအားလျော်စွာ ထုတ်လွှင့်ပြသလျှက်ရှိပါသည်။

၁၄။ ပြန်လည်ထူထောင်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ၂၉-၈-၂၀၂၂ ရက်နေ့မှ ၂-၉-၂၀၂၂ ရက်နေ့အထိ သင်တန်းသား ၅၇ ဦးအား သင်တန်းပေးနိုင်ခဲ့ပါသည်။

၁၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) ကို ၂၁-၁၀-၂၀၂၂ ရက်နေ့တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

## စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၁၆။ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ၂၀၂၂ ခုနှစ်အတွင်း သုံးစွဲမှုလျော့ချရေးလုပ်ငန်းအဖြစ် မူးယစ်ဆေးဝါးသုံးစွဲသူများအား စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းများ ဆောင်ရွက်ခြင်းဖြင့် သင်တန်းသား/သင်တန်းသူ ၁၉၀ ဦးအား ပြန်လည်ထူထောင်မှုပေးနိုင်ခဲ့ပါသည်။

## ရန်ပုံငွေသုံးစွဲမှုအခြေအနေ

၁၇။ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဘတ်ဂျက်ရန်ပုံငွေ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၂၅,၄၀၀,၁၀၀ ကျပ် သုံးစွဲခဲ့ပါသည်။

## နိဂုံး

၁၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒပါ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းကာ ချမှတ်ထားသည့်နည်းဗျူဟာအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၆) ဖြင့် ၁၄-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာ ဥပဒေပုဒ်မ ၇(ဠ) ၌ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အား ထပ်မံတိုးချဲ့ဖွဲ့စည်းရန် ပြင်ဆင်ခဲ့မှုအရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ၃-၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁/၂၀၂၀) ဖြင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အား ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

၂။ အဆိုပါအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆောင်ရွက်၍ အတွင်းရေးမှူးအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ပြီး အခြားဌာနဆိုင်ရာ ၈ ခုတို့မှ အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားရှိပါသည်။

၃။ ၁၀-၃-၂၀၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အတည်ပြုချက်ဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု အဖွဲ့အဆင့်ဆင့်အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၄။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၅-၅-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာအမှတ် (၁၁၉/၂၀၂၁) ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း၊ လုပ်ငန်းတာဝန်သဘာဝအရ သက်ဆိုင်ရာဌာနများအား ထပ်မံဖြည့်စွက်ဖွဲ့စည်းရန် လိုအပ်ခြင်းတို့ကြောင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အား ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ၂၁-၁-၂၀၂၂ ရက်စွဲပါစာဖြင့် ဗဟိုအဖွဲ့သို့တင်ပြခဲ့ရာ ဗဟိုအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (၁၁) ဖွဲ့အား ၁၇-၄-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် ပြန်လည်ပြင်ဆင် ဖွဲ့စည်းပေးခဲ့ပါသည်။

၅။ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်းထားရှိသော လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်သည် ယခင် အစိုးရလက်ထက်၌ ဖွဲ့စည်းခဲ့သည့်အတွက် ဖွဲ့စည်းပုံပါ

တာဝန်ထမ်းဆောင်သည့်ပုဂ္ဂိုလ်များ ပြောင်းလဲတာဝန်ထမ်းဆောင်မှုကြောင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်အား ဖွဲ့စည်းပုံပါအတိုင်း (Up to Date) ပြန်လည်ပြင်ဆင်ဖွဲ့စည်းခွင့်ပြုနိုင်ပါရန်နှင့် မြို့နယ်အဆင့်ဖွဲ့စည်းပုံ၌ လွှတ်တော်ကိုယ်စားလှယ် ၁ ဦးအား ထည့်သွင်းဖွဲ့စည်းထားရှိပါသဖြင့် လက်ရှိအခြေအနေတွင် လွှတ်တော်ကိုယ်စားလှယ်များမရှိပါ၍ ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရေး တင်ပြဆောင်ရွက်လျက်ရှိပါသည်။

၆။ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်အနေဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခု၊ ခရိုင် ၇၃ ခု၊ မြို့နယ် ၃၂၅ ခု၊ ရပ်ကွက်/ ကျေးရွာအုပ်စု ၁၆,၁၃၅ ခု တို့တွင် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်အား ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့ ဆောင်ရွက်ချက်

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့တစ်ခုဖြစ်သည့် ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအဖွဲ့သည် ကျောင်းများတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းအန္တရာယ် အသိပညာပေးရေးဆိုင်ရာလုပ်ငန်းများကို ကျင်းပဆောင်ရွက်လျက်ရှိပြီး အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်နှင့် စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယ၊ အနုပညာ(ပန်းချီ၊ ဂီတ) စသည့် ဘာသာရပ်များတွင် ထည့်သွင်း၍ ကျောင်းသားလူငယ်များအား လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ကျောင်းပြင်ပမှ လူငယ်များအတွက်လည်း ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်တို့ဖြင့် ချိတ်ဆက်၍ အသိပညာပေး သင်ကြားလျက်ရှိပါသည်။

၂။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင်လည်း "ကျောင်းပတ်ဝန်းကျင် မူးယစ်ဆေးဝါးကင်းစင်ရေး" အတွက် ကျောင်းများ၏ အနီးပတ်ဝန်းကျင် ကိုက် ၁၀၀ အတွင်းတွင် မူးယစ်ဆေးဝါးကင်းစင်စေရန် စိစစ်ဆောင်ရွက်ခြင်း၊ အသိပညာပေးရေးလုပ်ငန်းများအဖြစ် ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ အသိပညာပေးသင်ခန်းစာများ သရုပ်ဖော်တင်ဆက်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။



ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်၊ အထက-ညောင်ခါးရှည်တွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောစဉ်



လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများကြည့်ရှုလေ့လာစဉ်

## ရည်ရွယ်ချက်

၃။ မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည် ဟူသော အသိတရားများ တိုးပွားလာစေရန်၊ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်မှတစ်ဆင့် မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ ဗဟုသုတများကို အခြေခံပညာကျောင်းအားလုံးဖြန့်ဝေရန်နှင့် ကျောင်းသားလူငယ်များ၏ လူနေမှုဘဝနယ်ပယ်တွင် ပြန်လည်အသုံးချနိုင်စေရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်တားဆီးရေး ဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို ရရှိစေရန်ဖြစ်ပါသည်။



တာချီလိတ်မြို့နယ်၊ အထက-ဝမ်နတ် တွင် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောစဉ်



လွိုင်ကော်မြို့၊ အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောစဉ်

### မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲသင်ကြားခြင်း

၄။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်များကို ရေးဆွဲသင်ကြား လျက်ရှိရာ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပညာပေးသင်ခန်းစာများကို ဘဝတွက် တာကျွမ်းကျင်စရာဘာသာရပ်တွင် ထည့်သွင်းရေးဆွဲထားပြီးကာယ၊ အနုပညာ (ဂီတ၊ ပန်းချီ)၊ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များပါ သင်ခန်းစာများနှင့်ချိတ်ဆက်၍ သင်ကြားပေးလျက်ရှိပါသည်။

၅။ ထိုသို့သင်ကြားပေးခြင်းအားဖြင့် ကျောင်းသားလူငယ်များအား စိတ်ကိုစွဲလမ်းစေသော မူးယစ်ဆေးဝါး အန္တရာယ်ကို သိရှိလာခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးကိုသိရှိလာခြင်း၊ ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများကိုသိရှိပြီး မိမိအန္တရာယ်ကို ကာကွယ်တတ်စေခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်းသည် လူငယ်တစ်ဦး၏ ရည်မှန်းချက်ပန်းတိုင်အား ထိခိုက်နိုင်သည်ကိုသိရှိစေခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကို မိမိတို့အသိစိတ်ဖြင့် ရှောင်ရှားနိုင်ခြင်း၊ ကျန်းမာရေးဗဟုသုတများ တိုးပွားလာ၍ ကျန်းမာသန်စွမ်းသော စိတ်ဓာတ်နှင့် ခန္ဓာကိုယ်ကို ပြုစုပျိုးထောင်ပေးခြင်း၊ မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိစွာ ရင်သန်ရပ်တည်နိုင်သောစွမ်းရည်များ ပိုမိုတိုးတက် စေခြင်းနှင့် ၂၁ ရာစုအတွက် လိုအပ်သောအရည်အချင်းများ ဖွံ့ဖြိုးလာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ရရှိနိုင်စေရန် လက်တွေ့လုပ်ငန်းများ

ပြုလုပ်စေခြင်း၊ မိမိတို့လုပ်ဆောင်မှုကို ပြန်လည်ဆန်းစစ်စေခြင်း၊ ပြန်လည်တင်ပြစေခြင်း၊ အချင်းချင်း အကြံပြု သုံးသပ်စေခြင်း၊ မိသားစုဝင်တို့ကို ပြန်လည်မျှဝေစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

### ကျောင်းအခြေပြုပညာပေးလုပ်ငန်းများ

၆။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၌ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် မူးယစ်ဆေးစွဲကုသရေးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနမှ ရေးသားပြုစုခဲ့သည့် "အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှုသည် မူးယစ်ဆေးဝါးမသုံးစွဲစေရန် များစွာ အထောက်အကူပေးပါသည်" နှင့် "မက်အင်မ်ဖီတမင်း ဆိုသည်မှာ" စသည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

၇။ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆောင်ရွက်လျက်ရှိသည့် မြို့နယ်များတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နိုင်ရေးကို အထောက်အကူဖြစ်စေရန်အတွက် အထက်တန်းကျောင်း ၂၉ ကျောင်း၊ အလယ်တန်းကျောင်း ၇၁ ကျောင်း၊ မူလတန်းကျောင်း ၇၃ ကျောင်း စုစုပေါင်း ကျောင်းအရေအတွက် ၁၇၃ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါသည်။

၈။ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ပညာရေးလေ့ကျင့်ရေး ကျောင်းများသို့ ကျောင်းဖွံ့ဖြိုး တိုးတက်မှုရန်ပုံငွေများကို အောက်ပါအတိုင်း ထောက်ပံ့ပေးခဲ့ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ကျောင်းသားဦးရေ | ထောက်ပံ့သည့်ပမာဏ |
|---|---|---|---|---|
| ၁ | ကချင် | ၃ | ၄၈၃၂ | ၂၃၃.၂၇ |
| ၂ | ကယား | ၃ | ၃၃၄ | ၂၆.၈၃ |
| ၃ | ကရင် | ၃ | ၅၄၃၂ | ၄၀၈.၀၉ |
| ၄ | ချင်း | ၃ | ၃၈၀၄ | ၂၈၆.၂၈ |
| ၅ | စစ်ကိုင်း | ၄ | ၃၈၄၀ | ၂၉၄.၆၆ |
| ၆ | တနင်္သာရီ | ၃ | ၅၄၄၇ | ၄၁၄.၃၁ |
| ၇ | ပဲခူး(အရှေ့) | ၂ | ၉၃၀၀ | ၇၁၇.၅၂ |
| ၈ | ပဲခူး(အနောက်) | ၃ | ၆၇၇၇ | ၅၂၅.၈၇ |
| ၉ | မကွေး | ၄ | ၃၇၉၈ | ၃၀၀.၁၃ |
| ၁၀ | မန္တလေး | ၅ | ၈၀၀၁ | ၆၃၀.၅၄ |
| ၁၁ | မွန် | ၃ | ၈၃၀၁ | ၆၄၁.၉၉ |
| ၁၂ | ရခိုင် | ၄ | ၉၇၈၈ | ၇၃၈.၉၇ |
| ၁၃ | ရန်ကုန် | ၄ | ၁၀၃၃၉ | ၈၀၉.၄၄ |
| ၁၄ | ရှမ်း(တောင်) | ၃ | ၉၈၅၇ | ၇၆၇.၃၈ |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၂၇၃ | ၁၉.၆၅ |
| ၁၆ | ရှမ်း(အရှေ့) | ၃ | ၃၃၉၈ | ၂၅၅.၀၂ |
| ၁၇ | ဧရာဝတီ | ၄ | ၁၄၇၄၇ | ၁၁၀၅.၅ |
| ၁၈ | နေပြည်တော် | ၂ | ၂၅၆၈ | ၂၀၂.၉၈ |
| စုစုပေါင်း | | ၅၇ | ၁၁၀၈၃၆ | ၈၃၇၈.၁၂၅ |

၉။ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော ဘိန်း စိုက်ပျိုးမှု ရှိသည့် မြို့နယ် ၅၅ မြို့နယ်အနက် ၁၆ မြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တိုင်းရင်းသားဘာသာစာပေသင် Teaching Assistant ၆၁ ဦးနှင့် Language Teacher ၃ ဦးတို့အား ခန့်ထားပေးနိုင်ခဲ့ပါသည်။

၁၀။ ဘိန်းအစားထိုးဖွံ့ဖြိုးရေး ဆောင်ရွက်နေသောနေရာများတွင် စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ စာကြည့်တိုက်များဆောက်လုပ်ခြင်း၊ သိပ္ပံခန်းသုံးပစ္စည်းများနှင့် ကျောင်းသုံးပရိဘောဂများ ခွဲဝေပေးခြင်း တို့ကို ထောက်ပံ့ပေးခဲ့ပါသည်။ အခြေခံပညာကျောင်းများတွင် ကွန်ပျူတာများ၊ သင်ရိုးညွှန်းတမ်းများတွင် ပါဝင်သည့် သင်ထောက်ကူပစ္စည်းများကို ခွဲဝေထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ စကားဝိုင်းများ၊ ပြပွဲပြိုင်ပွဲများနှင့် ကျောင်းပတ်ဝန်းကျင် မူးယစ်ကင်းစင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။






၁၁။ အခြေခံပညာဦးစီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းစိုက်ပျိုးမှုရှိသည့် မြို့နယ် ၅၅ မြို့နယ် အတွင်းရှိ စာသင်ကျောင်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ရန် လျာထားလျက် ရှိပါသည်။

၁၂။ ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးတို့တွင်လည်း လေ့လာသင်ယူရာနေရာများအနီး ကိုက် (၁၀၀) အကွာအဝေးအတွင်းတွင် မူးယစ်ဆေးဝါးရောင်းဝယ်၊ သုံးစွဲမှုမရှိစေရေးနှင့်ပတ်သက်၍ ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး လုပ်ငန်းများဆောင်ရွက်နေသော သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အခြေခံပညာဦးစီးဌာနမှ မြို့နယ်ပညာရေးမှူးများ၊ အခြေစိုက် ကျောင်းအုပ်ကြီးများနှင့် NFPE ၊ NFME အကောင်အထည်ဖော်နေသော တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ဆရာ/ဆရာမများပူးပေါင်း၍ကျောင်းသား/ကျောင်းသူများအားအသိပညာပေးဆွေးနွေးပွဲများ၊ဟောပြောပွဲများ ကျင်းပဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်းနှင့် NFPE ၊ NFME သင်ရိုးညွှန်းတမ်းများတွင်လည်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆက်စပ်နေသော ဘာသာရပ်များပါဝင်ခြင်း၊ သင်ကြားရခြင်းစသည့် လုပ်ငန်းစဉ်များကို ကျောင်းသား ကျောင်းသူများအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေပါသည်။

**ကျောင်းပြင်ပ မူလတန်းပညာရေး**

၁၃။ ကျောင်းပြင်ပ မူလတန်းပညာရေး၏ အထွေထွေဘာသာရပ်မှ ဘဝတွက်တာကျွမ်းကျင်စရာ ဆရာ့လမ်းညွှန်စာအုပ်ရှိ စာမျက်နှာ ၁၃၇ တွင် 'အစားထိုးလို့ရပါတယ်' သင်ခန်းစာကို မိနစ် ၃၀ သင်ကြားပေးလျက်ရှိပါသည်။ ကျောင်းပြင်ပ မူလတန်းပညာရေး ပထမဆင့် အထွေထွေဘာသာ ရုပ်ပြကတ် ၃၀ ကို ကွမ်းယာနှင့် ဆေးလိပ်သင်ခန်းစာမှ 'ဝေးလေ ကောင်းလေ' ပုံပြင်ဖြင့် တွဲဖက်၍သင်ကြားပါသည်။ ပထမဆင့် အထွေထွေဘာသာ စာဖတ်ကတ် ၃၃ 'ကျွန်တော့်ကိုသိလား' သင်ခန်းစာမှ 'အမှားလုပ်မိအမှန်သိ' နှင့် 'နောက်ထပ်ကြုံဆပါ' ပုံပြင်စာအုပ်များနှင့် တွဲဖက်၍ သင်ကြားပါသည်။ သင်ကြားချိန်မှာ ၂ ချိန်ရှိပြီး ၁ ချိန်ကို မိနစ် ၃၀ သင်ကြားပေးလျက်သည်။

**ကျောင်းပြင်ပ အလယ်တန်းပညာရေး**

၁၄။ ကျောင်းပြင်ပ အလယ်တန်းပညာရေး၏ ဘဝတွက်တာအခြေခံကျွမ်းကျင်မှု (QL-101) ဘာသာရပ်တွင် 'ဘာတွေဆက်ဖြစ်နိုင်သလဲ'၊ 'ဝေးလေကောင်းလေ'၊ 'မစမ်းမိစေနဲ့'၊ 'ဘာကောင်းတာရှိလို့လဲ'၊ (QL-102) ဘာသာရပ်၌ မူးယစ်ဆေးအန္တရာယ်တို့ကာကွယ်နယ်ပယ်တွင် မူးယစ်ဆေးနှင့် HIV ၊ 'သတိလက်လွတ်ဖြစ်စေတယ်'၊ 'အလွဲသုံးတယ်ဆိုတာ'၊ 'အစားထိုးလို့ ရပါတယ်' ခေါင်းစဉ်များဖြင့် သင်ကြားပေးလျက်ရှိပါသည်။

၁၅။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းပရိဝုဏ်အတွင်းရှိ စားသောက်ဆိုင်များတွင် ဆေးခြောက်ထည့်သွင်းထုတ်လုပ်ထားသော ဆေးဝါးနှင့်စားသောက်ကုန်များ ရောင်းချခြင်းမပြုနိုင်စေရန် ကျောင်းမုန့်ဆိုင်ကြီးကြပ်ရေးကော်မတီမှ အခါအားလျော်စွာ စစ်ဆေးကြီးကြပ်ခြင်း၊ အသိပညာပေးကြော်ငြာများကပ်နိုပ်ခြင်း၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ချိတ်ဆက်၍ စစ်ဆေးခြင်း၊ သတင်းရယူခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

၁၆။ ထို့အပြင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် ပညာပေးဗွီနိုင်းများ ရိုက်နှိပ်ဖြန့်ဝေခြင်း၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ အာစရိယပူဇော်ပွဲများတွင် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာများ ထည့်သွင်းပြောကြားခြင်း၊ ဟောပြောပွဲများ၊ နံရံကပ်စာစောင်၊ စာစီစာကုံး၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ အသိပညာပေး သင်ခန်းစာများ သရုပ်ဖော်တင်ဆက်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၁၇။ Myanmar Education Channel က 7- priorities အစီအစဉ်ထုတ်လွှင့်လျက်ရှိရာ “မူးယစ်ဆေးဝါး အန္တရာယ် ကင်းစင်ပပျောက်ရေး” သည် priorities တစ်ခုဖြစ်ပြီး မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးရေး အစီအစဉ်၊ ဆောင်းပါး၊ တေးသီချင်းများကို အပတ်စဉ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

၁၈။ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ဆောင်ပုဒ်၊ ပိုစတာ ပြိုင်ပွဲများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်း များနှင့် ကျောင်းပြင်ပ စခန်းများတွင် ကျင်းပပြုလုပ်ခဲ့ပြီး ဆုများချီးမြှင့်ခဲ့ရာ ကျောင်းသား/ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများ အောက်ပါအတိုင်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ကျောင်းအမည် | ကျောင်း အရေအတွက် | ပါဝင်ဆောင်ရွက်ခဲ့သည့် ဦးရေ | | |
|---|---|---|---|---|---|
| | | | ကျောင်းသား | ဆရာ | မိဘပြည်သူ |
| ၁ | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ | ၃၁ | ၅၉၃၂ | ၂၅၂၁ | ၃၅၅ |
| ၂ | ပညာရေးဒီဂရီကောလိပ်များ | ၂၅ | ၁၉၉၁၆ | ၂၅၉၀ | ၁၀ |
| ၃ | အခြေခံပညာကျောင်းများ | ၇၄၇၄ | ၇၆၁၀၀၆၀ | ၆၃၆၇၁၄ | ၈၀၃၈၃၇ |
| ၄ | ကျောင်းပြင်ပ စခန်းများ | ၂၉ | ၆၆၁ | ၅၈ | ၅၂ |
| စုစုပေါင်း | | ၇၅၅၉ | ၇၆၃၆၅၆၉ | ၆၄၁၈၈၃ | ၈၀၄၂၅၄ |

**နိဂုံး**

၁၉။ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့အနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဖြစ်စေရေးအတွက် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ရှိ ပြခန်းများကို လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများနှင့် အနုပညာရှင်များ ပူးပေါင်းပါဝင်ကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ ဆောင်ရွက်ချက်

## နိဒါန်း

၁။ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့သည် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်မှတားဆီးနိုင်ရန် အောက်ဖော်ပြပါဌာန၊ အဖွဲ့အစည်းများဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများကို ပြန်ကြားရေး နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ခ ) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

( ဂ ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(ဃ) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

( င ) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး

### ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ

၂။ ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့ကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် အောက်ဖော်ပြပါ ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | နံရံကပ်စာစောင်ပြသခြင်း | ၃၁၀ | ကြိမ် |
| ( ခ ) | ဓာတ်ပုံပြပွဲ | ၈၃ | ကြိမ် |
| ( ဂ ) | လက်ကမ်းစာစောင်ဖြန့်ဝေခြင်း | ၁၀၀၀၀၀ | စောင် |
| (ဃ) | Talk Show | ၁၄၉ | ကြိမ် |
| ( င ) | ဟောပြောပွဲ | ၆၄ | ကြိမ် |





မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း



မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပခြင်း

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဆောင်ရွက်ချက်များ

၃။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့်ပတ်သက်သည့် သတင်းများ၊ ဟောပြောချက်၊ ပညာပေးသီချင်း၊ ဇာတ်လမ်းများကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာ အစီအစဉ်များမှ အောက်ပါအတိုင်း ထုတ်လွှင့်နိုင်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | သတင်း | ၅၄၅၁ | ကြိမ် |
| ( ခ ) | ဆောင်းပါး | ၆၅၄ | ကြိမ် |
| ( ဂ ) | သီချင်း | ၂၅၀၇ | ကြိမ် |
| (ဃ) | ဇာတ်လမ်း | ၃၃၃ | ကြိမ် |
| ( င ) | အစီအစဉ် | ၁၅ | ကြိမ် |
| ( စ ) | ဆောင်ပုဒ် | ၁၄၈၇ | ကြိမ် |
| (ဆ) | ပညာပေးထုတ်လွှင့်ချက် | ၂၄ | ကြိမ် |
| ( ဇ ) | အနာဂတ်ဘဝများလှစေချင် | ၈၈၅ | ကြိမ် |
| ( ဈ ) | လူငယ်ပန်းဥယျာဉ် | ၅ | ကြိမ် |
| (ည) | ရေဒီယိုမဂ္ဂဇင်း | ၃ | ကြိမ် |

( ဋ ) လှုံ့ဆော်ချက် ၁၉၇ ကြိမ်

( ဌ ) ရေဒီယိုဇာတ်လမ်းတွဲ ၉ ကြိမ်

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဆောင်ရွက်ချက်များ**

၄။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar စသည့် သတင်းစာများတွင် မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေး သတင်း၊ ဓာတ်ပုံ၊ ခေါင်းကြီး၊ ဆောင်းပါး၊ ဆောင်ပုဒ်နှင့် အင်တာဗျူးများကို အောက်ပါအတိုင်း ဖော်ပြနိုင်ခဲ့ပါသည်-

(က) သတင်း ၅၄၂ ပုဒ်

( ခ ) ခေါင်းကြီး ၄ ပုဒ်

( ဂ ) ဆောင်းပါး ၁၁ ပုဒ်

(ဃ) သတင်းဓာတ်ပုံ ၄၉၁ ပုဒ်

( င ) ဆောင်ပုဒ် ၁၁၈ ပုဒ်

( စ ) ကာတွန်း ၁ ပုဒ်












မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆွေးနွေးပွဲ (Talk Show) ကျင်းပခြင်း

**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ**

၅။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် သုတပဒေသာစာစောင်နှင့် ရွှေသွေးဂျာနယ်တို့တွင် မူးယစ်ဆေးဝါးပညာပေးဇာတ်လမ်းများ၊ ဆောင်းပါးများနှင့် ကာတွန်းများကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့မှ ထုတ်ဝေသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး စာအုပ်၊ စာစောင်များ၊ နံရံကပ်ပိုစတာနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများကိုလည်း အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သုတပဒေသာစာစောင်တွင် ဆောင်းပါး | ၁၂ ပုဒ် |
| (ခ) | ကာတွန်း | ၂ ပုဒ် |
| (ဂ) | ကဗျာ | ၆ ပုဒ် |

**ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ဆောင်ရွက်ချက်**

၆။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ ပြည်သူ့တပ်မတော်စာစဉ်တို့မှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးတို့နှင့်ပတ်သက်သည့် သတင်းထုတ်လွှင့်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | မြဝတီရုပ်မြင်သံကြားသတင်း | ၁၈၅ ကြိမ် |
| (ခ) | TV Spot | ၆၉၆ ကြိမ် |
| (ဂ) | ကာတွန်း | ၉ ကြိမ် |
| (ဃ) | ပရိုဂရမ် | ၁၇ ကြိမ် |
| (င) | ဆောင်းပါး | ၁၃ ကြိမ် |
| (စ) | ကဗျာ | ၅ ကြိမ် |
| (ဆ) | အာဘော် | ၃ ကြိမ် |
| (ဇ) | အင်တာဗျူး | ၁၁ ကြိမ် |

# အခန်း (၄)

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ မြန်မာနိုင်ငံတွင် အုပ်ချုပ်မှုအလှမ်းဝေးသည့်နေရာများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်နေရာများ၊ ဖွံ့ဖြိုးမှုနောက်ကျသည့်ဒေသများ၊ လုံခြုံရေးတည်ငြိမ်မှုမရှိသည့်နေရာများနှင့် လူသူအရောက်အပေါက်နည်းပြီး တောတောင်ထူထပ်သည့်နေရာများတွင် ဘိန်းစိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။ ဘိန်းကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။

၂။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC နှင့် မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တို့ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှုကိုတိုင်းတာခဲ့ရာ ၂၀၁၂-၂၀၁၃ ဘိန်းစိုက်ရာသီတွင် မြန်မာနိုင်ငံ၌ ဘိန်းခင်း ၅၇၈၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၁၂၂၅၇.၄၆ ဟက်တာကိုဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၅၇၆၀၀ ဟက်တာစိုက်ပျိုးခဲ့ပြီး ၁၅၁၈၈.၄၉ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၅၅၅၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၁၃၂၇၄.၉၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးမှု တိုင်းတာနိုင်ခြင်းမရှိဘဲ ၇၅၆၂.၇၉ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၄၁၀၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၃၅၃၆.၉၆ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘိန်းစိုက်ရာသီတွင် ၃၇၃၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၂၅၇၈.၅၂ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘိန်းစိုက်ရာသီတွင် ၃၃၁၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၂၄၅၉.၉၁ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘိန်းစိုက်ရာသီတွင် ၂၉၅၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ဘိန်းခင်း ၂၀၂၆.၅၈ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ဘိန်းစိုက်ရာသီတွင် ၄၆၃၂.၉၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၂၁ - ၂၀၂၂ ဘိန်းစိုက်ရာသီတွင် ၄၀၁၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၁၄၀၃.၂၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ၃၀၂၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၂၀၂၂ခုနှစ်တွင် ၄၀၁၀၀ ဟက်တာ စိုက်ပျိုးခဲ့သဖြင့် ၂၀၂၁ ခုနှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၃၃ % တိုးမြင့်လာခဲ့ပါသည်။




၃။ ဘိန်းထုတ်လုပ်မှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ၅၂၀ မက်ထရစ်တန် ထွက်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်




၅၀၈ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ၂၀၁၈ ခုနှစ်ထက် ထုတ်လုပ်မှု ၂ % ကျော် ကျဆင်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ၄၀၅ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ်ကထက် ထုတ်လုပ်မှု ၂၀ % ကျော် ကျဆင်းခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ၄၂၃ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်ကထက် ထုတ်လုပ်မှု ၄ % မြင့်တက်လာခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် ၇၉၀ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ၂၀၂၁ ခုနှစ်ထက် ထုတ်လုပ်မှု ၈၈ % ကျော်မြင့်တက်လာခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘိန်းစိုက်ရာသီတွင် နေရာဒေသအလိုက် ဘိန်းစိုက်ပျိုးမှုကို လေ့လာရာ ရှမ်းပြည်နယ်တွင် ၈၆ % ၊ ချင်းပြည်နယ်တွင် ၁.၅ %၊ ကယားပြည်နယ်တွင် ၁.၅ % နှင့် ကချင်ပြည်နယ်တွင် ၁၁ % စိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။

၄။ တရားမဝင်မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အဓိကကျသောဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများမှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် အိမ်နီးချင်းနိုင်ငံများမှ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်အတွင်း အမှုပေါင်း ၆၇၅၉ မှု၊ တရားခံပေါင်း ၉၆၀၀ ဦးတို့ကို ဘိန်း ၁၀၁ မှု၊ ၁၂၀၉.၇၇ ကီလိုကျော်၊ ဘိန်းဖြူ ၁၁၁၈ မှု၊ ၁၃၄၅.၄၉ ကီလိုကျော်၊ စိတ်ကြွဆေးပြား ၄၄၃၉ မှု၊ ၁၆၉,၀၇၀,၉၀၉ ပြား၊ အိုက်စ် ၁၇၅ မှု၊ ၂၃၄၀၁.၉၂ ကီလိုကျော်၊ ဆေးခြောက် ၄၀၈ မှု၊ ၉၂၉.၄၃ ကီလိုကျော်၊ ဘိန်းဆီခဲ ၁၆ မှု၊ ၁၆၃.၀၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၄၇ မှု၊ ၇၆၆.၄၈ ကီလိုကျော်၊ အက်တက်စီဆေးပြား ၆၁ မှု၊ ၆၇၄၅၄၂ ပြား၊ ထရာမဒေါလ်ဆေးတောင့် ၁ မှု၊ ၅၅ တောင့်၊ ဒိုင်ယာဇီပမ်ထိုးဆေး ၁ မှု၊ ၄၀၀၀ ပုလင်း၊ ကတ်တမင်း ၅၁ မှု၊ ၂၃၂၈.၆၃ ကီလိုကျော်၊ ကဖင်း ၅ မှု၊ ၉၀၃၆.၀၁ ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၂ မှု၊ ၃,၀၅၀,၀၀၀ ပြား၊ ဆာလဖျူရစ်အက်စစ် ၃ မှု၊ ၂၂,၅၅၀ လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၂ မှု၊ ၉,၂၀၀ လီတာ၊ အက်စီတုန်း ၆၄၆၀ လီတာ၊ တော်လူအင်း ၇ မှု၊ ၄၁,၉၁၀ လီတာ၊ ဆိုဒီယမ်အက်စီတိတ် ၇ မှု၊ ၁၂၄၂၅ ကီလို၊ ဆိုဒီယမ်ဆိုင်ရာနိုက် ၃ မှု၊ ၁၅,၄၀၀ ကီလိုနှင့် အခြားဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ လက်နက်ခဲယမ်းများနှင့်အတူ အိမ်စီးယာဉ် ၂၈၅ စီး၊ ကုန်တင်ယာဉ် ၁၃၂ စီး၊ ခရီးသည်တင်ယာဉ် ၁၅ စီး၊ အငှားယာဉ် ၃၆ စီး၊ စက်လှေ ၂ စီး၊ ဆီဘောက်ဆာယာဉ် ၃ စီး၊ သုံးဘီးဆိုင်ကယ် ၅ စီး၊ ဆိုင်ကယ် ၉၄၈ စီး၊ စက်ဘီး ၁၅ စီး၊ မြန်မာငွေကျပ် ၁၄၈၄ သိန်း၊ အမေရိကန်ဒေါ်လာ ၁၀၄ သိန်းနှင့် ထိုင်းဘတ်ငွေ ၃၇၁၀ ဘတ် တို့ကို

သိမ်းဆည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့် လူတန်းစားအလွှာအသီးသီး ဖမ်းဆီးရမိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **လက်နက်ခဲယမ်းပါဝင်သော မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု။** ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုနှင့် အခြားအမှု စုစုပေါင်း ၅၆ မှုမှ သိမ်းဆည်းရမိလက်နက်ခဲယမ်းများမှာ ခြောက်လုံးပြူး ၅ လက်၊ ပစ္စတို ၇၆ လက်၊ သေနတ်အရှည် ၉၄ လက်၊ ပြောင်းချောသေနတ် ၂၀ လက်၊ ၁၂ ဗို့ပြောင်းချော ၅ လက်၊ RPG ၁ လက်၊ တူမီး ၃ လက်၊ လုပ်သေနတ် ၂ လက်၊ လေသေနတ် ၃ လက်၊ ဂက်စ်သေနတ် ၂ လက်၊ ၄၀ မမဗုံးသီး ၂၉ လုံး၊ RPG ဒုံးသီး ၁၀ လုံး၊ RPG ပို့ကျည် ၁၀ တောင့်၊ လက်ပစ်ဗုံး ၁၈ လုံး၊ ကျည်မျိုးစုံ ၃၆၁၈၁ တောင့်၊ ကျည်အိမ်မျိုးစုံ ၃၆၆ ခု၊ ဒီတိုနေတာ ၇၁၁၂၀ ခု၊ နင်းမိုင်း ၁ ခု၊ ရီမုမိုင်း ၁၆ ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပါသည်။

(ခ) **မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားဖမ်းဆီးရမိမှု။** ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားဖမ်းဆီးရမိမှုအနေဖြင့် တရုတ်နိုင်ငံသား ၂ မှု၊ တရားခံ ၂ ဦး၊ ထိုင်းနိုင်ငံသား ၁၃ မှု၊ တရားခံ ၁၈ ဦး၊ စုစုပေါင်း ၁၅ မှု၊ တရားခံ ၂၀ ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

(ဂ) **လူထုလူတန်းစား အလွှာအသီးသီး ဖမ်းဆီးရမိမှု။** ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများအနက် အသက် ၁၈ နှစ်အောက်လူငယ် ၁၁၉ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ၂ ဦး၊ ကျောင်းသားလူငယ် ၁ ဦး၊ မြို့ပြဝန်ထမ်း ၁၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ၃ ဦး၊ တပ်မတော်သား ၁၃ ဦး၊ သံဃာ ၁၃ ပါး၊ အကျဉ်းသား ၆ ဦး၊ နိုင်ငံခြားသား ၂၀ ဦး၊ စုစုပေါင်း ၁၉၁ ဦး တို့အား အရေးယူထားရှိပါသည်။

၅။ ၂၀၂၂ ခုနှစ်အတွင်း ဘိန်းဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တစ်နိုင်ငံလုံးဖမ်းဆီးရမိမှု၏ ၄၉.၂ % ကို ဘိန်းအများဆုံးစိုက်ပျိုးရာဒေသဖြစ်သော ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ၂၅.၀၅ % ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၂၅.၃၃ % ကို ကချင်ပြည်နယ်တွင်လည်းကောင်း၊ ၀.၁၃ % ကို စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၀၉ % ကို ချင်းပြည်နယ်တွင်လည်းကောင်း၊ ၀.၀၂၁ % ကို ရန်ကုန်တိုင်းဒေသကြီးတွင် လည်းကောင်း၊ ၀.၂၃ %ကို မကွေးတိုင်းဒေသကြီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၆။ ၂၀၂၂ ခုနှစ်အတွင်း ဘိန်းဖြူ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ဘိန်းဖြူအများဆုံး ထွက်ရှိရာဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး တစ်နိုင်ငံလုံးဖမ်းဆီးရရှိမှု၏ ၄၃.၅၆ % ကို ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ၃၆.၉၃ %ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁၃.၀၈ % ကို ကချင်ပြည်နယ်တွင်လည်းကောင်း၊ ၀.၅၂ % ကို မွန်ပြည်နယ်တွင်လည်းကောင်း၊ ၃.၄၃ % ကို စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်းကောင်း၊

၀.၀၂၄ % ကို မကွေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၀၇၁ % ကို နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း၊ ၀.၀၀၀၈၇ % ကို ချင်းပြည်နယ်တွင်လည်းကောင်း၊ ၂.၄၂ % ကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၀၀၆၇ % ကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၀၂၄ % ကို ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။ ဘိန်းဖြူအများဆုံးထွက်ရှိရာ ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကိုဖြတ်၍ ကချင်ပြည်နယ်သို့လည်းကောင်း၊ အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မှ ထိုင်းနိုင်ငံသို့လည်းကောင်း၊ ကရင်ပြည်နယ်၊ မြဝတီမှ ထိုင်းနိုင်ငံသို့လည်းကောင်း၊ တာချီလိတ်-ဝမ်ပုံမှတစ်ဆင့် လာအိုနိုင်ငံသို့လည်းကောင်း လျှို့ဝှက်သယ်ဆောင်ရောင်းဝယ်ကြပါသည်။




၇။ ၂၀၂၂ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုဖြစ်စဉ်များအရ စိတ်ကြွရူးသွပ်ဆေးပြားများသည် ရှမ်းပြည်နယ်၊ တရုတ်-မြန်မာနယ်စပ်ဒေသနှင့် ထိုင်း-မြန်မာနယ်စပ်ဒေသတို့မှ အများဆုံးထွက်ရှိလျက်ရှိသည်ကို စိစစ်တွေ့ရှိရပြီး နည်းလမ်းပုံစံမျိုးစုံဖြင့် ပြည်တွင်း/ ပြည်ပနိုင်ငံများသို့ သယ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ သယ်ဆောင်သည့်အပြင် ပြည်တွင်းကိုဖြတ်၍ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်မှတစ်ဆင့်လည်း ထိုင်းနိုင်ငံသို့ လမ်းကြောင်းပြောင်းလဲသယ်ဆောင်ကြပါသည်။ ၎င်းအပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စိတ်ကြွရူးသွပ်ဆေးပြားများသည် မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တစ်ဆင့် စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း သယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်ကြောင်း သိရှိရပါသည်။ ရေလမ်းကြောင်းမှ မလေးရှား

နိုင်ငံသို့လည်း သယ်ဆောင်ရောင်းဝယ်မှုများ ပိုမိုပြုလုပ်လာသည်ကို တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှု၌ တစ်နိုင်ငံလုံးဖမ်းဆီးရမိမှု၏ ၃၈.၈ % ကို ရှမ်းပြည်နယ်တွင် လည်းကောင်း၊ ၂၅.၀၂ % ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁၆.၃၅ %ကို ရန်ကုန်တိုင်း ဒေသကြီးတွင်လည်းကောင်း၊ ၁၁.၄၇ % ကို ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ ၁.၆၃ % ကို ပဲခူးတိုင်း ဒေသကြီးတွင်လည်းကောင်း၊ ၀.၇၄ % ကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ၁.၇၂ % ကို တနင်္သာရီတိုင်း ဒေသကြီးတွင်လည်းကောင်း၊၀.၁၄%ကိုမကွေးတိုင်းဒေသကြီးတွင်လည်းကောင်း၊၀.၃၂%ကိုမွန်ပြည်နယ်တွင် လည်းကောင်း၊ ၃.၂၄ % ကို ကချင်ပြည်နယ်တွင်လည်းကောင်း၊ ၀.၂၈ %ကို စစ်ကိုင်းတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၀.၀၂၉ % ကို ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၁ % ကို ကယားပြည်နယ်တွင် လည်းကောင်း၊ ၀.၁၇ % ကို နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၈။ ၂၀၂၂ ခုနှစ်အတွင်း အိုက်စ် ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှထွက်ရှိသော အိုက်စ် များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှတစ်ဆင့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံသို့လည်းကောင်း၊ ပြည်တွင်းကို ဖြတ်၍မွန်ပြည်နယ်၊ကရင်ပြည်နယ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့လည်းကောင်း၊ပင်လယ်ရေကြောင်းကိုအသုံးပြု၍ မလေးရှားနိုင်ငံသို့လည်းကောင်း တရားမဝင်သယ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။ ၂၀၂၂ ခုနှစ် အတွင်း အိုက်စ်ဖမ်းဆီးရမိမှုများအရ တစ်နိုင်ငံလုံးဖမ်းဆီးရမိမှု၏ ၃၂.၈ % ကို မန္တလေးတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၂၅.၁၃ % ကို မွန်ပြည်နယ်တွင်လည်းကောင်း၊ ၂၂.၇၁ % ကို ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ၉.၄၅ % ကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ၄.၃၇ % ကို တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၄.၂၇ % ကို ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ ၁.၁၇ %ကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၄ % ကို ချင်းပြည်နယ်တွင်လည်းကောင်း၊ ၀.၀၀၈ % ကို နေပြည်တော်ကောင်စီနယ်မြေတွင် လည်းကောင်း၊ ၀.၀၀၈ % ကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၀၀၉ % ကို ကချင်ပြည်နယ်တွင် လည်းကောင်း၊ ၀.၀၀၀၀၃ % ကို ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၀၀၀၀၁ % ကို မကွေးတိုင်း ဒေသကြီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၉။ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းအဖြစ် ၇၀ % ပါဝင်သော ကဖင်းကို မြန်မာနိုင်ငံ၏အရှေ့ဘက် ထိုင်း၊ လာအိုနယ်စပ်တစ်လျှောက်တွင် အများဆုံး ဖမ်းဆီးရမိခဲ့ ပါသည်။ ကဖင်းဖမ်းဆီးမှုများကြောင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်မှုအဆင့်သို့ မရောက်အောင် ထိထိရောက်ရောက် တားဆီးနိုင်ခဲ့ပါသည်။ အိုက်စ်ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော အက်ဖီဒရင်း တင်သွင်းမှု လျော့ကျသွားပြီး ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများမှတစ်ဆင့် အက်ဖီဒရင်း ရရှိအောင် ပြုပြင်ပြောင်းလဲ ထုတ်လုပ်လျက်ရှိကြောင်း ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သုံးသပ်သိရှိရပါသည်။

၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော P2P ထိန်းချုပ်ဓာတုပစ္စည်းကို ဘက်ပေါင်းစုံမှ ထိန်းချုပ်ကန့်သတ်ထားသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သူများသည် ဆိုဒီယမ်ဆိုင်ရာနိုက်များကို P2P ရရှိအောင် ထုတ်လုပ်နေကြသဖြင့် ဆိုဒီယမ်ဆိုင်ရာနိုက်များကို မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် တင်သွင်းလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ၂၃၅၅၀ ကီလို၊ ၂၀၁၉ ခုနှစ်တွင် ၄၆၄၀ ကီလို၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၀၇၈၇၀ ကီလို၊ ၂၀၂၁ ခုနှစ်တွင် ၄၈၆၂၀ ကီလို၊ ၂၀၂၂ ခုနှစ်တွင် ၁၅,၄၀၀ ကီလို ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ် ဖမ်းဆီးရမိမှုများအရ တစ်နိုင်ငံလုံးဖမ်းဆီးရမိမှု၏ ၄၆.၄၂ % ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၄၄.၈၀ % ကို ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ၈.၇၇ % ကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၁၁။ ၂၀၂၂ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၆၇၅၉ မှု၊ တရားခံပေါင်း ၉၆၀၀ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၆၉၉၀ မှု၊ တရားခံပေါင်း ၁၀၀၆၃ ဦး ဖမ်းဆီးနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်ထက် အမှုပေါင်း ၂၃၁ မှုနှင့် တရားခံပေါင်း ၄၆၃ ဦး လျော့နည်းခဲ့သော်လည်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ ၂၀၂၁ ခုနှစ်ကထက် ၁၅၀.၀၇၂ ဘီလီယံ တိုးမြင့်လာခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် ဘိန်းဖြူအမှုပေါင်း ၁၁၁၈ မှု၊ စိတ်ကြွရူးသွပ်ဆေးပြား အမှုပေါင်း ၄၄၃၉ မှု ဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရသဖြင့် ဘိန်းဖြူအမှုသည် မူးယစ်ဆေးဝါးပြစ်မှုများ၏ ၁၆.၅၄ % နှင့် စိတ်ကြွရူးသွပ်ဆေးပြားအမှုများသည် မူးယစ်ဆေးဝါးပြစ်မှုများ၏ ၆၅.၆၇ % ရှိသည်ကို တွေ့ရှိရပါသည်။

၁၂။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူးယစ်တပ်ဖွဲ့ခွဲ ၁၀ ခွဲ၊ X-Ray စက် တပ်ဖွဲ့ခွဲ ၁ ခွဲ၊ မူးယစ်တပ်ဖွဲ့စု ၅၄ စု၊ X-Ray စက်တပ်ဖွဲ့စု ၄ စုတို့၌ အရာထမ်း ၁၂၀ ဦး၊ အမှုထမ်း ၁၀၁၈ ဦး၊ စုစုပေါင်း ၁၁၃၈ ဦးဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ဘိန်း/ဘိန်းညှိုမှုန့်ဖမ်းဆီးမှု**

၁၃။ ၂၀၂၂ ခုနှစ်အတွင်း ဘိန်းဖမ်းဆီးမှု ၁၀၁ မှု၊ ၁၂၀၉.၇၇၀၇၄ ကီလို၊ ဘိန်းညှိုမှုန့် ၁ မှု၊ ၆၁.၀၃ ကီလို ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၁ ခုနှစ်အတွင်း ဘိန်းဖမ်းဆီးမှုမှာ ၁၆၀ မှု၊ ၂၆၃၂.၀၀၉၇၅ ကီလို ဖမ်းဆီးရမိခဲ့ပြီး ဘိန်းညှိုမှုန့် ဖမ်းဆီးနိုင်ခြင်းမရှိသည့်အတွက် ၂၀၂၂ ခုနှစ် ဘိန်းဖမ်းဆီးမှုသည် ၂၀၂၁ ခုနှစ် ဘိန်းဖမ်းဆီးမှုထက် အမှု ၅၉ မှု၊ ၁၄၂၂.၂၃၉၀၁ ကီလိုကျော် လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။

၁၄။ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဘိန်းဖမ်းဆီးမှုအနေဖြင့် ရှမ်းပြည်နယ် တစ်ခုလုံးတွင် ၅၂ မှု၊ ၅၉၅.၁၁၅၁၃ ကီလို၊ မန္တလေးတိုင်းဒေသကြီးတွင် ၄ မှု၊ ၁၀၃.၀၆ ကီလို၊ ကချင်ပြည်နယ်တွင် ၃၁ မှု၊ ၃၀၆.၅၁၄၁ ကီလို၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂ မှု၊ ၁.၆၆၈ ကီလို၊ ချင်းပြည်နယ်တွင် ၂ မှု၊ ၀.၁၁ ကီလို၊ မကွေးတိုင်းဒေသကြီးတွင် ၁၀ မှု၊ ၂.၈၁၈၅၁ ကီလို၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၀.၂၆၅ ကီလို ဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။




၁၅။ ၂၀၂၂ ခုနှစ်အတွင်း ဘိန်းနှင့် ဘိန်းညှိုမှုန့် ၅၀ ကီလိုနှင့်အထက် ဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ ကွမ်းလုံမြို့နယ်တွင် ၅-၃-၂၀၂၂ ရက်၌ ဘိန်း ၁၈၀ ကီလို၊ သာစည်မြို့နယ်တွင် ၁၁-၆-၂၀၂၂ ရက်၌ ဘိန်း ၆၃ ကီလို၊ ၂-၈-၂၀၂၂ ရက်၌ ဘိန်း ၁၇၆.၄ ကီလို၊ မိုးညှင်းမြို့နယ်တွင် ၉-၇-၂၀၂၂ ရက်၌ ဘိန်း ၁၂၅ ကီလိုနှင့် ဘိန်းဖြူ ၁၆.၇၂ ကီလို ၊ ၁၆-၉-၂၀၂၂ ရက်၌ ဘိန်း ၇၈ ကီလို၊ နမ့်စန်မြို့နယ်တွင် ၂၄-၁၁-၂၀၂၂ ရက်၌ ဘိန်းညှိုမှုန့် ၆၀ ကီလိုတို့ဖြစ်ပါသည်။

**ဘိန်း/ဘိန်းညှိုမှုန့် သယ်ဆောင်ရာ လမ်းကြောင်း**

၁၆။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှထွက်ရှိသော ဘိန်းနှင့် ဘိန်းညှိုမှုန့်များကို အောက်ပါလမ်းကြောင်းများအတိုင်း သယ်ဆောင်လေ့ရှိကြောင်း စိစစ်တွေ့ရှိရပါသည် -

(က) ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာမှ ပင်လောင်း- အောင်ပန်း- သာစည်- မိတ္ထီလာ (အမြန်လမ်းအတိုင်း)-မန္တလေး-ရွှေဘို-အင်းတော်-ဗန်းမောက်၊

( ခ ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ နောင်ပီးကျေးရွာမှ ကလော- သာစည်-မိတ္ထီလာ-မန္တလေး-ထီးချိုင့်-မိုးညှင်း-ဟိုပင်မြို့၊

( ဂ ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်မှ ကလော- သာစည်- မိတ္ထီလာ- မန္တလေး-ရွှေဘို- အင်းတော်- ဗန်းမောက်၊

(ဃ) မန္တလေး-စစ်ကိုင်း-ရွှေဘို-အင်းတော်- ကချင်ပြည်နယ်၊ မိုးညှင်း-ဟိုပင်မြို့။

**ဘိန်းဖြူဖမ်းဆီးမှု**

၁၇။ ၂၀၂၂ ခုနှစ်တွင် ဘိန်းဖြူဖမ်းဆီးမှုမှာ ၁၁၁၈ မှု၊ ၁၃၄၅.၄၉၈၁၄၈ ကီလိုဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ဘိန်းဖြူဖမ်းဆီးရမိမှုမှာ ၁၃၀၁ မှု၊ ၂၅၂၆.၁၀၉၁၁၄ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ၂၀၂၁ ခုနှစ်ထက် ဘိန်းဖြူ အမှု ၁၈၃ မှု၊ ၁၁၈၀.၆၁ ကီလိုကျော် လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၈။ ၂၀၂၂ ခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ၊တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဘိန်းဖြူဖမ်းဆီးမှု အနေဖြင့် ရှမ်းပြည်နယ်၌ ၂၁၀ မှု၊၅၈၆.၁၄၄၆၃၉ ကီလို၊ မန္တလေးတိုင်းဒေသကြီး၌ ၁၂၃ မှု၊ ၄၉၆.၉၂၄၀၇ ကီလို၊ ကချင်ပြည်နယ်၌ ၅၂၀မှု၊ ၁၇၆.၀၃၇၈၀၂၁ ကီလို၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၄ မှု၊ ၄၆.၂၃၅၀၅၁ ကီလို၊ မွန်ပြည်နယ်၌ ၁ မှု၊ ၇ ကီလို၊ ရန်ကုန်တိုင်းဒေသကြီး၌ ၄၀ မှု၊ ၃၂.၆၇၀၉၈ ကီလို၊ နေပြည်တော်ကောင်စီ နယ်မြေတွင် ၁၀ မှု၊ ၀.၀၉၅၉၉၆ ကီလို၊ ချင်းပြည်နယ်တွင် ၃ မှု၊ ၀.၀၁၁၈ ကီလို၊ မကွေးတိုင်းဒေသကြီးတွင် ၂ မှု၊ ၀.၃၃၆ ကီလို၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ မှု၊ ၀.၀၃၂၇၆ ကီလိုနှင့် ပဲခူးတိုင်းဒေသကြီး၌ ၃ မှု၊ ၀.၀၀၉၀၅ ကီလို ဖမ်းဆီးနိုင်ခဲ့ပါသည်။



၁၉။ ၂၀၂၂ ခုနှစ်အတွင်း ဘိန်းဖြူ ၂၀ ကီလိုနှင့်အထက် ဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ လွိုင်လင် မြို့နယ်တွင် ၃-၁-၂၀၂၂ ရက်၌ ဘိန်းဖြူ ၃၉.၃၈ ကီလို၊ ပြင်ဦးလွင်မြို့နယ်တွင် ၁၁-၁-၂၀၂၂ ရက်၌ ဘိန်းဖြူ ၃၀.၈ ကီလိုနှင့် စိတ်ကြွဆေးပြား ၂၂၈၀၀ ပြား၊ ၂၄-၁-၂၀၂၂ ရက်၌ ဘိန်းဖြူ ၈၀.၅၂ ကီလိုနှင့် စိတ်ကြွ ဆေးပြား ၂၂၈၀၀၀ ပြား၊ ၁၄-၆-၂၀၂၂ ရက်၌ ဘိန်းဖြူ ၂၀.၉ ကီလိုနှင့် စိတ်ကြွဆေးပြား ၄.၈ သိန်း၊ ၂၀-၆-၂၀၂၂ ရက်၌ ဘိန်းဖြူ ၂၈.၆ ကီလိုနှင့် စိတ်ကြွဆေးပြား ၄.၈ သိန်း၊ ၂၀-၆-၂၀၂၂ ရက်၌ ဘိန်းဖြူ ၃၁.၉ ကီလို ဖမ်းဆီးရမိပြီး ကွင်းဆက်အရ မန္တလေးမြို့တွင် စိတ်ကြွဆေးပြား ၁.၆ သိန်းနှင့် ဆူဒိုအက်ဖီဒရင်း ဆေးပြား ၁၇.၅ သိန်း၊ ၂၂-၉-၂၀၂၂ ရက်၌ ဘိန်းဖြူ ၄၄ ကီလို၊ နောင်ချိုမြို့နယ်တွင် ၁-၂-၂၀၂၂ ရက်၌ ဘိန်းဖြူ ၄၄ ကီလို၊ ၁၇-၅-၂၀၂၂ ရက်၌ ဘိန်းဖြူ ၄၄ ကီလို၊ ၃-၆-၂၀၂၂ ရက်၌ ဘိန်းဖြူ ၂၁.၆ ကီလို၊ လားရှိုး မြို့နယ်တွင် ၁၇-၆-၂၀၂၂ ရက်၌ ဘိန်းဖြူ ၈၈ ကီလို၊ မိုးညှင်းမြို့နယ်တွင် ၁၆-၅-၂၀၂၂ ရက်၌ ဘိန်းဖြူ ၂၆. ၄ ကီလိုနှင့် စိတ်ကြွဆေးပြား ၃.၄၂ သိန်း၊ ၂၅-၈-၂၀၂၂ ရက်၌ ဘိန်းဖြူ ၂၄.၄၂ ကီလို၊ စိတ်ကြွဆေးပြား ၁၀.၈ သိန်းပြားနှင့် ဘိန်း ၃၃ ကီလို၊ ကွန်ဟိန်းမြို့နယ်တွင် ၂၂-၅-၂၀၂၂ ရက်၌ ဘိန်းဖြူ ၂၃. ၃၁ ကီလို၊ ၂၄-၇-၂၀၂၂၀ ရက်၌ ဘိန်းဖြူ ၂၃.၉၇၆ ကီလို ၊ ဖားကန့်မြို့နယ်တွင် ၂၃-၅-၂၀၂၂ ရက်၌ ဘိန်းဖြူ ၂၉.၇ ကီလို၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၅-၅-၂၀၂၂ ရက်၌ ဘိန်းဖြူ ၃၃ ကီလိုနှင့် လက်နက်ခဲယမ်းများ၊ တောင်ကြီးမြို့နယ်

တွင် ၁၀-၆-၂၀၂၂ ရက်၌ ဘိန်းဖြူ ၄၀.၇ ကီလိုနှင့် စိတ်ကြွဆေးပြား ၄ သိန်း၊ မုံရွာမြို့တွင် ၁၄-၆-၂၀၂၂ ရက်၌ ဘိန်းဖြူ ၂၁.၇၈ ကီလို၊ မူဆယ်မြို့တွင် ၁၀-၇-၂၀၂၂ ရက်၌ ဘိန်းဖြူဘလောက်တုံး ၆၀ တုံး၊ အလေးချိန် ၂၁ ကီလို၊ သိန္နီမြို့နယ်တွင် ၁၇-၇-၂၀၂၂ ရက်၌ ဘိန်းဖြူဘလောက်တုံး ၁၁၆ တုံး၊ အလေးချိန် ၄၀.၆ ကီလို၊ ရမည်းသင်းမြို့နယ်တွင် ၂၀-၇-၂၀၂၂ ရက်၌ ဘိန်းဖြူ ၇၇.၅၂ ကီလို၊ သီပေါမြို့နယ်တွင် ၁၆-၉-၂၀၂၂ ရက်၌ ဘိန်းဖြူ ၄၄ ကီလိုတို့ဖြစ်ပါသည်။

**ဘိန်းဖြူ သယ်ဆောင်ရာလမ်းကြောင်း**

၂၀။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ ဘိန်းဖြူများကို အောက်ပါလမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်၊လင်တိကျေးရွာမှ နမ့်လန်-အင်တော-ကျောက်ဂူ-ရပ်စောက်- ပင်းတယ- ရွာင်- ဟံမြင့်မိုရ်- ကျောက်ဆည်လမ်းအတိုင်း မန္တလေး၊

(ခ) ရှမ်းပြည်နယ်(မြောက်ပိုင်း) (၉)မိုင်လမ်းခွဲ- သီပေါ- နောင်ချို- အုမ္မသီး- ဟိုခို- ပြင်ဦးလွင်- မန္တလေး- စစ်ကိုင်း-ရေဦး- တန့်ဆည်- သက္ကယ်ကျင်း(ကလေးဝ)၊

(ဂ) ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး- တန့်ယန်းလမ်းခွဲမှ သီပေါ- ကျောက်မဲ- မိုးကုတ်-ဖော့တောလမ်းဆုံ-သပိတ်ကျင်း- ထီးချိုင့်- အင်းတော်- မိုးညှင်း၊

(ဃ) ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်-နန့်လန်-ကျောက်ဂူ- နောင်ချို- အုမ္မသီး-ဟိုခို-ပြင်ဦးလွင်- မန္တလေး၊

(င) ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မှ ကျောက်မဲ- မိုင်းလုံ- မိုးကုတ်- သပိတ်ကျင်း (ဖော့တောလမ်းဆုံ)- ထီးချိုင့်- အင်းတော်မှ ကချင်ပြည်နယ်၊ မိုးညှင်း- ကာမိုင်း-တနိုင်း၊

(စ) ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၊ နမ့်အွန်ကျေးရွာမှ ကွတ်ခိုင်- သိန္နီ-လားရှိုး-သီပေါ- ကျောက်မဲ- နောင်ချို- ပြင်ဦးလွင်- မန္တလေး၊

(ဆ) ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ- ကျောက်မဲ- နောင်ချို- ပြင်ဦးလွင်- မန္တလေးမှ ရွှေကူ (ကချင်ပြည်နယ်)၊

(ဇ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ နမ့်လန်- ကျောက်ဂူ- အင်တော-ရပ်စောက်-ပင်းတယ- ရွာင်- ဟံမြင့်မိုရ်- ကျောက်ဆည်- မန္တလေး- စစ်ကိုင်း လမ်းကြောင်းအတိုင်း ရွှေဘို၊

(ဈ) ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်- သီပေါ- ကျောက်မဲ- နောင်ချို- ပြင်ဦးလွင်- မန္တလေးမှတစ်ဆင့် စစ်ကိုင်း- မုံရွာ- ဂန့်ဂေါ-ကလေးဝ- ခမ်းပါတ်- တမူး၊

(ည) ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလန်မြို့မှ ကာလိ-တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ၊

(ဠ) ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်မှ လဲချား- ပင်လုံ- လွိုင်လင်- တောင်ကြီး- အောင်ပန်း- ရွာငံလမ်းကြောင်းအတိုင်း မန္တလေး၊

(ဋ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမှ ဆိုက်ခေါင်- တောင်ကြီး- ကလော- ကျောက်ဆည်- မန္တလေး- စစ်ကိုင်း- ရွှေဘို- အင်းတော်- မိုးညှင်း- ဟိုပင်- ကာမိုင်းမှ ဖားကန့်၊

(ဌ) ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်၊ ကျောက်ဂူ- နောင်ချို- ပြင်ဦးလွင်- မန္တလေး၊

(ဃ) ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန် -မိုးနဲ- မောက်မယ်- ဆီဆိုင်- ဆိုက်ခေါင်-တောင်ကြီး- ဟဲဟိုး- ရွာငံ- ကျောက်ဆည်- မန္တလေး- စစ်ကိုင်း- ရွှေဘို- အင်းတော်၊

(ဏ) ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းကျေးရွာမှ မိုင်းရယ်- တန့်ယန်း လမ်းခွဲ- လားရှိုး- သိန္နီ- ကွတ်ခိုင်လမ်းကြောင်းအတိုင်း မူဆယ်၊

(တ) ရှမ်းပြည်နယ်(တောင်ပိုင်း)ကွန်ဟိန်းမြို့နယ်၊ ခိုလမ်ကျေးရွာမှ ကွန်ဟိန်း- ကာလိ- တာကော်- မိုင်းပျဉ်း- တုံတာ- ကျိုင်းတုံ၊

(ထ) ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၊ ကာလိ- ကွန်ဟိန်း- ခိုလမ်- နမ့်စန်- မိုးနဲ- လင်းခေး- မိုင်းပန်- မိုင်းတုံ၊

(ဒ) ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့မှ လင်းခေး- မိုင်းပန်- တာဆန်း- မိုင်းတုံ-မိုင်းဆတ်- တာချီလိတ်၊

(ဓ) တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(က)ကျေးရွာအုပ်စု၊ ဝမ်တုံကျေးရွာ ဘုန်းကြီးကျောင်း ရှေ့မှ တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(က)ကျေးရွာအုပ်စု၊ ဝမ်တုံကျေးရွာအနီးရှိ မယ်ဆိုင် ရေချောင်းသို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် လာအိုနိုင်ငံဘက်ခြမ်းရှိ နန့်ခေါင် ရေစပ်သို့၊

(န) မန္တလေး- မတ္တရာ- တွင်းငယ်- ကြာညှပ်- တကောင်းလမ်းခွဲ- မြတောင်- ထီးချိုင့်- အင်းတော်- ပေကုန်း- နန့်စီးအောင်- မိုးညှင်း- ဟိုပင်- မိုးကောင်း- မြစ်ကြီးနား၊

(ပ) မန္တလေး- စစ်ကိုင်း- ရွှေဘို- ကန့်ဘလူ- ကျောက်တန်းလမ်းဆုံမှ အင်းတော် လမ်းကြောင်း အတိုင်း မိုးညှင်း။

**စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးမှု**

၂၁။ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုမှာ ၂၀၂၂ ခုနှစ်တွင် ၄၄၃၉ မှု၊ ၁၆၉.၀၇ သန်းကျော် ဖမ်းဆီး ရမိပြီး ၂၀၂၁ ခုနှစ်တွင် ၄၆၈၉ မှု၊ ၁၉၈.၁၈၈ သန်းကျော် ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးမှုသည် ၂၀၂၁ ခုနှစ် ဖမ်းဆီးမှုထက် အမှု ၂၅၀ မှု၊ ၂၉.၁၈၈ သန်းခန့် လျော့နည်း ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၂။ ၂၀၂၂ ခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ၊တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးမှုအနေဖြင့် ရှမ်းပြည်နယ်၌၁၀၃၂မှု ၆၅.၆၀၇ သန်းကျော်၊ မန္တလေးတိုင်းဒေသကြီး၌ ၃၆၆ မှု၊ ၄၂.၃၁ သန်းကျော်၊ရန်ကုန်တိုင်းဒေသကြီး၌ ၄၉၆ မှု၊ ၂၇.၆၅ သန်းကျော်၊ ရခိုင်ပြည်နယ်တွင် ၁၅၈ မှု၊ ၁၉.၄ သန်းကျော်၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၉၄ မှု၊ ၂.၇၇ သန်းကျော်၊ ကရင်ပြည်နယ်တွင် ၄၃၉ မှု၊ ၁.၂၆ သန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီးတွင်၅၈၀မှု၊၂.၉၁သန်းကျော်၊ မကွေးတိုင်းဒေသကြီးတွင် ၄၃ မှု၊ ၀.၂၄ သန်းကျော်၊ မွန်ပြည်နယ်တွင်၆၂၄ မှု၊ ၀.၅၅ သန်းကျော်၊ ကချင်ပြည်နယ်၌ ၁၈၉ မှု၊ ၅.၄၉ သန်းကျော်၊ ကယားပြည်နယ်၌ ၃၀ မှု၊ ၀.၀၁၇ သန်းကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၈၂ မှု၊ ၀.၄၈ သန်းကျော်၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၁၉ မှု၊ ၀.၀၄၉ သန်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် ၈၇ မှု၊ ၀.၂၈ သန်းကျော် ဖမ်းဆီးနိုင်ခဲ့ပါသည်။



၂၃။ ၂၀၂၁ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းနှင့်အထက် ဖမ်းဆီးရမိမှုထူးခြားဖြစ်စဉ်များမှာ နောင်ချိုမြို့နယ်တွင် ၁၇-၁-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၃ သန်း၊ သာစည်မြို့နယ်တွင် ၂၉-၁-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁.၅ သန်း၊ ၃၁-၁-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁၀.၂၃၇၅ သန်း၊ သီပေါမြို့နယ်တွင် ၄-၂-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁၄.၈ သန်း၊ ရွာငံမြို့နယ်တွင် ၅-၃-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁.၀၃ သန်း၊ ဘိန်းဖြူ ၆.၆ ကီလိုနှင့် ဘိန်းဆီခဲ ၆၂.၄ ကီလို၊ မင်္ဂလာဒုံမြို့နယ်တွင် ၂၅-၃-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁.၅၈ သန်း၊ ၁၇-၅-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၅ သန်း၊ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တို့တွင် ၅-၄-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၂၅ သန်း၊ မိတ္ထီလာမြို့နယ်တွင် ၁၃-၄-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁၀ သန်း၊ တာချီလိတ်မြို့နယ်တွင် ၂၄-၄-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁၂.၅၅ သန်း၊ ကက်တမင်း ၁.၅ ကီလို၊ အက်တက်စီ ၁၅၉ ပြား၊ လက်နက်ခဲယမ်းများ၊ မိုးညှင်းမြို့နယ်တွင် ၉-၈-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၂.၀၃၅၈ သန်း၊ ပင်လောင်းမြို့နယ်တွင် ၈-၁၁-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁.၄၃၈ သန်း၊ ကွန်ဟိန်းမြို့နယ်တွင် ၉-၁၁-၂၀၂၂ ရက်၌

စိတ်ကြွဆေးပြား ၁.၇၇ သန်းနှင့် ဝေါမြို့နယ်တွင် ၂၁-၁၁-၂၀၂၂ ရက်၌ စိတ်ကြွဆေးပြား ၁.၃၄ သန်း၊ အိုက်စ် ၂ ကီလိုတို့ ဖြစ်ပါသည်။

**စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရာလမ်းကြောင်း**

၂၄။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ စိတ်ကြွရူးသွပ်ဆေးပြားများကို အောက်ပါ လမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့မှ သီပေါ- ကျောက်မဲ- နောင်ချို- ပြင်ဦးလွင်- မန္တလေး မှတစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်၊

(ခ) ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ လင်တိကျေးရွာမှ မိုင်းရယ်- ကျေးသီး- လဲချား- ပင်လုံ- လွိုင်လင်- တောင်ကြီး- အောင်ပန်း- ရွာငံ-ကျောက်ဆည်- မန္တလေး၊

(ဂ) ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ - မိုင်းလုံ - မိုးကုတ်လမ်းကြောင်းအတိုင်း သပိတ်ကျင်း၊

(ဃ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိ- ကွန်ဟိန်း- ခိုလမ် -နမ့်စန်- လွိုင်လင်- တောင်ကြီး- ကလော - မန္တလေး၊

(င) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီး -အောင်ပန်း - သာစည် (ဘုရားငါးဆူ)- ပျော်ဘွယ် - တပ်ကုန်း- လယ်ဝေး- တောင်ငူ- ဖြူး- ညောင်လေးပင်- ပဲခူး လမ်းကြောင်းအတိုင်း ရန်ကုန်၊

(စ) ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့မှ လွိုင်လင်- တောင်ကြီး- အောင်ပန်း- ပင်လောင်း မြို့နယ်၊ လိန်းလီကြိုးတံတားမှတစ်ဆင့် နေပြည်တော်၊

(ဆ) ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး- ရန်ကုန်- စစ်တွေ- မောင်တောမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်၊

(ဇ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းကျေးရွာမှ မိုင်းနောင် - လဲချား - ပင်လုံ - လွိုင်လင် - တောင်ကြီး- အောင်ပန်း - ကလော - ပျော်ဘွယ်မှတစ်ဆင့် မန္တလေး - ရန်ကုန် အမြန်လမ်းအတိုင်း ရန်ကုန်မြို့၊

(ဈ) ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့မှ ဟိုပုံး-တောင်ကြီး-အေးသာယာ- ရွှေညောင်- နောင်တရား- ပင်လောင်း- လိန်းလီ- ပျဉ်းမနား- ရန်ကုန်-မန္တလေး(လမ်းဟောင်း)- ဘုရားကြီး- ကျိုက်ထို- သထုံ- ဘားအံမှတစ်ဆင့် မြဝတီ၊

(ည) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ ဝမ်ဆော့ကျေးရွာမှ မိုင်းရှူး- မိုင်းကောင်- မိုင်းရယ်- ဆောင်ကြဲ- (၉) မိုင်လမ်းခွဲ- သီပေါ- ကျောက်မဲ- နောင်ချိုလမ်းကြောင်းအတိုင်း နောင်ချိုမြို့နယ်၊ အုမ္မသီးလမ်းခွဲ၊

( ၌ )　ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့မှ ကွန်ဟိန်းမြို့နယ်၊ ကာလိ- တာကော်- မိုင်းပျဉ်း- တုံတာ- ကျိုင်းတုံ- မိုင်းဖြတ်- တာလေ- တာချီလိတ်၊

( ၍ )　ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် ပဲခူး(ဘုရားကြီးလမ်းခွဲ)- မော်လမြိုင်-ထားဝယ်-မြိတ်မြို့သို့လည်းကောင်း၊ ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်၊

( ဍ )　မန္တလေးမြို့- ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း- (၃၉)မိုင်- ဘုရားကြီး- ဝေါ- စစ်တောင်းတံတား- ဘီးလင်း- သထုံ- မော်လမြိုင်- မုဒုံ- ကြာအင်းဆိပ်ကြီး၊

( ဎ )　ရန်ကုန်မှ ပြည်- ပဒါန်း -အမ်း-မြောက်ဦး။

**အိုက်စ်ဖမ်းဆီးမှု**

၂၅။　အိုက်စ်ဖမ်းဆီးရမိမှုမှာ ၂၀၂၂ ခုနှစ်တွင် ၁၇၅ မှု၊ ၂၃၄၀၁.၉၁၉၈ ကီလို ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၁၂၆ မှု၊ ၁၃၈၁၅.၇၇၅၄၂ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် အိုက်စ် ဖမ်းဆီးမှုသည် ၂၀၂၁ ခုနှစ် ဖမ်းဆီးမှုထက် အမှု ၄၉ မှု၊ အလေးချိန် ၉၅၈၆.၁၄၄၃၈ ကီလို ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရ ပါသည်။

၂၆။　၂၀၂၂ ခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိုက်စ်ဖမ်းဆီး ရမိမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ၁၄ မှု၊ ၇၆၇၇.၅၃၄၂ ကီလို၊ မွန်ပြည်နယ်၌ ၁၄ မှု၊ ၅၈၈၁.၄၆၄၉၃ ကီလို၊ ရှမ်းပြည်နယ်၌ ၄၁ မှု၊ ၅၃၁၆.၄၁၅၈ ကီလို၊ ကရင်ပြည်နယ်၌ ၇ မှု၊ ၂၂၁၃.၇၄၅ ကီလို၊ တနင်္သာရီတိုင်း ဒေသကြီးတွင် ၆၃ မှု၊ ၁၀၂၃.၅၄၈၇၈ ကီလို၊ ရခိုင်ပြည်နယ်၌ ၆ မှု၊ ၁၀၀၀.၀၈၄၂၅ ကီလို၊ ရန်ကုန်တိုင်း ဒေသကြီး၌ ၂၆ မှု၊ ၂၇၅.၃၂၁၆၈ ကီလို၊ ချင်းပြည်နယ်၌ ၁ မှု၊ ၉.၅၅ ကီလို၊ နေပြည်တော်ကောင်စီနယ်မြေ၌ ၁ မှု၊ ၂.၀၁၉၃ ကီလို၊ ပဲခူးတိုင်းဒေသကြီး၌ ၂.၀၁၃ ကီလို၊ ကချင်ပြည်နယ်၌ ၁ မှု၊ ၀.၂၁၅ ကီလို၊ ဧရာဝတီတိုင်း ဒေသကြီး၌ ၀.၀၀၇၄၆ ကီလိုနှင့် မကွေးတိုင်း ဒေသကြီး၌ ၁ မှု၊ ၀.၀၀၀၄ ကီလို ဖမ်းဆီးရမိခဲ့ပါသည်။

၂၇။　၂၀၂၂ ခုနှစ်အတွင်း အိုက်စ် ဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ လှိုင်လင်မြို့နယ်တွင် ၇-၁-၂၀၂၂ ရက်၌ အိုက်စ် (မက်သ်အဖက်တမင်း) ၁၂၃၈ ကီလို၊ ပုသိမ်ကြီးမြို့နယ်တွင် ၁၀-၁-၂၀၂၂ ရက်၌ အိုက်စ် (မက်သ်အဖက်တမင်း) ၁၀၀၀ ကီလိုနှင့် စိတ်ကြွဆေးပြား ၃ သန်း၊ ၃-၃-၂၀၂၂ ရက်၌ အိုက်စ် ၁၁၈၀ ကီလိုနှင့် ကက်တမင်း ၁၁၁ ကီလို၊ ကျောက်ဆည်မြို့နယ်တွင် ၁၃-၁-၂၀၂၂ ရက်၌ အိုက်စ် (မက်သ်အဖက်တမင်း) ၉၉၀ ကီလို၊ ၂၉-၅-၂၀၂၂ ရက်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀ ကီလို၊ ပြင်ဦးလွင်မြို့နယ်တွင် ၄-၂-၂၀၂၂ ရက်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလို၊ ၃-၅-၂၀၂၂ ရက်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၂၅၁ ကီလို၊ ၈-၁၀-၂၀၂၂ ရက်၌ အိုက်စ် ၁၅၀၀ ကီလိုနှင့် ကက်တမင်း ၁ ကီလို၊ မိုးကုတ်မြို့နယ်တွင် ၁-၃-၂၀၂၂ရက်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၁၀၀၀ ကီလို၊ ကျိုက်ထိုမြို့နယ်တွင် ၁၁-၃-၂၀၂၂ ရက်၌ အိုက်စ် ၉၉၇ ကီလိုနှင့် ကက်တမင်း ၇၉၈ ကီလို၊ ၁၇-၃-၂၀၂၂ရက်၌ အိုက်စ် (မက်သ်အဖက်တမင်း) ၁၂၀၀ ကီလို၊




၂၀-၆-၂၀၂၂ ရက်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၁၇၀၀ ကီလို၊ ကက်တမင်း ၃၀၀ ကီလိုနှင့် ဆေးပြားရိုက်မို ၄၁ ချောင်း၊ အောက်ခံခွက် ၁၉ ခု၊ ရွာင်မြို့နယ်တွင် ၂၈-၆-၂၀၂၂ ရက်၌ အိုက်စ် ၁၀၀၀ ကီလို၊ ကွန်ဟိန်းမြို့နယ်တွင် ၁၉-၁၀-၂၀၂၂ ရက်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၁၀၉၆ ကီလို၊ မြိတ်မြို့နယ်တွင် ၉-၁၁-၂၀၂၂ ရက်၌ အိုက်စ် ၁၀၀၀ ကီလို၊ ကော့ကရိတ်မြို့နယ်တွင် ၂၂-၁၁-၂၀၂၂ ရက်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၀၀ ကီလို၊ ဝေါမြို့နယ်တွင် ၂၆-၁၁-၂၀၂၂ ရက်၌ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလို၊ မြေပုံမြို့နယ်တွင် ၂၅-၆-၂၀၂၂ ရက်၌ အိုက်စ် ၁၀၀၀ ကီလိုတို့ ဖြစ်ပါသည်။

**အိုက်စ် သယ်ဆောင်ရာလမ်းကြောင်း**

၂၈။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ အိုက်စ်များကို အောက်ပါလမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ကုန်းညောင်ကျေးရွာအနီးမှ သီပေါ- ကျောက်မဲ- နောင်ချို- ပြင်ဦးလွင်- စဉ့်ကိုင်- မိတ္ထီလာ- တပ်ကုန်း- တောင်ငူ- ညောင်လေးပင်- ပဲခူး လမ်းကြောင်းအတိုင်း ရန်ကုန်၊

(ခ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ဆောင်ကြဲကျေးရွာအကျော်မှ မိုင်းရယ်- ကျေးသီး- မိုင်းနောင်- ခိုလန်- နမ့်စန်- လွိုင်လင်- တောင်ကြီး- အောင်ပန်း- ရွာင်- ဟံမြင့်မိုရ်မှတစ်ဆင့် ရန်ကုန် - မန္တလေးလမ်းဟောင်းအတိုင်း ဘုရားကြီး-ကျိုက်ထို- သထုံ-ဘားအံ လမ်းကြောင်းအတိုင်း မြဝတီ၊

(ဂ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ် -သီပေါ- ကျောက်မဲ- မိုင်းလုံ- လယ်ကြီး- မိုးကုတ်- ဖော့တောလမ်းဆုံ-သပိတ်ကျင်း-စဉ့်ကူး - မတ္တရာလမ်းကြောင်းအတိုင်း မန္တလေး၊

(ဃ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ နမ့်လန် မှ ကျောက်ဂူ-အင်တော-ရပ်စောက်-ပင်းတယ- ရွာငံ- ဟံမြင့်မိုရ်- ပျော်ဘွယ်- နတ်မောက်- တောင်တွင်းကြီး- အောင်လံ- ပြည်-တိုက်ကြီး- မှော်ဘီ- ထောက်ကြန့်- (၃)လမ်းဆုံ- ပဲခူး- ဝေါ- မရမ်းချောင်- ကျိုက်ထို-ဘီးလင်း-သထုံ-မော်လမြိုင်-ရေး- ထားဝယ်၊

( င ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမှ နောင်ချို- ပြင်ဦးလွင် - မန္တလေး- ရန်ကုန်-ဖျာပုံ- ရေလမ်းကြောင်းအတိုင်း မလေးရှားနိုင်ငံ၊ လန်ဂါဝီကျွန်း၊

( စ ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချို- အုမ္မသီး- သုံးဆယ်- ဟိုခိုကျေးရွာမှ မိုးကုတ်-ပြင်ဦးလွင်သွား ကားလမ်းအတိုင်း မန္တလေး- မြင်းခြံ- ညောင်ဦး- ချောက်- ဆိပ်ဖြူ-စလင်း-မင်းဘူးမှ ပုသိမ်-မုံရွာလမ်းအတိုင်း ဥဿျစ်ပင်-ညောင်ကျိုး- တောင်ကုတ်မြို့-မလေးရှားပိုင်နက်ရေပြင်၊

(ဆ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်-နမ့်လန်-အင်တော- ကျောက်ဂူ- ရပ်စောက်- ကလော-သာစည်- ပျော်ဘွယ်မှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ဘုရားကြီး- ကျိုက်ထို-ဘီလင်း- မော်လမြိုင်- ထားဝယ်- မြိတ်မြို့မှတစ်ဆင့် မလေးရှားရေပြင်၊

( ဇ ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကောင်မြို့မှ မိုင်းရယ် - ကျေးသီး- မိုင်းနောင်- လဲချား-ပင်လုံ - လွိုင်လင် - တောင်ကြီး၊

( ဈ ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းကျေးရွာမှ မိုင်းရယ်- သီပေါ-ကျောက်မဲ- နောင်ချို- နန့်လင်းခန်ရွာလမ်းခွဲ- မိုးကုတ်- ပြင်ဦးလွင်- မန္တလေးမှ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ဘုရားကြီး- ဝေါ - ကျိုက်ထို- မော်လမြိုင် မှတစ်ဆင့် ကရင်ပြည်နယ်၊ ဘုရားသုံးဆူ၊

(ည) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့မှ တာကော်-မိုင်းပျဉ်း-တုံတာ လမ်းကြောင်းအတိုင်း ကျိုင်းတုံ - တာချီလိတ်၊

( ဋ ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဝမ်ဟိုင်း- မိုင်းနောင်- ဝမ်စိမ်း- ခိုလမ်- နမ့်စန်- မိုးနဲ-ဆိုက်ခေါင်- ကျောက်တလုံး- ညောင်ရွှေ- ရွှေညောင်- ဟဲဟိုး-အောင်ပန်း- ရွာငံမှ ရန်ကုန်-မန္တလေးအမြန်လမ်း၊ ဘုရားကြီး-ကျိုက်ထို-ဘားအံ- သဃန်းညီနောင်၊

( ဌ ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်း- မိုင်းနောင်-လဲချား-လွိုင်လင်-တောင်ကြီး-အောင်ပန်း-ရွာငံ- ကျောက်ဆည်- မိတ္ထီလာမှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ဘုရားကြီးလမ်းခွဲမှတစ်ဆင့် ကျိုက်ထို- သထုံ-ကော့ကရိတ်- မြဝတီ- ဝေါလေ၊

( ဍ ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ ဟိုက်ပါကျေးရွာအနီးမှ မိုင်းနောင်- ခိုလမ်-နမ့်စန်- လွိုင်လင်- တောင်ကြီး- ရွာငံ- ကျောက်ဆည်- မန္တလေး- ရန်ကုန် (လမ်းဟောင်း)-

ဘုရားကြီး- ကျိုက်ထို- မော်လမြိုင်- ထားဝယ်မှတစ်ဆင့် မလေးရှားပိုင်နက်ရေပြင်၊

( ဎ ) ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိ- နမ့်စန်- လွိုင်လင်- တောင်ကြီး- သာစည်- မန္တလေး၊

(ဏ) မန္တလေး-ရန်ကုန် လမ်းဟောင်းအတိုင်း ရမည်းသင်း- တပ်ကုန်း- နေပြည်တော်- တောင်ငူ- အုတ်တွင်း-ဖြူး- ညောင်လေးပင်-ဒိုက်ဦး- ဘုရားကြီး- ဝေါ- ကျိုက်ထို- ဘီးလင်း- သထုံ-ဘားအံ၊

(တ) စစ်တွေ-ပေါက်တော-ဖရုံကာကျွန်း အရှေ့ဘက်ရှိ ရေလမ်းကြောင်း(ပဒူပေါက်) အတိုင်း မလေးရှားနိုင်ငံရေပိုင်နက်(မြောက်လတ္တီတွဒ် ၀၆ ဒီ၊ ၃၀ မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၇ ဒီ၊ ၃၀ မိနစ်) သို့ ပင်လယ်ပြင်ရေလမ်းကြောင်းအတိုင်း မလေးရှား ပိုင်နက်ရေပြင်၊

(ထ) မိုင်းပျဉ်း- တုံတာ-ကျိုင်းတုံ-မိုင်းဖြတ်-တာလေ-မိုင်းကိုး-မယ်လိတ်ပါကော်-မိုင်းဖုန်း (က) အုပ်စုမှတစ်ဆင့် ဝမ်ပုံ။

**ကက်တမင်းဖမ်းဆီးမှု**

၂၉။ ကက်တမင်းဖမ်းဆီးရမိမှုမှာ ၂၀၂၂ ခုနှစ်တွင် ၅၁ မှု၊ ၂၃၂၈.၆၂၄၂၂ ကီလို ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၈ မှု၊ ၇၆၂.၀၂၁၂ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ကက်တမင်း ဖမ်းဆီးမှုသည် ၂၀၂၁ ခုနှစ် ဖမ်းဆီးမှုထက် ၄၃ မှု၊ ၁၅၆၆.၆၀၃၀၂ ကီလို ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။



၃၀။ ၂၀၂၂ ခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကက်တမင်း ဖမ်းဆီးရမိမှုအနေဖြင့် မွန်ပြည်နယ်၌ ၁ မှု၊ ၁၀၉၈.၀၀၃၂၂ကီလို၊ ရှမ်းပြည်နယ်၌ ၂၅ မှု၊ ၁၀၇၉.၉၉၅ ကီလို၊ မန္တလေးတိုင်းဒေသကြီး၌ ၂ မှု၊ ၁၃၈.၁၉၈၅ ကီလို၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၄ မှု၊ ၇.၆၃၃၂ ကီလို၊ ကရင်ပြည်နယ်၌ ၆ မှု၊ ၄.၇၁၀၆ ကီလို၊ နေပြည်တော်ကောင်စီနယ်မြေ၌ ၂ မှု၊ ၀.၀၆၈၅ ကီလို၊ တနင်္သာရီတိုင်း ဒေသကြီး၌ ၁ မှု၊ ၀.၀၁၄၂ ကီလိုနှင့် ကချင်ပြည်နယ်၌ ၀.၀၀၁ ကီလို ဖမ်းဆီးရမိခဲ့ပါသည်။

၃၁။ ၂၀၂၂ ခုနှစ်အတွင်း ကက်တမင်းဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ အမရပူရမြို့နယ်တွင် ၃-၃-၂၀၂၂ ရက်၌ အိုက်စ် ၁၂၃၈ ကီလိုနှင့် ကက်တမင်း ၁၁၁ ကီလို၊ ပင်လောင်းမြို့နယ်တွင် ၉-၃-၂၀၂၂ ရက်၌ ကက်တမင်း ၁၈၅ ကီလို၊ ကျိုက်ထိုမြို့နယ်တွင် ၁၁-၃-၂၀၂၂ ရက်၌ အိုက်စ် ၉၉၇ ကီလိုနှင့် ကက်တမင်း ၇၉၈ ကီလို၊ ၂၀-၆-၂၀၂၂ ရက်၌ အိုက်စ် ၁၇၀၀ ကီလိုနှင့် ကက်တမင်း ၃၀၀ ကီလို ဖြစ်ပါသည်။

**ကက်တမင်း သယ်ဆောင်ရာလမ်းကြောင်း**

၃၂။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ ကက်တမင်းများကို အောက်ပါလမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) လားရှိုးမြို့နယ်၊ စဥ့်အင်ကျေးရွာအနီးမှ သီပေါ - နောင်ချို - ပြင်ဦးလွင် - မန္တလေး၊

( ခ ) မိုင်းရယ်- နမ့်လန်လမ်းခွဲ- သီပေါ- ကျောက်မဲ- နောင်ချို- အုမ္မသီး လမ်းခွဲ - ဟိုခို- မိုးကြိုးပစ်- ပြင်ဦးလွင်-မန္တလေး-ရန်ကုန်- မန္တလေး(လမ်းဟောင်း)-ဘုရားကြီး- ဝေါ- စစ်တောင်းတံတား- မရမ်းချောင်- ကျိုက်ထို- သထုံလမ်းကြောင်းအတိုင်း ဘားအံ၊

( ဂ ) သီပေါမြို့နယ်၊ ဆန်းကျောက်ကျေးရွာအနီးမှ နမ့်လန်- အင်တော- ရပ်စောက်-ရွှေညောင်- ညောင်ရွှေ- ပင်လောင်း- လိန်းလီ မှတစ်ဆင့် နေပြည်တော်- ရန်ကုန်- မန္တလေးလမ်းဟောင်း အတိုင်း မြဝတီ၊

(ဃ) သီပေါမြို့နယ်၊ နမ့်လန် မှ ကျောက်ဂူ- အင်တော- ရပ်စောက်- ပင်းတယ- ရွာင်-ဟံမြင့်မိုရ်- ပျော်ဘွယ်-နတ်မောက်-တောင်တွင်းကြီး-အောင်လံ-ပြည်-တိုက်ကြီး-မှော်ဘီ-ထောက်ကြန့်- (၃)လမ်းဆုံ- ပဲခူး- ဝေါ- မရမ်းချောင်- ကျိုက်ထို- ဘီးလင်း-သထုံ- မော်လမြိုင်- ရေး- ထားဝယ်- မလေးရှားရေပြင်။

**အက်ဖီဒရင်း/ ဆူဒိုအက်ဖီဒရင်းဆေးပြား ဖမ်းဆီးရမိမှု**

၃၃။ စိတ်ကြွဆေးဝါးများ ထုတ်လုပ်ရာတွင် အဓိကပါဝင်ဓာတုပစ္စည်းဖြစ်သည့် အက်ဖီဒရင်းနှင့် ဆူဒိုအက်ဖီဒရင်းဆေးပြားများကို ၂၀၂၂ ခုနှစ်တွင် ဆူဒိုအက်ဖီဒရင်းဆေးပြား ၂ မှု၊ ၃၀.၅ သိန်း၊ အက်ဖီဒရင်း ၁ မှု၊ ၁ ကီလို ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးရမိမှု အလျဉ်းမရှိသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သူများသည် အက်ဖီဒရင်းများအား ပြန်လည်အသုံးပြုလာကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရပါသည်။

၃၄။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ အက်ဖီဒရင်း/ ဆူဒိုအက်ဖီဒရင်း ထုတ်လုပ်ရာဒေသနှင့် သယ်ဆောင်ရာလမ်းကြောင်းများကို အောက်ပါအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ကလေးဝ- တန့်ဆည်- ရေဦး- ရွှေဘို- စစ်ကိုင်း - မန္တလေး၊

( ခ )  အိန္ဒိယနိုင်ငံမှ တမူး- ခမ်းပါတ်- ကလေးဝ- ဂန့်ဂေါ- မုံရွာ- စစ်ကိုင်း- မန္တလေး။

**ထိန်းချုပ်ဓာတုပစ္စည်းများဖမ်းဆီးရမိမှု**

၃၅။ မူးယစ်ဆေးဝါးများထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော ဓာတ်ပြုပစ္စည်းများဖြစ်သည့် ဓာတုပစ္စည်းများကို မြန်မာနိုင်ငံတွင် ယခင်က ၂၈ မျိုးထိန်းချုပ်ထားခဲ့သော်လည်း မူးယစ်ဆေးဝါးတရားမဝင် ထုတ်လုပ်သူများသည် အဆိုပါ ထိန်းချုပ်ဓာတုပစ္စည်းများအစား ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများကို တရားမဝင် သယ်ဆောင်ကာ ပြုပြင်ပြောင်းလဲထုတ်လုပ်လျက်ရှိကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သိရသဖြင့် (၆၃)ကြိမ်မြောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာအထူးအစည်းအဝေး (CND) မှလည်း ထပ်မံထိန်းချုပ်သည့် ဓာတုပစ္စည်းများနှင့် မြန်မာနိုင်ငံ၏လိုအပ်ချက်အရ ထပ်မံထိန်းချုပ်သည့် ဓာတုပစ္စည်းစုစုပေါင်း ၁၁ မျိုးကို ၂၀၂၁ ခုနှစ် မေလ ၂၆ ရက်မှစ၍ ထပ်မံပေါင်းထည့်ပြီး စုစုပေါင်း ဓာတုပစ္စည်း ၃၉ မျိုးအား ထိန်းချုပ်ထားရှိခဲ့ရာ ၂၀၂၂ ခုနှစ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ၇၉ မှု၊ တန်ဖိုးငွေကျပ် ၂၇၆၀၂.၆၈၁ သန်း ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ၃၂ မှု၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၉၈၈၈.၄၈၆ သန်း ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၁ ခုနှစ်ထက် အမှု ၄၇ မှု၊ စုစုပေါင်းတန်ဖိုးငွေ ၁၇၇၁၄.၁၉၅ သန်း ပိုမိုဖမ်းဆီးနိုင်ခဲ့ပါသည်။





၃၆။ ၂၀၂၂ ခုနှစ်အတွင်း ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့်ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ တာချီလိတ်မြို့နယ်တွင် ၃-၆-၂၀၂၂ ရက်၌ ကဖင်း ၃၆၀၀ ကီလို၊ ၂၆-၇-၂၀၂၂ ရက်၌ ကဖင်း ၁၅၀၀ ကီလို၊ ၂၈-၁၂-၂၀၂၂ ရက်၌ ကဖင်း ၁၃၅၀ ကီလိုနှင့် မွေ့စက် ၄ လုံး၊ ၃၀-၁၂-၂၀၂၂ ရက်၌ ကဖင်း ၁၀၀၀ ကီလို၊ သာစည်မြို့နယ်တွင် ၆-၄-၂၀၂၂ ရက်၌ Acetone ၁၅၀၀ လီတာ၊ Chloroform အရည် ၇၅၀ လီတာ ၊ PHENOL LOOSE CRYSTALS အဖြူရောင် ပုံဆောင်ခဲ ၉၀၀၀ ကီလို၊ DI PROPYLENE GLYCOL DIBENZOATE အရည် ၆၅၀ လီတာ၊ ပြင်ဦးလွင်မြို့နယ်တွင် ၂၁-၅-၂၀၂၂ ရက်၌ Sulphuric Acid

၄၆၀၀ လီတာ၊ လားရှိုးမြို့နယ်တွင် ၉-၇-၂၀၂၂ ရက်၌ Sodium Acetate ၁၈၇၅ ကီလို၊ သိန္နီမြို့နယ်တွင် ၁၁-၇-၂၀၂၂ ရက်၌ Sodium Acetate ၂၅၀၀ ကီလို စတင်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မူဆယ်မြို့နယ်တွင် ထပ်မံသိမ်းဆည်းရမိသဖြင့် စုစုပေါင်း Sodium Acetate ၅၃၀၀ ကီလို၊ Potassium Sulfate ၂၄၀၀ ကီလို၊ Sodium Carbonate ၆၇၅၀ ကီလို၊ Sodium Chloride ၃၈၀ ကီလို၊ မူဆယ်မြို့တွင် ၂၅-၇-၂၀၂၂ ရက်၌ Theophylline Anhydrous အမှုန့် ၁၄၅၀၀ ကီလို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ပေါ်ပေါက်ချက်အရ ပြည်ကြီးတံခွန်မြို့နယ်တွင် Ammonium Nitrate ၃၀၀၀ ကီလိုနှင့် Copper Sulfate ၂၀၀၀ ကီလို၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၃-၈-၂၀၂၂ ရက်၌ Toluene ၆၀၉၀ လီတာ၊ ၂၆-၈-၂၀၂၂ ရက်၌ Toluene ၁၉၆၀၀ လီတာ၊ စစ်ကိုင်းမြို့တွင် ၃၀-၈-၂၀၂၂ ရက်၌ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၃ သိန်းနှင့် အီသိုင်းအီသာ ၃၆၀ လီတာ၊ မိုင်းရယ်မြို့နယ်တွင် ၂-၁၀-၂၀၂၂ ရက်၌ ဆာလဖျူရစ်အက်စစ် ၁၃၆၅၀ လီတာ၊ ဆိုဒီယမ် အီသောက်ဆိုဒ် ၅၄၀၀ ကီလို၊ မက်သနောနိုက်ထရစ်အက်စစ် ၂၁၆၀ လီတာ၊ ရွာငံမြို့နယ်တွင် ၂၆-၁၀-၂၀၂၂ ရက်၌ Sulphuric Acid ၄၃၀၀ လီတာတို့ ဖြစ်ပါသည်။

**ထိန်းချုပ်ဓာတုပစ္စည်းများသယ်ဆောင်ရာလမ်းကြောင်း**

၃၇။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ထိန်းချုပ်ဓာတုပစ္စည်းများကို အောက်ပါလမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ထိုင်း-မြန်မာနယ်စပ် မြဝတီမှ သယ်ဆောင်ရာလမ်းကြောင်း

- မြဝတီ- မော်လမြိုင်- မုတ္တမ- ပေါင်- သထုံ- ကျိုက်ထို- ဘုရားကြီး- ပဲခူး မှ ရန်ကုန်မြို့၊ ရန်ကုန်မြို့မှတစ်ဆင့် မန္တလေး။

(ခ) ထိုင်း-မြန်မာနယ်စပ် တာချီလိတ်မှ သယ်ဆောင်ရာလမ်းကြောင်း

(၁) မဲခေါင်မြစ်ကြောင်း- တာချီလိတ်မှ ကျိုင်းတုံ- တာကော်- လွိုင်လင်-ဟိုပုံး မှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး၊

(၂) မဲခေါင်မြစ်ကြောင်း-မိုင်းဖြတ်မြို့နယ်၊ ဘူရှီးလမ်းဆုံမှ တာချီလိတ်မြို့နယ်၊ ယန်းခေါင်အထိ၊

(၃) ထိုင်းနိုင်ငံ၊ မယ်ဆိုင်ချောင်း- တာချီလိတ်၊

(၄) တာချီလိတ်- ကျိုင်းတုံ- ကွန်ဟိန်း။

(ဂ) တရုတ်-မြန်မာနယ်စပ်မှ သယ်ဆောင်ရာလမ်းကြောင်း

(၁) တရုတ်-မြန်မာနယ်စပ် ကျင်စန်းကျော့ဂိတ်အနီးမှ မူဆယ်- နမ့်ဖက်ကာ- ကွတ်ခိုင်-သိန္နီ-လားရှိုး-မိုင်းရယ်၊

(၂) တရုတ်- မြန်မာနယ်စပ်၊ ကျင်စန်းကျော့ဂိတ်မှ မူဆယ်- လားရှိုး- မန္တလေး၊

(၃) တရုတ်- မူဆယ်- လားရှိုး- ၉ မိုင်လမ်းခွဲ- နမ့်လန်- ကျေးသီး- ဝမ်ဟိုင်း၊

(၄) မူဆယ်- လားရှိုး- မယ်ဟန်- နမ့်ပေါင်- မိုင်းရယ်- နမ့်ပုတ်- ဝမ်ဟိုင်း။

(ဃ) အိန္ဒိယ-မြန်မာနယ်စပ်မှ သယ်ဆောင်ရာလမ်းကြောင်း

- အိန္ဒိယနယ်စပ်မှ ကလေး- ကလေးဝ- တန့်ဆည်- ရေဦး-ရွှေဘို-စစ်ကိုင်း- မန္တလေး။

( င ) ရန်ကုန်မှ သယ်ဆောင်ရာလမ်းကြောင်း

(၁) ရန်ကုန်မှ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ပဲခူး-ဘုရားကြီး-တောင်ငူ- တပ်ကုန်း- ရမည်းသင်း- ပျော်ဘွယ်- ကလော- ရွှေညောင်- ရပ်စောက်-အင်တော- ကျောက်ဂူ-နောင်ဝိုးမှတစ်ဆင့် သီပေါမြို့နယ်၊ နမ့်လန်၊

(၂) ရန်ကုန်- မန္တလေး- လားရှိုး၊

(၃) ရန်ကုန်- ပဲခူး- (ရန်-မန်းလမ်းဟောင်းအတိုင်း)- ပျော်ဘွယ်- ကလော- တောင်ကြီး - လွိုင်လင်- နမ့်စန်(ပန်လင်းဆိုင်)၊

(၄) ရန်ကုန်-သာစည်-ကလော-အောင်ပန်း-ရပ်စောက်-အင်တော- ကျောက်ဂူ-နမ့်လန်၊

(၅) ရန်ကုန်-သာစည်-ကလော-တောင်ကြီး-လွိုင်လင်- ပင်လုံ- မိုင်းကိုင်- ကျေးသီး၊

(၆) ရန်ကုန်-တပ်ကုန်း- လိန်းလီ- ပင်လောင်း- ဆီဆိုင်- နမ့်စန်- ကာလိ- မိုင်းရှူး- ဝမ်ဟိုင်း၊

(၇) ရန်ကုန်- တောင်ငူ- လွိုင်ကော်- ဆိုက်ခေါင်- ဟိုပုံး- လွိုင်လင်- နမ့်စန်။

( စ ) မန္တလေးမှ သယ်ဆောင်ရာလမ်းကြောင်း

(၁) မန္တလေးမြို့ ထုံးဘိုလမ်းခွဲမှ ကျောက်ဆည်- မြို့ကြီး- ရွာငံ- ပင်းတယ - ရပ်စောက်- အင်တော- ကျောက်ဂူ၊

(၂) မန္တလေး- ရွာငံ- အောင်ပန်း- တောင်ကြီး- လွိုင်လင်- ပင်လုံ- မိုင်းကိုင်- ကျေးသီး-ဝမ်ဟိုင်း၊

(၃) မန္တလေး-ရွာငံ-ရပ်စောက်-အင်တော-ကျောက်ဂူ-နမ့်လန်-ကျေးသီး-ဝမ်ဟိုင်း၊

(၄) မန္တလေး-ပြင်ဦးလွင်-သီပေါ-လားရှိုး/၉ မိုင်-ဆောင်ကြဲ-မိုင်းရယ်-ဝမ်ဟိုင်း၊

(၅) မန္တလေး - ပြင်ဦးလွင်- နောင်ချို- လားရှိုး။

**ကဖင်း ဖမ်းဆီးရမိမှု**

၃၈။ ၂၀၂၂ ခုနှစ်တွင် ကဖင်း ၅ မှု၊ ၉၀၃၆.၀၁ ကီလို ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၃ ခုနှစ်အတွင်း ကဖင်း ၂ မှု၊ ၉၃၅၅ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၃ ခုနှစ် ဖမ်းဆီးမှုထက် အမှုအရေအတွက် များလာသော်လည်း ဖမ်းဆီးရမိပမာဏ လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။



၃၉။ ၂၀၂၂ ခုနှစ်အတွင်း ကဖင်းဖမ်းဆီးရမိမှုအနေဖြင့် ရှမ်းပြည်နယ်၌ ၅ မှု၊ အလေးချိန် ၉၀၃၆.၀၁ ကီလို ဖမ်းဆီးရမိခဲ့ပါသည်။

၄၀။ ၂၀၂၂ ခုနှစ်အတွင်း ကဖင်းဖမ်းဆီးရမိမှုထူးခြားဖြစ်စဉ်များအနေဖြင့် တာချီလိတ်မြို့နယ်တွင် ၁၂-၃-၂၀၂၂ ရက်၌ ကဖင်း ၁၀၀၀ ကီလို၊ ၃-၆-၂၀၂၂ ရက်၌ ကဖင်း ၃၆၀၀ ကီလို၊ ၂၆-၇-၂၀၂၂ ရက်၌ ကဖင်း ၁၅၀၀ ကီလို၊ ၂၈-၁၂-၂၀၂၂ ရက်၌ ကဖင်း ၁၃၅၀ ကီလိုနှင့် မွှေစက် ၄ လုံး၊ ၃၀-၁၂-၂၀၂၂ ရက်၌ ကဖင်း ၁၀၀၀ ကီလိုတို့ ဖြစ်ပါသည်။

## ကဖင်းသယ်ဆောင်ရာလမ်းကြောင်း

၄၁။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ကဖင်းများကို ဗီယက်နမ်နိုင်ငံ-လာအိုနိုင်ငံ- မဲခေါင်မြစ်ကြောင်းမှ တစ်ဆင့် အောက်ပါလမ်းကြောင်းအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည် -

(က) မိုင်းဖြတ်မြို့နယ်၊ ဘူရှီး လမ်းဆုံမှ တာချီလိတ်မြို့နယ်၊ ယန်းခေါင်၊

( ခ ) မိုင်းဆတ်မြို့နယ်၊ ဆိုက်ခေါင်ကျေးရွာအထွက်မှ မိုင်းတွမ်း-ကြိုးတံတား-ရေပူစမ်း-ရွှေတောင်ရွှေနီ -ဆိတ်ခြံကုန်း- ဟွေရဲမြို့ရှောင်လမ်း၊

( ဂ ) တာချီလိတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု၊ ဝမ်လုံးကျေးရွာကွက်သစ်မှ ကျိုင်းတုံ-တာကော်-ကွန်ဟိန်း မြို့နယ်၊ ဖန်လန်းကျေးရွာအုပ်စု၊ ဖန်လန်းကျေးရွာ၊

(ဃ) တာချီလိတ်မှ ကျိုင်းတုံ- တာကော်- လွိုင်လင်- ဟိုပုံး မှတစ်ဆင့် တောင်ကြီးမြို့။

## နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှု

၄၂။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ နှစ်နိုင်ငံအချင်းချင်း သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဆက်ဆံရေးရုံးများကို တရုတ်နယ်စပ်

# နယ်စပ်ဆက်ဆံရေးရုံးများ

(၁) လွယ်ဂျယ်/ လားရှင်း
(၂) မူဆယ်/ ရွှေလီ
(၃) လောက်ကိုင်/နမ့်စန်
(၄) ဝမ်ကျင်း/ ချိန်ကော့
(၅) ဝမ်ပုံ/ ဘန်မွန်း
(၆) တာချီလိတ်/ မယ်ဆိုင်
(၇) မြဝတီ/ မဲဆောက်
(၈) ကော့သောင်း/ ရနောင်း
(၉) တမူး/ မိုးရေး
(၁၀) ရိဒ်ခေါဒါလ်/ ဇိုခေါသာ
(၁၁) ပန်ဆောင်/ ချန်လန်း
(၁၂) မြစ်ကြီးနား/ ထိန်ခြုံး
(၁၃) မောင်တော/ တက္ကနဖ်




လွယ်ဂျယ်၊ မူဆယ်၊ လောက်ကိုင်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် ၄ ရုံး၊ လာအိုနယ်စပ်တွင် ဝမ်ပုံနှင့် ဝမ်ကျင်း ၂ ရုံး၊ ထိုင်းနယ်စပ်ဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့တွင် ၃ ရုံး၊ အိန္ဒိယနယ်စပ်တွင် ပန်ဆောင်၊ တမူးနှင့် ရိဒ်ခေါဒါလ် တို့တွင် ၃ ရုံး၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောတွင် ၁ ရုံး၊ စုစုပေါင်း ၁၃ ရုံးတို့အား ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ဆက်ဆံရေးရုံး ဖွင့်လှစ်၍ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများအတွင်း ပြစ်မှုအမျိုးမျိုးဖြင့် တိမ်းရှောင်နေသော တရားခံများအား နှစ်နိုင်ငံချင်း လွှဲပြောင်းပေးမှုမှာ ၂၀၀၁ မှ ၂၀၂၁ ခုနှစ်အထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးမှု ၂၉ ကြိမ်၊ တရားခံ ၇၃ ဦး၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၀၄ မှ ၂၀၁၃ ခုနှစ်အထိ လွှဲပြောင်းပေးမှု ၁၈ ကြိမ်၊ တရားခံ ၁၇ ဦး လွှဲပြောင်းပေးခဲ့ပြီး ၁၉၉၇ မှ ၂၀၂၂ ခုနှစ်အထိ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးမှု ၂၁ ကြိမ်၊ တရားခံ ၂၅ ဦး၊ ၂၀၀၅ မှ ၂၀၁၃ ခုနှစ်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမှု ၃ ကြိမ်၊ တရားခံ ၃ ဦး၊ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ အီတလီနိုင်ငံသို့ လွှဲပြောင်းပေးမှု ၁ ကြိမ်၊ တရားခံ ၁ ဦး၊ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့

လွှဲပြောင်းပေးမှု ၁ ကြိမ်၊ တရားခံ ၁ ဦး၊ ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမှု ၁ ကြိမ်၊ တရားခံ ၁ ဦး ဖမ်းဆီးလွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

**ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ရေးဆွဲဆောင်ရွက်ခြင်း**

၄၃။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိရောက်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပါသည်။

**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများဆောင်ရွက်မှု**

၄၄။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများ၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာ လမ်းကြောင်းပြောင်းလဲမှုများအပေါ် သုံးသပ်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အထူးစစ်ဆင်ရေး ၃၈ ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှာ လာအို- မြန်မာ- ထိုင်း ၃ နိုင်ငံပါဝင်သည့် Operation 1511/22 အထူးစစ်ဆင်ရေးနှင့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဆက်စပ် တိုင်းဒေသကြီး၊ ပြည်နယ်တို့ ပါဝင်သည့် မန်း-ကမ္ဘောဇ (၄) အထူးစစ်ဆင်ရေးတို့ကို ဇန်နဝါရီလ ၁၅ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ လည်းကောင်း၊ မန်း-ကမ္ဘောဇ (၅) အထူးစစ်ဆင်ရေးကို ဇူလိုင်လ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ အထိလည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ဆက်စပ် ကယားပြည်နယ်(လွိုင်ကော်)တို့ပါဝင်သည့် ရှမ်းရိုးမ (၆) စစ်ဆင်ရေးကို နိုဝင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်-

(က) **Operation 1511/22 အထူးစစ်ဆင်ရေးနှင့် မန်း-ကမ္ဘောဇ (၄) အထူးစစ်ဆင်ရေး။** ရွှေတြိဂံဒေသအတွင်းသို့ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ မဝင်ရောက်စေရေးနှင့် ဒေသအတွင်းမှ မူးယစ်ဆေးဝါးများဒေသအပြင်သို့ မရောက်ရှိစေရေး လာအို-မြန်မာ-ထိုင်း ၃ နိုင်ငံအကြား တစ်ချိန်တည်းတစ်ပြိုင်တည်း မိမိနိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်သည့် Operation 1511/22 တွင် မြန်မာနိုင်ငံ၊ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့ပါဝင်ပြီး မြန်မာနိုင်ငံအနေနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီးနှင့် ဆက်စပ် တိုင်းဒေသကြီး၊ ပြည်နယ်တို့ပါဝင်သည့် မန်း-ကမ္ဘောဇ (၄) အထူးစစ်ဆင်ရေးနှင့် ဆက်စပ် ဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၈၆၅ မှု၊ တရားခံပေါင်း ၁၂၅၃ ဦး တို့အား ဘိန်း ၂၂ မှု၊ ၃၃၀.၈၄၂ ကီလိုဂရမ်၊ ဘိန်းဖြူ ၁၂၄ မှု၊ ၄၁၁.၆၉၉ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၈ မှု၊ ၇၄.၄၈ သန်းကျော်၊ အိုက်စ် ၁၉ မှု၊ ၇.၈၄၆ တန်ကျော်၊ ကက်တမင်း ၁၀ မှု၊ ၅၅၁

ကီလိုကျော်၊ ဆေးခြောက် ၃၃ မှု၊ ၁၁၀ ကီလိုကျော်၊ ဘိန်းဆီခဲ ၆ မှု၊ ၁၃၃ ကီလိုကျော်၊ ကဖင်း ၁ မှု၊ ၁ တန်ကျော်၊ အက်တက်စီဆေးပြား ၅ မှု၊ ၆၈၈၃ ပြား၊ ဆိုဒီယမ်ဆိုင်ရာနိုက် ၂ မှု၊ ၁၄၀၅၀ ကီလိုအပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၉၅.၄၈၃ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ပါသည်။

( ခ ) **မန်း-ကမ္ဘောဇ(၅)အထူး စစ်ဆင်ရေး။** ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ မန်း-ကမ္ဘောဇ(၅)အထူးစစ်ဆင်ရေးကို မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဆက်စပ်ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့၌ ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် အမှုပေါင်း ၅၆၈ မှု၊ တရားခံ ၈၉၆ ဦးတို့အား ဘိန်း ၁၄ မှု၊ ၂၉၁ ကီလိုကျော်၊ ဘိန်းဖြူ ၉၆ မှု၊ ၃၀၃.၉၂ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၇ မှု၊ ၁၀.၅၈ သန်းကျော်၊ အိုက်စ် ၁၆ မှု ၊ ၁၄၂၇ ကီလိုကျော်၊ ဆေးခြောက် ၂၀ မှု၊ ၅၃ ကီလိုကျော်၊ ကက်တမင်း ၆ မှု၊ ၃၂၆ ကီလိုကျော်၊ အက်တက်စီဆေးပြား ၈ မှု၊ ၁၇၃၈၀ ပြား၊ Happy Water ၁၁ မှု၊ ၈ ကီလိုကျော်၊ ကဖင်း ၂ မှု၊ ၁၈၀၀ ကီလို၊ Theophylline

အထူးစစ်ဆင်ရေး ၃၈ ကြိမ် ဆောင်ရွက်ခဲ့မှု နေရာပြမြေပုံ




| ဆောင်ရွက်ခဲ့သည့် စစ်ဆင်ရေးများ | | | |
|---|---|---|---|
| | ၂၀၁၃<br>၂ ကြိမ် | [illegible] | စစ်ကိုင်းတိုင်းဒေသကြီး<br>ရှမ်းပြည်နယ်တောင်ပိုင်း |
| | ၂၀၁၄<br>၅ ကြိမ် | ချင်းတွင်းစစ်ဆင်ရေး<br>[illegible](၁)<br>[illegible](၂)<br>[illegible]<br>[illegible] | စစ်ကိုင်းတိုင်းဒေသကြီး<br>မန္တလေးတိုင်းဒေသကြီး<br>မန္တလေးတိုင်းဒေသကြီး<br>ကချင်ပြည်နယ်<br>မွန်ပြည်နယ် |
| | ၂၀၁၅<br>၆ ကြိမ် | ရွှေလီ (၂) စစ်ဆင်ရေး<br>[illegible]-၁ စစ်ဆင်ရေး<br>[illegible]-၂ စစ်ဆင်ရေး<br>[illegible] စစ်ဆင်ရေး<br>[illegible]စစ်ဆင်ရေး<br>[illegible]စစ်ဆင်ရေး | ရှမ်းပြည်နယ်တောင်ပိုင်း<br>ရှမ်းပြည်နယ်အရှေ့ပိုင်း<br>ရှမ်းပြည်နယ်အရှေ့ပိုင်း<br>ရှမ်းပြည်နယ်မြောက်ပိုင်း<br>နေပြည်တော်<br>ရခိုင်ပြည်နယ် |
| | ၂၀၁၆<br>၃ ကြိမ် | ရတနာပုံ - ၃ စစ်ဆင်ရေး<br>[illegible]စစ်ဆင်ရေး<br>ပေါင်းလောင်း - ၂ စစ်ဆင်ရေး | မန္တလေးတိုင်းဒေသကြီး<br>ရန်ကုန်တိုင်းဒေသကြီး<br>နေပြည်တော် |
| | ၂၀၁၇<br>၄ ကြိမ် | [illegible]စစ်ဆင်ရေး<br>ရှမ်းရိုးမ စစ်ဆင်ရေး<br>ချင်းတွင်းစစ်ဆင်ရေး<br>[illegible]စစ်ဆင်ရေး | ရခိုင်ပြည်နယ်<br>ရှမ်းပြည်နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး<br>ကချင်ပြည်နယ် |
| | ၂၀၁၈<br>၄ ကြိမ် | [illegible]စစ်ဆင်ရေး<br>[illegible] - ၂ စစ်ဆင်ရေး<br>မန်း-ကမ္ဘောဇ စစ်ဆင်ရေး<br>မြန်မာ-ထိုင်း နှစ်နိုင်ငံ (JAP) [illegible]စစ်ဆင်ရေး | တနင်္သာရီတိုင်းဒေသကြီး<br>ရခိုင်ပြည်နယ်<br>ရှမ်းပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီး<br>ရှမ်းပြည်နယ်အရှေ့ပိုင်း |
| | ၂၀၁၉<br>၃ ကြိမ် | [illegible] စစ်ဆင်ရေး<br>ရှမ်းရိုးမ - ၂ စစ်ဆင်ရေး<br>[illegible] စစ်ဆင်ရေး | ရခိုင်ပြည်နယ်<br>ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တောင်ငူ<br>စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီး |
| | ၂၀၂၀<br>၃ ကြိမ် | Operation 1511 စစ်ဆင်ရေး<br>ရှမ်းရိုးမ - ၃ စစ်ဆင်ရေး<br>မန်း-ကမ္ဘောဇ - ၂ စစ်ဆင်ရေး | ရှမ်းပြည်နယ်<br>ရှမ်းပြည်နယ်နှင့် ဆက်စပ်တိုင်းဒေသကြီး/ပြည်နယ်များ<br>မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| | ၂၀၂၁<br>၄ ကြိမ် | ရှမ်းရိုးမ - ၄ စစ်ဆင်ရေး<br>မြန်မာ-လာအို- ထိုင်း ၃ နိုင်ငံပူးပေါင်း [illegible]စစ်ဆင်ရေး<br>မန်း-ကမ္ဘောဇ - ၃ စစ်ဆင်ရေး<br>ရှမ်းရိုးမ - ၅ စစ်ဆင်ရေး | ရှမ်းပြည်နယ်နှင့် ဆက်စပ်တိုင်းဒေသကြီး/ပြည်နယ်များ<br>မြန်မာ-လာအို- ထိုင်း ၃ နိုင်ငံ ([illegible])<br>မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် နှင့် ဆက်စပ် ကယားပြည်နယ်၊ နေပြည်တော်<br>ရှမ်းပြည်နယ်နှင့် ဆက်စပ်ကယားပြည်နယ်၊ နေပြည်တော် |
| | ၂၀၂၂<br>၄ ကြိမ် | မန်း-ကမ္ဘောဇ - ၄ စစ်ဆင်ရေး<br>Operation1511/22 စစ်ဆင်ရေး<br>မန်း-ကမ္ဘောဇ - ၅ စစ်ဆင်ရေး<br>ရှမ်းရိုးမ - ၆ စစ်ဆင်ရေး | မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဆက်စပ်တိုင်းဒေသကြီး/ပြည်နယ်များ<br>လာအို - မြန်မာ - ထိုင်း<br>မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဆက်စပ်တိုင်းဒေသကြီး/ပြည်နယ်များ<br>ရှမ်းပြည်နယ်နှင့် ဆက်စပ်ကယားပြည်နယ်၊ နေပြည်တော် |

၁ မှု၊ ၁၄၅၀၀ ကီလို၊ တော်လူအင်း ၅ မှု၊ ၂၅၈၆၀ လီတာ၊ အက်ဖီဒရင်း(အမှုန့်) ၁ မှု၊ ၁ ကီလို၊ စိတ်ကြွဆေးပြားအကြေ ၁ မှု ၂ ကီလို၊ Acetic Acid (Sodium Salt) ၁ မှု၊ ၂၀၀၀၀ ကီလို အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၇.၆၈ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ပါသည်။

( ဂ ) **ရှမ်းရိုးမ-၆ အထူးစစ်ဆင်ရေး။** ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရှမ်းရိုးမ-၆ အထူးစစ်ဆင်ရေးကို ရှမ်းပြည်နယ်နှင့် ဆက်စပ် ကယားပြည်နယ်၊ လွိုင်ကော်တို့တွင် ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် အမှုပေါင်း ၂၈၄ မှု၊ တရားခံပေါင်း ၃၈၃ ယောက်တို့အား ဘိန်း ၁၃ မှု၊ ၁၁၁ ကီလို ကျော်၊ ဘိန်းဖြူ ၄၁ မှု၊ ၇၄ ကီလိုကျော်၊ ဘိန်းညှိမှုန့် ၁မှု၊ ၆၀ ကီလို၊ ဘိန်းဆီခဲ ၁ မှု၊ ၁၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉ မှု၊ ၉.၄၄ သန်းကျော်၊ စိတ်ကြွဆေးအကြေ ၂၅၇ ကီလိုကျော်၊ အိုက်စ် ၆ မှု ၁၄၃ ကီလိုကျော်၊ ဆေးခြောက် ၈ မှု၊ ၇၄ ကီလိုကျော်၊ ကက်တမင်း ၅ မှု၊ ၂၈၄ ကီလိုကျော်၊ အက်တက်စီဆေးပြား ၄ မှု၊ ၆.၂၃ သိန်းကျော်၊ Happy Water ၁၁ မှု၊ ၁၄၂ ကီလိုကျော်၊ ကဖင်း ၁ မှု၊ ၁၃၈ ကီလို၊Toluene ၁ မှု၊ ၃၄၅၀ လီတာ ၊ Ethly Acetate ၃၁၂၀ လီတာ၊ Coloroform ၁ မှု၊ ၄၈၀၀ လီတာ၊ Erimin-5 ၃၅၀၀၀ ပြား၊ Sodium Acetate ၁ မှု ၅၂၅၀ ကီလို အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၉၂.၉၈ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ပါသည်။

**မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောမှု**

၄၅။ ၂၀၂၂ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲအကြိမ် ၁၂၁၇ ကြိမ်တွင် တက်ရောက်သူ ၃၆၀၁၀ ဦးအား အသိပညာ ပေးနိုင်ခဲ့ပါသည်။

| စဉ် | တိုင်း/ပြည်နယ် | အကြိမ် | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၁၄ | ၁၈၂၈ |
| ၂။ | ကယားပြည်နယ် | ၂ | ၂၅၃ |
| ၃။ | ကရင်ပြည်နယ် | ၁၀ | ၅၃၀ |

| | | | |
|---|---|---|---|
| ၄။ | ချင်းပြည်နယ် | ၁၅ | ၂၀၇ |
| ၅။ | စစ်ကိုင်းတိုင်း | ၁၁ | ၁၂၃၉ |
| ၆။ | တနင်္သာရီတိုင်း | ၁၅ | ၈၀၁ |
| ၇။ | ရခိုင်ပြည်နယ် | ၁၆ | ၁၁၁၂ |
| ၈။ | မကွေးတိုင်း | ၉၇၂ | ၁၉၅၀၇ |
| ၉။ | မန္တလေးတိုင်း | ၁၁ | ၅၃၈ |
| ၁၀။ | မွန်ပြည်နယ် | ၁၅ | ၂၁၉၀ |
| ၁၁။ | ရန်ကုန်တိုင်း | ၁၃ | ၁၃၇၄ |
| ၁၂။ | ပဲခူးတိုင်း | ၂၈ | ၂၄၂၉ |
| ၁၃။ | ရှမ်းပြည်နယ် | ၇၂ | ၃၁၁၂ |
| ၁၄။ | ဧရာဝတီတိုင်း | ၁၇ | ၆၁၅ |
| ၁၅။ | နေပြည်တော် | ၆ | ၂၇၅ |
| | **စုစုပေါင်း** | **၁၂၁၇** | **၃၆၀၁၀** |

**မူးယစ်ဆေးဝါးရှာဖွေသည့် ခေတ်မီပစ္စည်းကိရိယာဖြန့်ဝေထားရှိမှု**

၄၆။ အမေရိကန်နိုင်ငံလုပ် LEIDOS VACIS M6500 အမျိုးအစား (တန်ဖိုးငွေကျပ်သန်းပေါင်း ၆၄၄၃ သန်း) Mobile X-Ray စက်အသုံးပြု၍ X-Ray စက်တပ်ဖွဲ့စု (ပြင်ဦးလွင်) ကို ပြင်ဦးလွင်မြို့ အနီးတွင် အခြေပြုပြီး ၈-၅-၂၀၁၉ ရက်နေ့မှစ၍ မန္တလေး-မူဆယ်ပြည်ထောင်စုကားလမ်းပေါ်ရှိ ဖြတ်သန်းသွားလာသည့် ယာဉ်များကို စစ်ဆေးလျက်ရှိပြီး ၂၈-၆-၂၀၂၂ ရက်နေ့တွင် ရွှာင်မြို့နယ်၊ မြို့ကြီးကျေးရွာအနီးသို့ ပြောင်းရွှေ့ ဖွင့်လှစ်ကာ တောင်ကြီး-မန္တလေးလမ်းပေါ်ရှိ ဖြတ်သန်းသွားလာသည့်ယာဉ်များကို စစ်ဆေးလျက်ရှိပါသည်။

၄၇။ ရုရှားနိုင်ငံလုပ် Agilent Resolve MXVSS အမျိုးအစား (တန်ဖိုးငွေကျပ်သန်းပေါင်း ၆၄၅၃ သန်း) Mobile X-Ray စက်အသုံးပြု၍ X-Ray စက်တပ်ဖွဲ့စု(ကျွဲတပ်ဆုံ)ကို သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာ အနီးတွင် အခြေပြုပြီး ၅-၇-၂၀၁၉ ရက်နေ့မှစတင်၍ မိတ္ထီလာ-တောင်ကြီးကားလမ်းပေါ်ရှိ ဖြတ်သန်း သွားလာသည့်ယာဉ်များကို စစ်ဆေးလျက်ရှိပါသည်။

၄၈။ အမေရိကန်နိုင်ငံလုပ် VACIS IP 6500 အမျိုးအစား (ငွေကျပ်သန်းပေါင်း ၆၄၆၈.၂၅ သန်း) X-Ray စက် အသုံးပြုသည့် X-Ray စက်တပ်ဖွဲ့စု(ဝက်ဝံ)အား ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအနီးတွင် ၄-၂-၂၀၂၂ ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေး - မူဆယ်ပြည်ထောင်စုလမ်းမပေါ်ရှိ ဖြတ်သန်းသွားလာသည့်ယာဉ် များကို စစ်ဆေးလျက်ရှိပါသည်။


လက်ကိုင်ဓာတုပစ္စည်းစစ်ဆေးသည့်ကိရိယာ Rigaku (၇)လုံးဖြန့်ဝေထားရှိမှု အခြေအနေ
(၁) အမှတ်(၂၂)၊ မူးယစ်တပ်ဖွဲ့စု၊ မူဆယ်
(၂) အမှတ်(၂၄)၊ မူးယစ်တပ်ဖွဲ့စု၊ လားရှိုး
(၃) အမှတ်(၁၇)၊ မူးယစ်တပ်ဖွဲ့စု၊ မန္တလေး(မ)
(၄) အမှတ်(၂၅)၊ မူးယစ်တပ်ဖွဲ့စု၊ တောင်ကြီး
(၅) အမှတ်(၃၀)၊ မူးယစ်တပ်ဖွဲ့စု၊ တာချီလိတ်
(၆) အမှတ်(၃)၊ မူးယစ်တပ်ဖွဲ့ခွဲ၊ ရန်ကုန်
(၇) အမှတ်(၃၂)၊ မူးယစ်တပ်ဖွဲ့စု၊ မြဝတီ


လက်ကိုင် X-Ray စက် (၁၄)လုံးဖြန့်ဝေထားရှိမှု အခြေအနေ
လက်ကိုင်X-Ray စက် ဖြန့်ဝေထားသည့်တပ်ဖွဲ့စုများ
အမှတ်(၁၀၁)၊ မူးယစ်တပ်ဖွဲ့ခွဲ၊ နေပြည်တော်
အမှတ်(၁၅)၊ မူးယစ်တပ်ဖွဲ့စု၊ မကွေး
အမှတ်(၁၇)၊ မူးယစ်တပ်ဖွဲ့စု၊ မန္တလေး(မြောက်)
အမှတ်(၁၈)၊ မူးယစ်တပ်ဖွဲ့စု၊ မန္တလေး(တောင်)
အမှတ်(၂၂)၊ မူးယစ်တပ်ဖွဲ့စု၊ မူဆယ်
အမှတ်(၂၄)၊ မူးယစ်တပ်ဖွဲ့စု၊ လားရှိုး
အမှတ်(၂၅)၊ မူးယစ်တပ်ဖွဲ့စု၊ တောင်ကြီး
အမှတ်(၂၆)၊ မူးယစ်တပ်ဖွဲ့စု၊ ပင်လောင်း
အမှတ်(၂၇)၊ မူးယစ်တပ်ဖွဲ့စု၊ လွိုင်လင်(နမ့်စန်)
အမှတ်(၂၈)၊ မူးယစ်တပ်ဖွဲ့စု၊ ကျိုင်းတုံ
အမှတ်(၃၀)၊ မူးယစ်တပ်ဖွဲ့စု၊ တာချီလိတ်
အမှတ်(၃၇)၊ မူးယစ်တပ်ဖွဲ့စု၊ ပြည်
အမှတ်(၃၈)၊ မူးယစ်တပ်ဖွဲ့စု၊ မော်လမြိုင်
အမှတ်(၄၀)၊ မူးယစ်တပ်ဖွဲ့စု၊ ရန်ကုန်(မြောက်)
Heuresis
HBI-120
Backscatter
X-Ray Imager

ရုရှားနိုင်ငံလုပ် Agilent Resolve MXVSS အမျိုးအစား(တန်ဖိုးငွေကျပ်သန်းပေါင်း ၆၄၅၃ သန်း)



အမေရိကန်နိုင်ငံလုပ် LEIDOS VACIS M6500 အမျိုးအစား (တန်ဖိုးငွေကျပ်သန်းပေါင်း ၆၄၄၃ သန်း)



Russia နိုင်ငံလုပ် Linear Electron Accelerator (LINACS) အမျိုးအစား (ငွေကျပ် သန်းပေါင်း ၆၄၂၀ သန်း)



အမေရိကန်နိုင်ငံလုပ် VACIS IP 6500 အမျိုးအစား (ငွေကျပ်သန်းပေါင်း ၆၄၆၀.၂၅ သန်း)



၄၉။ Russia နိုင်ငံလုပ် Linear Electron Accelerator (LINACS) အမျိုးအစား (ငွေကျပ် သန်းပေါင်း ၆၄၂၀ သန်း) X-Ray စက်အသုံးပြုသည့် X-Ray စက်တပ်ဖွဲ့စု(ညောင်ခါးရှည်)အား ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် ၂၅-၈-၂၀၂၂ ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်-မော်လမြိုင်လမ်းမကြီးပေါ်ရှိ ဖြတ်သန်းသွားလာသည့် ယာဉ်များကို စစ်ဆေးလျက်ရှိပါသည်။

၅၀။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် Rigaku Chemical Scanner ၇ လုံးကို မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းများပေါ်ရှိ အချက်အချာကျသည့် မန္တလေးမြို့၊ မူဆယ်မြို့၊ လားရှိုးမြို့၊ တောင်ကြီးမြို့၊ တာချီလိတ်မြို့၊ ရန်ကုန်မြို့နှင့် မြဝတီမြို့များရှိ တပ်ဖွဲ့စုများတွင် ဖြန့်ခွဲပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၅၁။ လက်ကိုင် X-Ray စက် ၁၄ လုံးကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့်ဝယ်ယူပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းပေါ်ရှိ မြို့များနှင့် အချက်အချာကျသည့် မြို့များဖြစ်သည့် နေပြည်တော်၊ မကွေး၊ မန္တလေး၊ မူဆယ်၊ လားရှိုး၊ တောင်ကြီး၊ ပင်လောင်း၊ လွိုင်လင်၊ ကျိုင်းတုံ၊ တာချီလိတ်၊ ပြည်၊ မော်လမြိုင်၊ ရန်ကုန်တို့ရှိ မူးယစ်တပ်ဖွဲ့စုများတွင် ဖြန့်ခွဲ၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

**ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း**

၅၂။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် မြန်မာနိုင်ငံအတွင်း တစ်နှစ်တာဖမ်းဆီး ရမိမူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများမီးရှို့ဖျက်ဆီးခြင်းအစီအစဉ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့တို့တွင် ပြုလုပ်ခဲ့ရာ ဇွန်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်(အနောက်ပိုင်း)ကုန်တင်ယာဉ်ရပ်နားကွင်း၌ ငွေကျပ် ၃၅၆.၆၈၈ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၉၂.၈၀၄ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၃၃ မျိုး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်လေဆိပ်ဟောင်း၌ ငွေကျပ် ၃၁၆.၇၇၈ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၇၁.၂၃၁ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၂၅ မျိုး၊ တောင်ကြီးမြို့၊ အဝေးရောမီးပုံးပျံကွင်း၌ ငွေကျပ် ၅၁၅.၃၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇၈.၅၇၃ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၅၈ မျိုးတို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး မန္တလေးမြို့၌ မူးယစ်ဆေးဝါးနှင့်ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ မီးရှို့ ဖျက်ဆီးသည့်အခမ်းအနားသို့ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်ခဲ့ပါသည်။

၅၃။ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၂၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဘိန်း ၂.၆ တန်ကျော်၊ ဘိန်းဖြူ ၁.၉ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂ သန်းကျော်၊ အိုက်စ် ၂၃.၆ တန်ကျော်၊ ဆေးခြောက် ၇၀၉ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁.၂ တန်ကျော်၊ ကက်တမင်း ၂ တန်ကျော်၊ ကဖင်း ၁၂ တန်ကျော် အပါအဝင် စုစုပေါင်း မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၉ မျိုး၊ ငွေကျပ် ၁၁၈၈.၈၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂.၆၀၈ သန်းကျော်)ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

**မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုထူးခြားဖြစ်စဉ်များ**

**ဘိန်း ၁၈၀ ကီလို ဖမ်းဆီးရမိမှု**



၅၄။ ၅-၃-၂၀၂၂ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု (၂၁) ကွမ်းလုံမှ ကွမ်းလုံမြို့နယ်၊ ကွမ်းလုံ-လားရှိုးသွားကားလမ်း မိုင်တိုင်အမှတ် (၄၃)တွင် ဟိုလီကျေးရွာမှ သိန္နီမြို့ဘက်သို့ မောင်းနှင်လာသည့် YGN 5H-6818 Tiger 4 Wheel ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ မိုင်တိုင်အမှတ်(၄၂)အရောက်တွင် ယာဉ်အားရပ်တန့်၍ ထွက်ပြေးသွားခဲ့ပြီး ယာဉ်နောက်ခန်းအတွင်းမှ ဘိန်း ၁၈၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မမစ(ကွမ်းလုံ)မယ(ပ)၆/၂၀၂၂ မူး/စိတ်ပုဒ်မ ၁၉(က) အရ အရေးယူမှုဖြစ်ပါသည်။

**ဘိန်း ၆၃ ကီလို ဖမ်းဆီးရမိမှု**



၅၅။ ၁၁-၆-၂၀၂၂ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (ကွဲတပ်ဆုံ)မှ သာစည်မြို့နယ်၊ Mobile X-Ray (ကွဲတပ်ဆုံ) စစ်ဆေးရေးဂိတ်တွင် ကလောမှ သာစည်ဘက်သို့ တင်စိုး(ကျား)မောင်းနှင်ပြီး စိုးထက် (ကျား) လိုက်ပါလာသည့် MDY 9P-3417 Hijet ယာဉ်ကို X-Ray စက်ဖြင့် စစ်ဆေးစဉ် မသင်္ကာဖွယ်ရိပ် တွေ့ရှိသဖြင့် ရှာဖွေရာ ဆီတိုင်ကီအံ့ဝှက်အတွင်းနှင့် ကြမ်းခင်းအောက်ဖရိန်၌ မူလီဖြင့်စွဲထားသည့် သံဘူးအတွင်းတို့မှ ဘိန်း ၆၃ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် တင်စိုး(ကျား)နှင့် စိုးထက်(ကျား) တို့ ၂ ဦးအား သာစည်မြို့မရဲစခန်း၊ မယ(ပ) ၉/၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူထားရှိပါသည်။

**ဘိန်း ၁၂၅ ကီလိုနှင့် ဘိန်းဖြူ ၁၆.၇၂ ကီလို ဖမ်းဆီးရမိမှု**



၅၆။ ၉-၇-၂၀၂၂ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ မိုးညှင်းမြို့နယ်၊ နန့်စီးအောင် ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် မန္တလေးမြို့မှ ဟိုပင်မြို့ဘက်သို့ စိုင်းသူရကျော်(ခ) ဖိုးသဲ(ခ) ဖိုးသိန်း(ကျား) မောင်းနှင်လာသော BGO 6E-9385 FUSO ၁၂ ဘီးယာဉ်၏ ကြမ်းခင်းအံ့ဝှက်အတွင်းမှ ဘိန်းဖြူ ၁၆.၇၂ ကီလို၊ ဘိန်း ၁၂၅ ကီလိုနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်တရားခံ ဒေါ်ဒေါ်စိုး (ခ) ဖိုးလုံး(ကျား)အား ဖမ်းဆီးရမိကာ စစ်ဆေးချက်အရ သန်းဝင်း(ခ) သန်းစိုးဦး မှ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် စိုင်းသူရကျော်(ခ)ဖိုးသဲ(ခ)ဖိုးသိန်း (ကျား)၊ ဒေါ်ဒေါ်စိုး(ခ)ဖိုးလုံး (ကျား)နှင့်

သန်းဝင်း(ခ)သန်းစိုးဦး(ကျား)(ဖမ်းမမိ) တို့ ၃ ဦးအား မမစ(မိုးညှင်း) မယ(ပ) ၅၀/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်း ၁၇၆.၄ ကီလို ဖမ်းဆီးရမိမှု



၅၇။ ၂-၈-၂၀၂၂ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (ကျွဲတပ်ဆုံ)တွင် ကလောဘက်မှ သာစည်ဘက်သို့ ပြည့်ဖြိုးထွန်း (ကျား)မောင်းနှင်ပြီး မျိုးကျော်သူ (ကျား) နှင့် သန့်ဇင်ကို (ကျား)တို့ လိုက်ပါလာသည့် MON-4/ 3B-2696 MITSUBISHI FUSO FT418V ၁၂ ဘီးယာဉ်၏ ကိုယ်ထည်နံရံတွင်အံဝှက်ပြုလုပ် သယ်ဆောင်လာသည့် ဘိန်း ၁၇၆.၄ ကီလိုနှင့် လက်ကိုင်ဖုန်း ၄ လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး လှဝင်း (ကျား)မှ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ပြည့်ဖြိုးထွန်း(ကျား)၊ မျိုးကျော်သူ (ကျား)၊ သန့်ဇင်ကို(ကျား)နှင့် လှဝင်း(ကျား) (ဖမ်းမမိ)တို့ ၄ ဦးအား မမစ(သာစည်) မယ(ပ) ၁၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်း ၇၈ ကီလို ဖမ်းဆီးရမိမှု



၅၈။ ၁၆-၉-၂၀၂၂ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ မိုးညှင်းမြို့နယ်၊ နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခင်မောင်စိုး(ကျား) မောင်းနှင်ပြီး နေလင်းစိုး(ကျား) လိုက်ပါလာသည့် MDY 4K-8394 ATLAS ၆ ဘီးယာဉ်အား ရှာဖွေရာ ဘိန်း ၇၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ရှမ်းကြီး ဆိုသူမှ သယ်ဆောင် ခိုင်းခြင်းဖြစ်ကြောင်းသိရှိရသဖြင့် နေလင်းစိုး(ကျား)၊မောင်စိုး (ခ)ခင်မောင်စိုး (ကျား)နှင့် ရှမ်းကြီး (ကျား) (ဖမ်းမမိ)တို့ ၃ ဦးအား မမစ(မိုးညှင်း) မယ(ပ)၆၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်းညိုမှုန့် ၆၀ ကီလို ဖမ်းဆီးရမိမှု



၅၉။ ၂၄-၁၁-၂၀၂၂ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ နမ့်စန်မြို့နယ်၊ မက်မွန်မုန်းကျေးရွာ အုပ်စု၊ နမ့်မော်ခေါက်ဆင့်ကျေးရွာ အနီး နမ့်စန်-ခိုလမ်သွားကားလမ်းတွင် MITSUBISHI TRITON ယာဉ် တစ်စီးနှင့်အတူ စိုင်းကျော်ခေါင်(ကျား)အား ဘိန်းညိုမှုန့် ၆၀ ကီလိုနှင့် အတူ ဖမ်းဆီးရမိပြီး စိုင်းလင်း(ခ)စိုင်းလင်ခမ်း(ကျား) မှ သယ်ဆောင် ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် စိုင်းကျော်ခေါင် (ကျား)နှင့်

စိုင်းလင်း(ခ)စိုင်းလင်ခမ်း(ကျား) (ဖမ်းမမိ)တို့ ၂ ဦးအား မမစ(နမ့်စန်) မယ(ပ)၁၅/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၃၉.၃၈ ကီလို ဖမ်းဆီးရမိမှု



၆၀။ ၃-၁-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ ပင်လုံမြို့ မြောက်ဘက် ၈ မိုင်ခန့်အကွာ၊ ပင်လုံ-လဲချားသွားကားလမ်းတွင် လဲချားမှ ပင်လုံ ဘက်သို့ မြင့်အောင် (ကျား) မောင်းနှင်လာသော YGN 3Q-5358 NISSAN DIESEL ၁၂ ဘီးယာဉ်၏ ကြမ်းခင်းအံ့ဝှက် အတွင်းမှ ဘိန်းဖြူ ၃၉.၃၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မြင့်အောင် (ခ)အားချန်(ကျား) နှင့် အားဟုတ် (ကျား) (ဖမ်းမမိ)တို့ ၂ ဦးအား နမစ (ပင်လုံ) မယ(ပ) ၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၃၀.၈ ကီလိုနှင့် စိတ်ကြွဆေးပြား ၂၂၈၀၀ ပြား ဖမ်းဆီးရမိမှု



၆၁။ ၁၁-၁-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်မှ ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ကျော်စံမင်း (ကျား) မောင်းနှင်ပြီး ဇော်မင်းဦး(ကျား)နှင့် အောင်ဗလ(ကျား) တို့ လိုက်ပါလာသော MDY 1B-8673 NISSAN ၁၀ ဘီးယာဉ်၏ ကြမ်းခင်း အံ့ဝှက်အတွင်းမှ ဘိန်းဖြူ ၃၀.၈ ကီလိုနှင့် စိတ်ကြွဆေးပြား ၂၂၈၀၀ ပြား တို့ကို သိမ်းဆည်းရမိခဲ့ပြီး ရှေ့ပြေးဆောင်ရွက်သူ ဖိုးဇော် နှင့် အောင်နိုင် တို့အား မန္တလေးမြို့၊ (၁၆) မိုင်စစ်ဆေးရေးဂိတ်တွင် MDY 4F-6803 SURF ယာဉ်နှင့်အတူ ဖမ်းဆီး ရမိခဲ့သဖြင့် ကျော်စံမင်း (ကျား)၊ ဇော်မင်းဦး(ကျား)၊ အောင်ဗလ(ကျား)၊ ဖိုးဇော်(ကျား)၊ အောင်နိုင် (ကျား) တို့အား မမစ (ပြင်ဦးလွင်) မယ(ပ)၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၈၀.၅၂ ကီလိုနှင့် စိတ်ကြွဆေးပြား ၂၂၈၀၀၀ ပြား ဖမ်းဆီးရမိမှု



၆၂။ ၂၄-၁-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ ပြင်ဦးလွင်မြို့နယ်၊ ရေငယ်လမ်းဆုံ မြို့ရှောင်လမ်းတွင် ဇော်ဌေး(ခ) အာကြီး(ကျား) မောင်းနှင်လာသည့် MDY 6B-9106 NISSAN DIESEL ၁၂ ဘီးယာဉ် ကြမ်းခင်းအံ့ဝှက်အတွင်းမှ ဘိန်းဖြူ ၃၇.၆၂ ကီလိုနှင့် စိတ်ကြွဆေးပြား ၂၂၈၀၀၀ ပြားတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ချက်အရ ၂၅-၁-၂၀၂၂ ရက်နေ့ ပြင်ဦးလွင်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၂၂/၀)၊ ရတနာမိုးခါတ်ဆီဆိုင်ရှေ့တွင် ငဖြိုး(ခ)ကိုဖြိုး မောင်းနှင်သည့် MDY 5J- 2737 FUSO ယာဉ်အား

တွေ့ရှိပြီး လူမတွေ့ရှိဘဲ ယာဉ်၏ ကြမ်းခင်းအံ့ဝှက်အတွင်းမှ ဘိန်းဖြူ ၄၂.၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဇော်ဌေး(ခ)အာကြီး (ကျား)နှင့် ပေါက်စ(ခ) ကိုစိုင်း(ကျား) (ဖမ်းမမိ)တို့ ၂ ဦးအား မမစ(ပြင်ဦးလွင်) မယ(ပ)၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း၊ ဇော်ဌေး(ခ) အာကြီး(ကျား)၊ ငဖြိုး(ခ) ကိုဖြိုး(ကျား) (ဖမ်းမမိသေး)၊ ပေါက်စ(ခ) ကိုစိုင်း(ကျား) (ဖမ်းမမိသေး)တို့ ၃ ဦးအား မမစ(ပြင်ဦးလွင်) မယ(ပ) ၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိမှု



၆၃။ ၁-၂-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ နောင်ချိုမြို့ အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး တွင် ကျောက်မဲမှ မန္တလေးဘက်သို့ စိုင်းမျိုးမင်းထွန်း (ခ)စိုင်းမောင်ခေး(ကျား) မောင်းနှင်ပြီး စိုင်းနန္ဒာအောင် (ခ)နန္ဒ(ကျား) လိုက်ပါလာသည့် SHN 1K-7391 Wish ယာဉ်ပေါ်မှ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းမျိုးမင်းထွန်း(ခ) စိုင်းမောင်ခေး(ကျား)နှင့် စိုင်းနန္ဒအောင်(ခ)နန္ဒ(ကျား)တို့အား မမစ (နောင်ချို) မယ(ပ) ၁၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၂၆. ၄ ကီလိုနှင့် စိတ်ကြွဆေးပြား ၃. ၄၂ သိန်း ဖမ်းဆီးရမိမှု



၆၄။ ၁၆-၅-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် မန္တလေးမှ မိုးညှင်းဘက်သို့ သန်းဇော်(ကျား)မောင်းနှင်လာသည့် MDY 1P-1838 FUSO ၆ ဘီးယာဉ်ပေါ်မှ ဘိန်းဖြူ ၂၆.၄ ကီလိုနှင့် စိတ်ကြွဆေးပြား ၃.၄၂ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် သန်းဇော် (ကျား)အား မမစ(မိုးညှင်း) မယ(ပ)၃၈/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိမှု



၆၅။ ၁၇-၅-၂၀၂၂ ရက်နေ့တွင် တပ်မတော်မှ နောင်ချိုမြို့နယ်၊ နောင်ချို-ရပ်စောက်သွားကားလမ်း ဒုဋ္ဌဝတီတံတားတွင် ရပ်စောက်မှ နောင်ချိုဘက်သို့ ဝဏ္ဏထွန်း(ကျား) မောင်းနှင်ပြီး ကျော်ကျော်မင်း (ကျား) လိုက်ပါလာသည့် MDY DD-2926 HYUNDAI STAREH ယာဉ်ပေါ်မှ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်း ရမိခဲ့ပြီး လားရှိုးမြို့နေ သန့်ဇင် (ကျား)မှ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရ သဖြင့် ဝဏ္ဏထွန်း

(ကျား)၊ ကျော်ကျော်မင်း (ကျား)၊ သန့်ဇင်(ကျား)(ဖမ်းမမိ)တို့ ၃ ဦးအား မမစ (နောင်ချို) မယ(ပ) ၂၇/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၂၃. ၃၁ ကီလို ဖမ်းဆီးရမိမှု




၆၆။ ၂၂-၅-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု (၆၄) ကွန်ဟိန်းမှ ကွန်ဟိန်းမြို့နယ်၊ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခိုလမ်မှ မိုင်းပျဉ်းသို့ စိုင်းထွန်းအောင်(ကျား) မောင်းနှင်လာသော SHN 2K-3076 TOYOTA CROWN ATHLETE ယာဉ်၏ နောက်ဖုံးအတွင်းခန်း ကျောကပ်အံဝှက်အတွင်းမှ ဘိန်းဖြူ ၂၃.၃၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းထွန်းအောင်(ကျား)အား နမစ(ကာလိ) မယ(ပ) ၇/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၂၉.၇ ကီလို ဖမ်းဆီးရမိမှု




၆၇။ ၂၃-၅-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၅၃) ဖားကန့်မှ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ယူမာ ကျေးရွာ၊ ရပ်ကွက်(၃)၊ Bean Sky Bar စားသောက် ဆိုင်ဝင်း အတွင်းတွင် ဝင်းဦး(ကျား) မောင်းနှင်ပြီး မူဒျန်(မ)၊ နန်းမိုးမိုးအေးနှင့် တေဇာလင်း (ကျား)တို့ လိုက်ပါလာသည့် SHN 9P-7977 PAJERO ယာဉ်ပေါ်မှ ဘိန်းဖြူ ၁၉.၈ ကီလိုနှင့် မြန်မာငွေကျပ် ၃ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက် အရ ၁၇၄၅ အချိန် ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၊ ရပ်ကွက်(၄)ရှိ အေးပန့်(မ)၏ နေအိမ် အောက်ထပ်အခန်းတွင်းမှ ဘိန်းဖြူ ၉.၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဝင်းဦး(ကျား)၊ ထွန်းထွန်းထိုက် (ခ)မောင်ထွန်း(ကျား)၊ နန်းမိုးမိုးအေး(မ)၊ မူဒျန်(မ)၊ အေးပန့်(မ)၊ တေဇာလင်း (ကျား)တို့ ၆ ဦးအား မမစ(ဖားကန့်) မယ(ပ) ၂၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၃၃ ကီလိုနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှု



၆၈။ ၂၅-၅-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း) မှ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချောကျေးရွာ၊ (၁၆)မိုင် ပူးပေါင်း စစ်ဆေးရေးစခန်းတွင် ပြင်ဦးလွင်မှ မန္တလေးဘက်သို့ သီဟအောင် (ကျား) မောင်းနှင်လာသော YGN 3N-2613 (၆)ဘီးယာဉ် ကြမ်းခင်း အံဝှက်အတွင်းမှ ဘိန်းဖြူ ၃၃ ကီလိုနှင့် M-22 သေနတ် ၂ လက်၊ ကျည်ဘောက် ၂ ခု၊ ကျည် (၁၀၀)တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပြီး

ဟိန်းလင်းထူး (ခ) ဖိုးသား(ကျား) နှင့် သီဟ(ကျား) တို့ ၂ ဦးနှင့်အတူ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် သီဟအောင်(ကျား)(ဖမ်းမိ)၊ ဟိန်းလင်းထူး(ခ) ဖိုးသား (ကျား) (ဖမ်းမမိ)နှင့် သီဟ(ကျား) (ဖမ်းမမိ)တို့ ၃ ဦးအား နမစ (အုန်းချော) မယ(ပ) ၁၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၂(ခ)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၂၁.၆ ကီလို ဖမ်းဆီးရမိမှု



၆၉။ ၃-၆-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ နောင်ချိုမြို့ အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သီပေါမှ မန္တလေးဘက်သို့ ရဲကျော်သူရ (ခ) ကျော်သူရ (ကျား) မောင်းနှင်လာသော MDY 1M-5619 FUSO ၁၂ ဘီးယာဉ်၏ ကြမ်းခင်းအံဝှက်အတွင်း မှ ဘိန်းဖြူ ၂၁.၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး မူဆယ်မြို့၊ (၁၀၅)မိုင် ကုန်သွယ်ရေးကားကွင်းတွင် နေထိုင်သည်ဟုသိရသူ ကျော်ကြီး(ကျား) ဆိုသူမှ သယ်ဆောင်ခိုင်းခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ရဲကျော်သူရ (ခ) ကျော်သူရ(ကျား) နှင့် ကျော်ကြီး(ကျား)(ဖမ်းမမိ)တို့ ၂ ဦးအား မမစ(နောင်ချို) မယ(ပ) ၃၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၄၀.၇ ကီလို နှင့် စိတ်ကြွဆေးပြား ၄ သိန်းပြား ဖမ်းဆီးရမိမှု



၇၀။ ၁၀-၆-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ ရွာငံ-ဟံမြင့်မိုရ်သွားကားလမ်း၊ ရွာငံမြို့ အထွက် ကိုဗစ်-၁၉ စစ်ဆေးရေး ဂိတ်တွင် ရွာငံဘက်မှ ဟံမြင့်မိုရ်ဘက်သို့ ဘိုမြိုင်(ကျား) မောင်းနှင်ပြီး အောင်မင်းဇော်(ကျား) လိုက်ပါလာသည့် ကွန်တိန်နာ ၆ ဘီးယာဉ်၏ ကိုယ်ထည်တွင် အံဝှက်ပြုလုပ် သယ်ဆောင်လာသည့် ဘိန်းဖြူ ၄၀.၇ ကီလိုနှင့် စိတ်ကြွဆေးပြား ၄ သိန်းပြား သိမ်းဆည်းရမိခဲ့သဖြင့် ဘိုမြိုင်(ကျား)၊ အောင်မင်းဇော် (ကျား)၊ သဲကိုကို(ခ)သဲကိုကိုမောင်(ခ) ဖိုက်လီ(ကျား) (ဖမ်းမမိ)နှင့် ဝေယံ(ခ)ယံလီ(ကျား)(ဖမ်းမမိ) တို့ ၄ ဦးအား နမစ(မြစ်ငယ်) မယ(ပ) ၆/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၂၀.၉ ကီလိုနှင့် စိတ်ကြွဆေးပြား ၄.၈ သိန်း ဖမ်းဆီးရမိမှု



၇၁။ ၁၄-၆-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ ပြင်ဦးလွင်မြို့၊ ပွဲကောက်ရေတံခွန်အနီး တွင် ပွဲကောက်ရွာဘက်မှ ပြင်ဦးလွင်ဘက်သို့ လီလောက်စန်း(ကျား) မောင်းနှင်လာသည့် YGN 2N-1237 Hijet ယာဉ်၏ နောက်ခန်းအတွင်းမှ ဘိန်းဖြူ ၂၀.၉ ကီလိုနှင့်

စိတ်ကြွဆေးပြား ၄.၈ သိန်းပြား သိမ်းဆည်းရမိခဲ့သဖြင့် လီလောက်စန်း (ကျား)နှင့် မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ လောင်န (ခ)ကိုန(ကျား)(ဖမ်းမမိ)တို့ ၂ ဦးအား နမစ(ပိတ်ချင်းမြောင်) မယ(ပ) ၂၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**ဘိန်းဖြူ ၂၁.၇၈ ကီလို ဖမ်းဆီးရမိမှု**



၇၂။ ၁၄-၆-၂၀၂၂ ရက်နေ့ မုံရွာခရိုင်ရဲတပ်ဖွဲ့မှ မုံရွာမြို့၊ ရုံးကြီး ရပ်ကွက်၊ ကမ်းနားလမ်း၊ ကျောက်ဆောင်ဆိပ် (ရွှေပြည်ကမ္ဘာအမြန် ရေယာဉ်ဂိတ်) အနီးတွင် ဇော်မျိုးဝင်း (ခ)ဖိုးပြား (ကျား) မောင်းနှင်ပြီး နောင်နောင်(ခ) မြင့်နောင် (ကျား) လိုက်ပါလာသော 7P/6294 SUZUKI ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၁.၇၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ဇော်မျိုးဝင်း (ခ) ဖိုးပြား(ကျား)၊ နောင်နောင်(ခ) မြင့်နောင်(ကျား)နှင့် မိုးလွင် (ကျား) (စုံစမ်းဆဲ)တို့ ၃ ဦးအား မမစ (မုံရွာ) မယ(ပ) ၂၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**ဘိန်းဖြူ ၈၈ ကီလို ဖမ်းဆီးရမိမှု**



၇၃။ ၁၇-၆-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ လားရှိုး မြို့နယ်၊ သတ္တုသန့်စင် စက်ရုံအနီး၊ လားရှိုး- တန့်ယန်းသွားကားလမ်း တွင် တန့်ယန်း ဘက်မှ လားရှိုးဘက်သို့ မော်ကျွမ်လျန် (ကျား) မောင်းနှင် လာသော MDY 6K-5931 CANTER ၆ ဘီး ယာဉ်ပေါ်မှ ဘိန်းဖြူ ၈၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မော်ကျွမ်လျန်(ကျား)နှင့် ဘိန်းဖြူများ သယ်ဆောင်ခိုင်းသူ အားဂူကော(ကျား)(ဖမ်းမမိ)တို့ ၂ ဦးအား မမစ (လားရှိုး) မယ(ပ) ၂၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**ဘိန်းဖြူ ၂၈.၆ ကီလိုနှင့် စိတ်ကြွဆေးပြား ၄.၈ သိန်း ဖမ်းဆီးရမိမှု**



၇၄။ ၂၀-၆-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ ပြင်ဦးလွင်မြို့ရှောင်လမ်း၊ ရပ်ကွက်ကြီး (၁၅)၊ နီးဘုရားမုဒ်ဦးရှေ့တွင် ရပ်ထားသည့် YGN 4G-8278 DONG FENG ဆီဘောက်ဆာယာဉ်၏ ဆီဘောက်ဆာအတွင်းမှ ဘိန်းဖြူ ၂၈.၆ ကီလို စိတ်ကြွဆေးပြား ၄.၈ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးများသယ်ဆောင်လာသူ (စုံစမ်းဆဲ) အား မမစ(ပြင်ဦးလွင်) မယ(ပ)၁၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၃၁.၉ ကီလို ဖမ်းဆီးရမိပြီး ကွင်းဆက်အရ စိတ်ကြွဆေးပြား ၁.၆ သိန်းနှင့် ဆူဒိုအက်ဖီဒရင်း ဆေးပြား ၁၇.၅ သိန်း ဖမ်းဆီးရမိမှု

၇၅။ ၂၀-၆-၂၀၂၂ ရက်နေ့ ပြင်ဦးလွင်မြို့နယ်၊ X-Ray စက်တပ်ဖွဲ့စု (ဝက်ဝံ)တွင် သီပေါဘက်မှ မန္တလေးဘက်သို့ စိုင်းဆိုင်နော် (ခ) အိုက်နော်(ကျား) မောင်းနှင်ပြီး အိုက်စိုင်း (ခ) အိုက်စိုင်းအွမ်(ကျား) လိုက်ပါလာသည့် SHN 5D-9084 HOWO A7 ၂၂ ဘီး တွဲယာဉ်၏ ကိုယ်ထည်ဖရိန်အတွင်းမှ ဘိန်းဖြူ ၃၁.၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါး လက်ခံမည့် ကျော်မြင့်(ကျား)၊ လထောကျန် (ခ) ထောမိုင် နှင့်









လန်ကျင်းဇာမ် (ခ) ဇာမ်မာ တို့အား ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။ စစ်ဆေးချက်အရ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ သီရိမင်္ဂလာအိမ်ရာ၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၇၃ လမ်း နှင့် ၇၄ လမ်းကြား၊ ၅ လွှာ၊ အခန်း(5-A)နေ လာလ်ထန်ပွီး(ခ)ပွီးရာ (ကျား)၏ နေအိမ်မှ လာလ်ထန်ပွီး (ခ)ပွီးရာ နှင့်အတူ ဂျဲလ်မာ (ကျား)၊ လားရမ်းချွန်နာ (ခ) ကျော်နိုင်(ကျား)၊ ရာရ်ကျုံးလျန် (ကျား) တို့အား ထပ်မံဖမ်းဆီးရမိပြီး စတိုခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁.၆ သိန်း သိမ်းဆည်းရမိခဲ့ပါသည်။ စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူမှာ မငယ်(ခ) တာကျဲ(ခ) ရန်ရီမိုး(မ)ဖြစ်ကြောင်း သိရပြီး မူးယစ်ဆေးဝါးများ သိုလှောင်မည့် ချမ်းမြသာစည်မြို့နယ်၊ (ဖ-၃) ကန်သာယာရပ်ကွက်၊ ၁၁၀ A နှင့် ၁၁၁ ကြား၊ ၅၈ A လမ်းရှိ ဂိုဒေါင်အတွင်းမှ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၁၇.၅ သိန်း သိမ်းဆည်းရမိခဲ့ပါသည်။

၇၆။ ဘိန်းဖြူ ၃၁.၉ ကီလို ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ စိုင်းဆိုင်နော် (ခ) စိုင်းနော်(ကျား)၊ အိုက်စိုင်းအွမ် (ခ)အိုက်စိုင်း(ကျား)၊ ကျော်မြင့်(ခ) ကိုစိုင်း(ခ)အားစုန်း(ကျား)၊ လာလ်ထောကျန်(ခ) ထောမိုင်(ကျား)၊

လျှန်ကျင်းဇာမ်(ခ) ဇာမ်မာ (ကျား)၊ လာလ်ထန်ပွီး(ခ)ပွီးရာ(ကျား)၊ စိုင်းမိန်း(ခ) ပီစိုင်း(ကျား)(ဖမ်းမမိ)နှင့် မငယ်(ခ)တာကျဲ(ခ) ရန်ရီမိုး(မ)(ဖမ်းမမိ)တို့ ၈ ဦးအား နမစ (မြစ်ငယ်) မယ(ပ)၇/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ လည်းကောင်း၊ စိတ်ကြွဆေးပြား ၁.၆ သိန်း သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ လာလ်ထန်ပွီး (ခ)ပွီးရာ (ကျား)၊ ရာရ်ကျုံးလျှန်(ကျား)၊ လားရမ်းချွန်နာ(ခ)ကျော်နိုင်(ကျား)နှင့် ဂျဲလ်မာ(ကျား)တို့ ၄ ဦးအား ချမ်းမြသာစံမြို့နယ်၊ မမစ(၈)၊ မယ(ပ) ၅/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၇.၅ သိန်း သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ လာလ်ထန်ပွီး(ခ)ပွီးရာ (ကျား)နှင့် လာလ်ထောကျန်(ခ) ထောမိုင် (ကျား)တို့ ၂ ဦးအား နမစ(အောင်ပင်လယ်) မယ(ပ) ၆/၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၆(ခ)/၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၂၁ ကီလို ဖမ်းဆီးရမိမှု



၇၇။ ၁၀-၇-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ မူဆယ်-နမ့်ခမ်းသွားကားလမ်း၊အမှတ်(၂)မြေနီ ကားဝင်းရှေ့တွင် မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာမှ စွမ်စော်ရပ်ကွက် ဘက်သို့ ရန်ပိန်းကျောင်း(ခ) အားကျောင်း (မ) မောင်းနှင်လာသည့် ဆိုင်ကယ်ခွကြားရှိ ကတ်ထူပုံးခွံ ၂ ပုံးအတွင်းမှ ဘိန်းဖြူဘလောက်တုံး ၆၀ တုံး အလေးချိန် ၂၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ခင်ပွန်းဖြစ်သူ ကြော်ရှင်ချမ်း မှ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ရန်ပိန်းကျောင်း (ခ) အားကျောင်း(မ)နှင့် ကြော်ရှင်ချမ်း(ကျား)(ဖမ်းမမိ)တို့ ၂ ဦးအား မမစ(မူဆယ်) မယ(ပ)၇၂/၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၄၀.၆ ကီလို ဖမ်းဆီးရမိမှု



၇၈။ ၁၇-၇-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ သိန္နီမြို့နယ်၊ ရေပူအမြဲတမ်း စစ်ဆေးရေး စခန်း၌ လားရှိုးမှ ဟောင်းလွမ်း(ကျား) မောင်းနှင်ပြီး ဇော်ဂရောင်(ကျား) လိုက်ပါလာသည့် MDY 9K-2724 Crown ယာဉ်၏ နောက်ခန်းထိုင်ခုံ ကျောမှီအံဝှက် အတွင်းမှ ဘိန်းဖြူ ဘလောက်တုံး ၁၆၆ တုံး အလေးချိန် ၄၀.၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး အားချန် နှင့် ရန်ကျုံးပြုံး တို့မှ သယ်ဆောင်ခိုင်းခြင်း ဖြစ်ကြောင်း သိရှိ ရသဖြင့် ဟောင်းလွမ်း(ကျား)၊ ဇော်ဂရောင်(ကျား)၊ ရန်ကျုံးပြုံး (ခ) အောင်ကျော်မိုး (ခ) ရန်အားပေါက် (ခ) အားပေါက်(ခ)အားပျို(ကျား)နှင့် အားချန်(ကျား)(ဖမ်းမမိ)၊ မမစ(သိန္နီ) မယ(ပ)၈/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၇၇.၅၂ ကီလို ဖမ်းဆီးရမိမှု



၇၉။ ၂၀-၇-၂၀၂၂ ရက်နေ့ ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့မှ ရမည်းသင်း-ရွှေမြင်တင်ဘုရားသွား ကားလမ်း၊ သင်ပန်းကုန်းကျေးရွာလမ်းဆုံ အနီးတွင် အောင်မျိုးထက် (ခ)ငယ်ငယ်(ကျား) မောင်းနှင်ပြီး ရာဇာစိုး (ခ)စိုးငယ် (ကျား) လိုက်ပါလာသော MDY 9G-3605 ဒိုင်နာယာဉ်ပေါ်မှ ဘိန်းဖြူ ၇၇.၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် ဇော်ဦး၊ ခွန်ထွန်းလင်း၊ မောင်ငြိမ်း၊ ကိုလေး(ခ)သန့်ဇော်ထွန်း၊ အိုက်အွမ်၊ သိန်းလင်းမောင်(ခ)ဒိုဇာ၊ ထွန်းထွန်းဦး(ခ)ကြီးဘ၊ ကျော်သူ တို့ ၈ ဦးအား ထပ်မံဖမ်းဆီးရမိခဲ့ကာ ခွန်ထွန်းလင်း မောင်းနှင်သည့် YGN 5G-8139 HIJET ယာဉ်၏ပေါ်မှ ဘိန်းဖြူ ၀.၀၂ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် အောင်မျိုးထက်(ခ)ငယ်ငယ် (ကျား)၊ ရာဇာစိုး(ခ) စိုးငယ်(ကျား)၊ ဇော်ဦး(ကျား)၊ မောင်ငြိမ်း (ခ) အောင်ဇော်ငြိမ်း(ကျား)၊ ခွန်နေထွန်းလင်း (ခ) ခွန်ထွန်းလင်း(ကျား)၊ ကိုလေး(ခ) သန့်ဇော်ထွန်း(ကျား)၊ အိုက်အွမ်(ကျား)၊ သိန်းလင်းမောင်(ခ) ဒိုဇာ(ကျား)၊ ထွန်းထွန်းဦး (ခ)ကြီးဘ(ကျား)၊ ကျော်သူ(ကျား)၊ ဘိုလှ(ခ) ဘိုလား(ကျား)(ဖမ်းမမိ)တို့ ၁၁ ဦးအား မမစ (ရမည်းသင်း) မယ(ပ) ၁၀/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၂၃.၉၇၆ ကီလို ဖမ်းဆီးရမိမှု



၈၀။ ၂၄-၇-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၆၄) ကွန်ဟိန်းမှ ကွန်ဟိန်းမြို့နယ်၊ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကာလိမြို့မှ မိုင်းပျဉ်း မြို့ဘက်သို့ ချိန်ဟုပ်(ကျား) မောင်းနှင်ပြီး ရှိန်ဟွယ် (မ) လိုက်ပါလာသည့် YGN 5I-4214 CROWN Royal Saloon ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၇၂ တုံး၊ အလေးချိန် ၂၃.၉၇၆ ကီလိုနှင့် လက်ကိုင်ဖုန်း ၂ လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ချိန်ဟုပ်(ကျား) နှင့် ရှိန်ဟွယ်(မ)တို့ ၂ ဦးအား နမစ (ကာလိ) မယ(ပ)၉/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၂၄.၄၂ ကီလို၊ စိတ်ကြွဆေးပြား ၁၀.၈ သိန်းပြားနှင့် ဘိန်း ၃၃ ကီလို ဖမ်းဆီးရမိမှု



၈၁။ ၂၅-၈-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ မိုးညှင်းမြို့ အဝင် နန့်ပုတ်ကျေးရွာထိပ်တွင် ၆ ဘီးယာဉ်တစ်စီး၊ ဘိန်းဖြူ ၂၄.၄၂ ကီလို၊ စိတ်ကြွ ဆေးပြား ၁၀.၈ သိန်းပြားနှင့် ဘိန်း ၃၃ ကီလို သိမ်းဆည်းရမိသဖြင့် ဝင်းမြင့်ဦး (ကျား)၊ စည်သူထွန်း (ကျား)၊ ကိုနိုင်(ခ)ကတုံး (ကျား) (ဖမ်းမမိ) တို့ ၃ ဦးအား မမစ(မိုးညှင်း) မယ(ပ) ၅၈/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှု ဖြစ်ပါသည်။

**ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိခြင်း**



၈၂။ ၁၆-၉-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ သီပေါမြို့နယ်၊ ခိုလုံကျေးရွာ၊ (၉)မိုင်လမ်းခွဲ၊ သီပေါ-နမ့်လန်သွား ကားလမ်း၊ ဘီးခွန်ဂိတ်အနီး ရှောင်တခင် ရှာဖွေစစ်ဆေးနေစဉ် မသင်္ကာဖွယ် ကားတစ်စီး ပြန်လှည့်မောင်းပြေး၍ ပိတ်ဆို့ဖမ်းဆီး ခဲ့ရာ နောင်အန်ကျေးရွာသို့ ယာဉ်မောင်း ဖော်လတ်(ခ) အသေးလေး(ကျား)အား MDY 2M-3168 VOXY ယာဉ်ပေါ်မှ ဘိန်းဖြူ ၄၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ဘိန်းဖြူများကို ကိုစိုင်းနှင့် ချမ်းသာ တို့မှ သယ်ဆောင်ခိုင်းခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ဖော်လတ် (ခ)အသေးလေး(ကျား)၊ ချမ်းသာ(ကျား) နှင့် ကိုစိုင်း (ကျား) (ဖမ်းမမိ)တို့ ၃ ဦးအား မမစ (သီပေါ) မယ(ပ)၁၉/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိမှု**



၈၃။ ၂၂-၉-၂၀၂၂ရက်နေ့မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပူးပေါင်းစစ်ဆေးရေးဂိတ် ကွင်းလမ်း၊ မျှော့တောကျေးရွာလမ်းဆုံတွင် မိုးကုတ်မှ ပြင်ဦးလွင်ဘက်သို့ မောင်းနှင် လာသည့် MDY 7M-5286 CANTER ယာဉ်အား တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ပြင်ဦးလွင် - မန္တလေးသွားကားလမ်း၊ အောင်ချမ်းသာကျေးရွာအနီးတွင် ယာဉ်မောင်း ထွန်းနိုင်ဦး(ခ)ထွန်းနိုင်(ကျား) နှင့်ယာဉ်နောက်လိုက် လှမြင့်(ကျား)တို့အား ဖမ်းဆီးရမိပြီး ယာဉ်ပေါ်မှ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ပါသည်။ စစ်ဆေးချက်အရ ဘိန်းဖြူများအား အိုက်စိုင်း(ကျား)(ဖမ်းမမိ)မှ မန္တလေးသို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ပြီး ခင်အေးဝိုင်း(ခ)ခင်ဝိုင်း(မ)မှ မူးယစ်ဆေးဝါးများ လက်ခံမည့် နန်းစိန်(မ)အား ဆက်သွယ်၍ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရကာ ခင်အေးဝိုင်း(ခ)ခင်ဝိုင်း အား ဖမ်းဆီးရမိခဲ့သဖြင့် ထွန်းနိုင်ဦး(ခ)ထွန်းနိုင်(ကျား)၊ လှမြင့်(ကျား)၊ ခင်အေးဝိုင်း(ခ)ခင်ဝိုင်း(မ)၊ ပီကျော်မြင့်(ကျား)(ဖမ်းမမိ)၊ နန်းစိန်(မ)(ဖမ်းမမိ)၊ အိုက်စိုင်း(ကျား) (ဖမ်းမမိ) တို့အား နမစ(ပြင်စာ) မယ(ပ)၈/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

စိတ်ကြွဆေးပြား ၃ သန်း ဖမ်းဆီးရမိမှု

၈၄။ ၁၇-၁-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့ခွဲ(၆) လားရှိုးနှင့် ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီး၊ ကျောက်မဲမှ မန္တလေး ဘက်သို့ ဥုးကုန္တာစာရ(ခ) စိုင်းအောင်ထွန်း(ကျား)



မောင်းနှင်ပြီး ဦးရာဇိန္ဒ(ခ) စိုင်းလွတ် (ကျား)နှင့် ဦးဝိလာသ (ခ) စိုင်းဆာလူ (ကျား) တို့ လိုက်ပါလာသော MDY RLG-6302၊ VOXY ခဲရောင်ယာဉ်၏ နောက်ခန်းမှ စိတ်ကြွဆေးပြား ၃ သန်း သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းဆာလူ(ခ)ဦးဝိလာသ၊ စိုင်းလွတ်(ခ) ဦးရာဇိန္ဒ၊ စိုင်းအောင်ထွန်း(ခ) ဦးဣန္ဒာစာရ၊ စိုင်းလူ (ကျား)(ဖမ်းမမိ) တို့အား မမစ(နောင်ချို) မယ(ပ)၈/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၁.၅ သန်း ဖမ်းဆီးရမိမှု



၈၅။ ၂၉-၁-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့ခွဲ(၁)မှ မန္တလေးမှ သာစည်မြို့နယ်၊ Mobile X-Ray (ကွဲ့တပ်ဆုံ) စစ်ဆေးရေးဂိတ်၌ တောင်ကြီးမှ သာစည်မြို့နယ် ဘက်သို့ ဝေဖြိုးကျော် (ကျား)မောင်းနှင်ပြီး ဆန်းဝင်း (ကျား)လိုက်ပါလာသည့် ၁၂ ဘီး ယာဉ်နှင့် ဝဏ္ဏကျော် (ကျား) မောင်းနှင်လာသည့် ၆ ဘီးယာဉ်တို့ကို X-ray စက်ဖြင့် စစ်ဆေးစဉ် မသင်္ကာဖွယ်ပုံရိပ်တွေ့ရှိသဖြင့် ရှာဖွေရာ MDY 3D9-251 FUSO ယာဉ်ခေါင်းခန်းအတွင်းရှိ ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား ၇ သိန်း၊ SHN 3L/4693 FUSO ယာဉ်ခေါင်းခန်းအတွင်းရှိ ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား ၈ သိန်း စုစုပေါင်း စိတ်ကြွဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ဝေဖြိုးကျော်(ခ) အငယ်လေး(ကျား)၊ ဆန်းဝင်း (ကျား)နှင့် ဝဏ္ဏကျော်(ခ)ဒွေးငယ်(ကျား)တို့ ၃ ဦးအား နမစ(အမရပူရ) မယ(ပ)၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း၊ နမစ (အမရပူရ) မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၁၀.၂၃၇၅ သန်း ဖမ်းဆီးရမိမှု



၈၆။ ၃၁-၁-၂၀၂၂ ရက်နေ့ X-Ray စက်တပ်ဖွဲ့စု (ကွဲ့တပ်ဆုံ)တွင် တောင်ကြီးမှ သာစည်ဘက်သို့ သီဟအောင် (ကျား) မောင်းနှင်ပြီး ခွန်တဘောက် (ကျား) လိုက်ပါလာသည့် YGN 2N- 5407 MITSUBISHI FUSO ၁၂ ဘီး အနီရောင်ယာဉ်အား X-Ray စက် ဖြတ်သန်းစစ်ဆေးစဉ် မသင်္ကာဖွယ် ပုံရိပ်တွေ့ရှိပြီး ယာဉ်နောက်ခန်းမှ စိတ်ကြွဆေးပြား ၁၀.၂၃၇၅ သန်း သိမ်းဆည်းရမိခဲ့ကာ ၁-၂-၂၀၂၂ ရက်နေ့ အမြန်လမ်းမိုင်တိုင်အမှတ် ၁၁၅/၆တွင် ကွင်းဆက်တရားခံ ငြိုး(ခ)အောင်ပြည့်ဖြိုး မောင်းနှင်ပြီး ဇနီးဖြစ်သူ နီလာဦး လိုက်ပါလာသည့် YGN 2I-6195 IPSUM အဖြူရောင်ယာဉ်ကို တားဆီး စစ်ဆေးစဉ် ယာဉ်အား ရပ်တန့်ခြင်း မရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အောင်ပြည့်ဖြိုး မှာ ထွက်ပြေးလွတ်မြောက်သွားပြီး

နီလာဦး(မ)အား မြန်မာငွေ ၀.၆၄၉၅ သိန်း၊ ဖုန်း ၁ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သီဟအောင် (ကျား)၊ ခွန်တဘောက်(ကျား)၊ နီလာဦး(မ)၊ ငဖြိုး(ခ)အောင်ပြည့်ဖြိုး(ကျား)(ဖမ်းမမိ)တို့အား မမစ (သာစည်) မယ(ပ) ၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁၄၈ သိန်း ဖမ်းဆီးရမိမှု**





၈၇။ ၄-၂-၂၀၂၂ ရက်နေ့ တပ်မတော်မှ ရန်ကုန်မြို့ City Golf Resort Hotel အခန်းအမှတ် (၃၀၀၉)တွင် စိုင်းတင်မိုးအောင် (ခ) အိုက်တူး (ခ) ကိုစိုင်းနှင့် စိုင်းသော်ဇင်ဟိန်း (ခ) အိုက်တန် တို့ ၂ ဦးအား ဖမ်းဆီးရမိကာ စစ်ဆေးချက်အရ ၅-၂-၂၀၂၂ ရက်နေ့ တွင် မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ အမရာ လမ်းပေါ်၌ ဉာဏ်လင်းအောင် (ခ) စောထက်၊ အောင်စိုးပိုင် (ခ)စိုးပိုင်၊ အောင်လင်းထွန်း၊ ကျော်မိုးနိုင် (ခ) ဘုမောင် နှင့် ကျော်ဆန်းဦး တို့ ၅ ဦး အား ထပ်မံဖမ်းဆီးရမိခဲ့ပြီး ရန်ကုန်မြို့တွင် လွှဲပြောင်းလက်ခံယူမည့် စိတ်ကြွဆေးပြားများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း ရောက်ရှိနေကြောင်း သတင်းကွင်းဆက်ပေါ်ပေါက်ချက်အရ ၅-၂-၂၀၂၂ ရက်နေ့တွင် သီပေါမြို့နယ်၊ ပန်စောက်မိန်းကျေးရွာ၊ နှင်းပုလဲစက်သုံး ဆီဆိုင်ဝင်းအတွင်း ကားရပ်နားသည့် နေရာတွင် ရန်နိုင်စိုး(ကျား)၊ ညီထက်သော် (ကျား)၊ ငွေလွင် (ကျား)နှင့် ဟိန်းထက်သော် (ကျား) တို့ ၄ ဦးအား MDY 6F-5219 TOYOTA IPSUM ယာဉ်၊ MDY 8C-5677 Light Truck ယာဉ် တို့နှင့် အတူဖမ်းဆီးရမိပြီး Light Truck ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၄.၈ သန်း သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းတင်မိုးအောင်(ခ) အိုက်တူး(ခ)ကိုစိုင်း (ကျား)၊ စိုင်းသော်ဇင်ဟိန်း (ခ) အိုက်တန်(ကျား)၊ ဉာဏ်လင်းအောင်(ခ) စောထက် (ကျား)၊ အောင်စိုးပိုင်(ခ)စိုးပိုင်(ကျား)၊ အောင်လင်းထွန်း(ကျား)၊ ကျော်ဆန်းဦး(ကျား)၊ ကျော်မိုးနိုင် (ခ) ကျော်မျိုးနိုင်(ခ)ဘုမောင်(ကျား)၊ ရန်နိုင်စိုး(ကျား)၊ ငွေလွင် (ကျား)၊ ညီထက်သော်(ကျား)၊ဟိန်းထက်သော်(ကျား)၊ကိုနိုင်(ကျား) (ဖမ်းမမိသေး)၊စိုင်းယောက် (ကျား)(ဖမ်းမမိသေး)၊ သက်မောင်မောင်(ခ)မောင်မောင်(ကျား) (ဖမ်းမမိသေး)တို့ ၁၄ ဦးအား သီပေါမြို့မရဲစခန်း မယ(ပ) ၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁.၀၃ သန်း၊ ဘိန်းဖြူ ၆.၆ ကီလိုနှင့် ဘိန်းဆီခဲ ၆၂.၄ ကီလို ဖမ်းဆီးရမိမှု**

၈၈။ ၅-၃-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ ရွာငံမြို့နယ်၊ ကျောက္ကူပြင်ကျေးရွာ အထွက် နတ်စင်အနီး ရွာငံ-ကျောက်ဆည်သွား ကားလမ်းမပေါ်တွင် ရွာငံမှ ကျောက်ဆည်ဘက်သို့ တင်ဝင်း(ကျား) မောင်းနှင်လာသော MDY 6B-2257 NISSAN DIESEL ယာဉ်၏ ရှေ့ခေါင်းခန်း၊ နောက် ကိုယ်ထည်ကြားနှင့်



ရေတိုင်ကီအံဝှက်အတွင်းတို့မှ စိတ်ကြွဆေးပြား ၁.၀၃ သန်း၊ ဘိန်းဖြူ ၆.၆ ကီလိုနှင့် ဘိန်းဆီခဲ ၆၂.၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ အိုက်စံ နှင့် အားခွိုက် တို့အား ပြည်ကြီးတံခွန်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် တင်ဝင်း(ကျား)၊ အိုက်စံ (ခ) ဝင်းဆိုင် (ခ) အားရှန် (ကျား)၊ ရော်ကျိန်ရန် (ခ)အားခွိုက် (ကျား) တို့အား နမစ (စက်မှု) မယ(ပ) ၈/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁၅.၈ သန်း ဖမ်းဆီးရမိမှု**





၈၉။ ၂၅-၃-၂၀၂၂ရက်နေ့မူးယစ်တပ်ဖွဲ့စု(၄၀)ရန်ကုန်(မြောက်ပိုင်း)မှ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၂) ရပ်ကွက်၊ ဂန္ဓမာလမ်းမပေါ်တွင် နီလင်းအောင် (ခ) မွန်လေး(ကျား) မောင်းနှင်ပြီး ခိုင်မိုးလင်း (ခ)ကိုခိုင် (ကျား) လိုက်ပါလာသည့် YGN AA-7736 နံပါတ်ပါ NISSAN AD VAN ယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ဖုံးအခန်းအတွင်းမှ စိတ်ကြွဆေးပြား ၄ သိန်း သိမ်းဆည်းရမိခဲ့ပြီး မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၁)ရပ်ကွက်၊ ခိုင်ရွှေဝါ လမ်း၊ အမှတ်(၁၁၉)တွင် ငှားရမ်းနေထိုင်သည့် အားလို (ခ) အိုက်စိုင်း (ကျား)မှ ပို့ဆောင်ခိုင်းခြင်း ဖြစ်ကြောင်း သိရသဖြင့် အားလို(ခ) အိုက်စိုင်း (ကျား)၏ နေအိမ်ကို ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ပြည့်စုံအောင်(ကျား)၊ ဇော်မျိုးနိုင် (ခ) ဇေရဲ(ခ) ကုလား (ကျား) နှင့် ယုဝတီအောင်(မ) တို့ ၃ ဦး အား တွေ့ရပြီး နေအိမ်ဧည့်ခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁၁.၈ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။ စိတ်ကြွ ဆေးပြား ၄ သိန်း သိမ်းဆည်းရမိမှုမှ ခိုင်မိုးလင်း (ခ) ကိုခိုင် (ကျား)၊ နီလင်းအောင် (ခ) မွန်လေး (ကျား)၊ အားလို(ခ) အိုက်စိုင်း (ကျား)(ဖမ်းမမိ) တို့ ၃ ဦးအား နမစ (ထောက်ကြန့်)၊ မယ(ပ) ၁၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း၊ စိတ်ကြွဆေးပြား ၁၁.၈ သိန်း ဖမ်းဆီးရမိမှုမှ တရားခံ ဇော်မျိုးနိုင် (ခ) ဇေရဲ (ခ) ကုလား(ကျား)၊ ပြည့်စုံအောင် (ကျား)၊ ယုဝတီအောင် (မ)နှင့် အားလို (ခ)အိုက်စိုင်း (ကျား)(ဖမ်းမမိ)တို့ ၄ ဦးအား နမစ(ထောက်ကြန့်)၊ မယ(ပ)၁၃/၂၀၂၂၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၅.၈၅ သိန်း ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ရန်ကုန်မြို့တွင် စိတ်ကြွဆေးပြား ၁၅.၂ သိန်း ဖမ်းဆီးရမိမှု**

၉၀။ ၃၁-၃-၂၀၂၂ ရက်နေ့ သာစည်မြို့နယ်၊ X-Ray စက်တပ်ဖွဲ့စု(ကွဲတပ်ဆုံ)တွင် ကလောမှ သာစည်ဘက်သို့ ဝေပိုင်ဦး(ကျား) မောင်းနှင်ပြီး ဇနီးဖြစ်သူ နန်းမူးကေသာ(မ)၊ စောအောင်လွင်ဦး(ခ) အောင်လွင်ဦး





(ကျား)နှင့် ဗိုလ်ဗိုလ်နိုင် (ကျား)တို့ လိုက်ပါလာသော YGN 9H-4127 ALPHARD ယာဉ်၏ ကြမ်းခင်းအံဝှက် အတွင်းမှ စိတ်ကြွဆေးပြား ၅.၈၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ကွင်းဆက်တရားခံ ကိုကိုမောင်(ခ)ရာပါ (ကျား) အား မရမ်းကုန်းမြို့နယ်၊ မဥ္ဇူလမ်း၊ အိမ်အမှတ် 39(H-4) နေအိမ်၌ စိတ်ကြွဆေးပြား ၁၅၂၀၀၀၀ ပြားနှင့် အတူ ထပ်မံ ဖမ်းဆီးရမိခဲ့သဖြင့် စိတ်ကြွဆေးပြား ၅.၈၅ သိန်း ဖမ်းဆီးရမိမှုမှ ဝေပိုင်ဦး(ကျား)၊ နန်းမူးကေသာ (မ)၊ စောအောင်လွင်ဦး(ခ) အောင်လွင်ဦး(ကျား)၊ဗိုလ်ဗိုလ်နိုင်(ကျား)၊ မစိန်(ခ)နာဖွေ(မ)(ဖမ်းမမိ)၊ ယောနသန်(ခ)ကျမော့(ကျား) (ဖမ်းမမိ)၊ ကိုကိုမောင် (ခ) ရာပါ(ကျား)၊ မမစ(သာစည်) မယ(ပ) ၅/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း၊ စိတ်ကြွဆေးပြား ၁၅.၂ သိန်း ဖမ်းဆီးရမိမှုမှ ကိုကိုမောင်(ခ)ရာပါ (ကျား)၊ အိုက်ပီး(ခ) သိန်းထွဋ်ဦး (ကျား) (ဖမ်းမမိ)၊ နာကဲခူ (မ)(ဖမ်းမမိ)တို့အား မမစ(မရမ်းကုန်း) မယ(ပ)၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၂၅ သန်း ဖမ်းဆီးရမိမှု**





၉၁။ ၅-၄-၂၀၂၂ ရက်နေ့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့သည် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ အမ်း(ပဲပဒို့)ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ရန်ကုန်မှ မြောက်ဦးသို့ ဇော်မျိုးသန့် (ခ) ဖိုးထူး မောင်းနှင်ပြီး သိန်းသန်းမြင့် လိုက်ပါလာသော BGO 5K-2883 NISSAN DIESEL၆ ဘီးယာဉ်ပေါ်ပါ ဘေထုပ်များအတွင်းမှ စိတ်ကြွဆေးပြား ၁၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စိတ်ကြွဆေးပြားများ တာဝန်ခံ သယ်ဆောင်သူ ကျော်မင်းသိန်း(ခ) သိန်းရွှေ နှင့်အတူ ထက်ဝေယံ၊ လှအောင်ဇံ၊ နန်းအောင်လင်း၊ မိုးချေ နှင့် မိုးကျော် တို့အား ဖမ်းဆီးရမိခဲ့ပြီးနောက် စစ်ဆေးပေါ်ပေါက်ချက်အရ ရွှေပြည်သာမြို့နယ်၊ ဝင်းသာစုကန်အိမ်ရာဝင်းအတွင်းရှိ ဂိုဒေါင်အနောက် ဘက်စတိုခန်းနှင့် မြေအောက်ခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁၀ သန်းနှင့် YGN 1I-2269 MIT SUBISHI CANTER ယာဉ်တစ်စီးတို့ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စိတ်ကြွဆေးပြား ၁၅ သန်း ဖမ်းဆီးရမိမှုမှ ဇော်မျိုးသန့် (ခ) ဖိုးထူး(ကျား)၊ သိန်းသန်းမြင့် (ကျား)၊ ကျော်မင်းသိန်း(ခ)သိန်းရွှေ(ကျား)တို့အား မမစ (အမ်း) မယ(ပ) ၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ စိတ်ကြွဆေးပြား ၁၀ သန်း ဖမ်းဆီးရမိမှုမှ ဇော်မျိုးသန့်

(ခ)ဖိုးထူး (ကျား)၊ ကျော်မင်းသိန်း(ခ)သိန်းရွှေ(ကျား)၊ လှသောင်း(ခ) မောင်စိုး(ကျား) (ဖမ်းမမိ)နှင့် သစ်လွင်စိုး (ကျား) (ဖမ်းမမိ)တို့ ၄ ဦးအား မမစ(ရွှေပြည်သာ) မယ(ပ)၆/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁၀ သန်း ဖမ်းဆီးရမိမှု**



၉၂။ ၁၃-၄-၂၀၂၂ရက်နေ့ မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု (၅၅) မိတ္ထီလာတို့ ပူးပေါင်း၍ မိတ္ထီလာမြို့နယ်၊ သီးကုန်းတိုးဂိတ် (အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၈၄/၄နှင့် ၂၈၄/၅ အကြား)တွင် မန္တလေးမှ နေပြည်တော်ဘက်သို့ ဇာနည်ထွန်း (ကျား) မောင်းနှင်လာသည့် YGN 3D-4296 PRADOယာဉ်နှင့် မိုးဟိန်း(ကျား) မောင်းနှင်ပြီး ငြိမ်းချမ်းသူ (ခ) ကျန်ကျောင်း(ကျား) လိုက်ပါလာသော MDY 3D/4821 PRADO ယာဉ်တို့ကို ရှာဖွေရာ ယာဉ်နှစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သန်း သိမ်းဆည်းရမိခဲ့သဖြင့် ဇာနည်ထွန်း(ကျား)အား သီးကုန်း အမြန်လမ်းမကြီးရဲစခန်း မယ(ပ) ၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)အရလည်းကောင်း၊ မိုးဟိန်း(ကျား)နှင့် ငြိမ်းချမ်းသူ (ခ) ကျန်ကျောင်း (ကျား)တို့ ၂ ဦးအား သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းမယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁၂.၅၅ သန်း၊ ကက်တမင်း ၁.၅ ကီလို၊ အက်တက်စီ ၁၅၉ ပြားနှင့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှု**



၉၃။ ၂၄-၄-၂၀၂၂ ရက်နေ့ တပ်မတော်နှင့် မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ အမှတ် (၀ကခ-၂၆၅)ရှိဖေသက်ဟန် (ကျား)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ဖေသက်ဟန် ပါ ၁၀ ဦးအား M-16 သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ခြောက်လုံးပြူး ၂ လက်၊ ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ဂျက်စ်သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ လေသေနတ် ၁ လက်၊ ၉ မမကျည် ၁၉ တောင့်၊ ၅.၅၆ ကျည် ၉ တောင့်၊ ကိုးလုံးကျည် ၃ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖေသက်ဟန် ပိုင်ဆိုင်သည့် အိမ်အမှတ်(၀ကခ-၂၄၉) နေအိမ်မှ စိတ်ကြွဆေးပြား ၁၂.၅၅ သန်း။ ကက်တမင်း ၁.၅ ကီလို၊ အက်တက်စီ ဆေးပြား ၁၅၉ ပြား၊ မူးယစ်ဆေးဝါးထုပ်ပိုးရာတွင် အသုံးပြုသော စက် ၁ လုံးနှင့် စတီးမွှေစက် ၁ လုံး တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဖေသက်ဟန်(ကျား)၊ ကျော်စွာဟိန်း(ကျား)၊ ရန်ပိုင်အောင်(ကျား)၊ ထက်မျိုးလွင် (ကျား)၊ လင်းထက်အောင်(ကျား)၊ အောင်သူအောင်(ကျား)၊ မင်းမင်းခိုင်(ကျား)၊ ကမ်းဟွန်(ခ)အိုက်မူ(ကျား)၊

Hejinyao (ဟောဂျီးယောင်) (ခ)အားယောင်(ကျား)၊ ပီကျိုင်း (ခ) ပန်နဝစ်ပထွန်း (ခ) ပနဝစ်ပရထုမ် (ခ) ကိုးကယ်(ကျား) (ဖမ်းမမိ)၊ (ထိုင်းနိုင်ငံသား) တို့အား နမစ (ဟောင်လိတ်) မယ(ပ)၁၉/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၂(ခ)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၅ သန်း ဖမ်းဆီးရမိမှု**



၉၄။ ၁၇-၅-၂၀၂၂ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု (၄၀) ရန်ကုန် (မြောက်ပိုင်း)မှ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ဇောတိက (၃)လမ်း၊ အမှတ် မ/၅၄၁(က) နေအိမ်အတွင်းနှင့် မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၂၅၅) နေအိမ်အတွင်းတို့မှ စိတ်ကြွဆေးပြား ၅ သန်း ဖမ်းဆီးရမိသဖြင့် တရားခံ ကျော်ကျော်အောင် (ခ)ကျော်ကြီး (ကျား)၊ ဝင်းထွန်း(ကျား)၊ လှစိန်မောင်(ကျား)၊ ချစ်ဦးမောင် (ကျား)၊ ဇင်မင်းကို(ခ)အာကြီး (ကျား)၊ လွင်မင်းထိုက်(ကျား)၊ သက်ပိုင်ဦး (ကျား)၊ ကျော်သူ(ကျား)၊ မီးငယ်စိုး(ခ)သီတာစိုး(မ)၊ ပြည်စုံ (ကျား)၊ ဇော်မင်းစိုး(ကျား)(ဖမ်းမမိ)၊ ရဲနောင်(ကျား)(ဖမ်းမမိ)နှင့် ဆန်းကြီး(ကျား) (ဖမ်းမမိ)တို့ ၁၃ ဦးအား မမစ(မင်္ဂလာဒုံ)မယ(ပ)၂၀/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ နှင့် နမစ (ထောက်ကြန့်) မယ(ပ) ၁၇/၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ တို့အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၄.၂၁ သန်း ဖမ်းဆီးရမိမှု**



၉၅။ ၁-၆-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်(မြောက်ပိုင်း)မှ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊အမှတ်(၂၂)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ အမှတ်(၄၈၇)ရှိ ဂိုဒေါင်ကို ရှာဖွေရာ ဂိုဒေါင်၌ ခင်မောင်ထွန်း(ခ)အာပိ အား တွေ့ရှိထိန်းသိမ်းခဲ့ပြီး စစ်ဆေးချက်အရ မှော်ဘီမြို့နယ်၊ မြောင်းတကာ ကျေးရွာ၊ ရပ်ကွက်(၁)၊ တိုးချဲ့(၆)လမ်း၊ အမှတ်(၅၈) တွင် ကိုကိုနိုင်(ခ)နော်ဂျီမွတ်လာ အား စိတ်ကြွဆေးပြား ၄.၂၁ သန်း နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ စိတ်ကြွဆေးပြားများမှာ မောင်တောမြို့မရဲစခန်း၊ မယ(ပ) ၂၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁/ကျင့် ၅၁၂ အမှုမှ တရားခံ အာမိန်အာမက်(ခ)အောင်နိုင်စိုး(ခ) ဟာလာမက်(ခ) အောင်မင်း ၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့်ခင်မောင်ထွန်း(ခ) အာပိ(ခ) အာမိမ် (ကျား)၊ ကိုကိုနိုင်(ခ) နော်ဂျီမွတ်လာ(ခ) ရှာအာလောမ် (ကျား)နှင့် အာမိန်အာမက်(ခ) အောင်နိုင်စိုး(ခ) ဟာလာမက်(ခ) အောင်မင်း(ကျား)တို့ ၃ ဦးအား မှော်ဘီမြို့မရဲစခန်း၊ မယ(ပ)၇/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၂.၀၃၅၈ သန်း ဖမ်းဆီးရမိမှု**



၉၆။ ၉-၈-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ မိုးညှင်းမြို့နယ်၊ နန့်စီးအောင် ပူးပေါင်း စစ်ဆေးရေးစခန်းတွင် မန္တလေးမှ မိုးညှင်းဘက်သို့ အောင်ဆွေဦး(ကျား)မောင်းနှင်ပြီး မင်းမင်းသန်း (ကျား) လိုက်ပါလာသည့် SHN 7D-1476 FOTON ၆ ဘီး ယာဉ်နောက်ခန်းမှ စိတ်ကြွဆေးပြား ၂.၀၃၅၈ သန်း သိမ်းဆည်းရမိသဖြင့် အောင်ဆွေဦး (ကျား)၊မင်းမင်းသန်း (ကျား)၊ နိုင်လင်း (ကျား)(ဖမ်းမမိ)တို့ ၃ ဦးအား မမစ(မိုးညှင်း) မယ(ပ) ၅၅/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁.၇၇ သန်း ဖမ်းဆီးရမိမှု**



၉၇။ ၉-၁၁-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၆၄) ကွန်ဟိန်းမှ ကွန်ဟိန်းမြို့နယ်၊ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကာလိမြို့မှ တာချီလိတ်မြို့ ဘက်သို့ စိုင်းဆိုင်ဟန်(ကျား) မောင်းနှင်ပြီး စိုင်းနွံ(ကျား) လိုက်ပါလာသော YGN 2J-4184 Toyota Hiace ယာဉ်၏ ခရီးသည်တင် ထိုင်ခုံအောက် ကြမ်းခင်းအံ့ဝှက်အတွင်းမှစိတ်ကြွဆေးပြား ၁.၇၇ သန်း သိမ်းဆည်းရမိခဲ့ပြီး အားချန်(ခ)ခမ်းခုံး မှ ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် စိုင်းဆိုင်ဟန်(ခ) စိုင်းနောင့်(ကျား) စိုင်းနွံ(ကျား)နှင့် အားချန်(ခ) ခမ်းခုံး (ကျား)(ဖမ်းမမိ)တို့အား နမစ (ကာလိ)၊ မယ(ပ) ၁၈/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁.၃၄ သန်းနှင့် အိုက်စ် ၂ ကီလို ဖမ်းဆီးရမိမှု**



၉၈။ ၂၁-၁၁-၂၀၂၂ ရက်နေ့ X-Ray စက်တပ်ဖွဲ့စု (ညောင်ခါးရှည်)မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ် တပ်ဖွဲ့စု (၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝေါမြို့နယ်၊ X-Ray (ညောင်ခါးရှည်)တွင် ဘုရားကြီးဘက်မှ မော်လမြိုင်ဘက်သို့ စောအယ်တူလို (ကျား) မောင်းနှင်ပြီး စောအယ်ဒိုထူး(ကျား) လိုက်ပါလာသော YGN 2H-7571 TOYOTA TOYOACE ၆ ဘီးယာဉ်၏ ကြမ်းခင်းအံ့ဝှက်အတွင်းမှ စိတ်ကြွဆေးပြား ၁.၃၄ သန်းနှင့် အိုက်စ် ၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ သဖြင့် စောအယ်တူလို(ကျား)နှင့် စောအယ်ဒိုထူး(ခ) ဒိုထူး(ကျား)တို့ ၂ ဦးအား မမစ(ဝေါ) မယ(ပ) ၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/ ၂၁ အရ အရေးယူမှု ဖြစ်ပါသည်။

**အိုက်စ် (မက်သ်အဖက်တမင်း) ၁၂၃၈ ကီလို ဖမ်းဆီးရမိမှု**



၉၉။ ၇-၁-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ လွိုင်လင်မြို့ အထွက် ဟိုတင့်ကျေးရွာထိပ်တွင် လွိုင်လင်မှ တောင်ကြီးဘက်သို့ မြင့်စိုး မောင်းနှင်ပြီး ကျော်စိုင်း(ခ) အားကျုံး လိုက်ပါလာသည့် YGN 9N-7057 ISUZU ၁၂ ဘီး ယာဉ်၏ ကြမ်းခင်း အံဝှက်အတွင်းမှ အိုက်စ် ၆၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဖော်ထုတ်ချက်အရ လွိုင်လင်-တောင်ကြီးသွားကားလမ်း ချိုခမ်းနှင့် မိုင်းပွန်ကြားတွင် သက်ဇူး မောင်းနှင်၍ ဇေခေါင် လိုက်ပါလာသည့် MDY 3M-8121 ISUZU ၁၂ ဘီးယာဉ်၏ ကြမ်းခင်းအံဝှက်အတွင်းမှ အိုက်စ် ၆၀၃ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ရှေ့ပြေးဆောင်ရွက်သည့် ကိုအောင်(ခ) နော်တောင် မောင်းနှင်ပြီး မာလ(ခ)ရှုရွယ် တို့အား SHN 1P-7375 HIJET ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မြင့်စိုး၊ ကျော်စိုင်း(ခ) အားကျုံး ၊ သက်ဇူး၊ ဇေခေါင်၊ နော်တောင် (ခ)ကိုအောင်၊ မာလ(ခ) ရှုရွယ် တို့အား မမစ (လွိုင်လင်) မယ(ပ)၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှု ဖြစ်ပါသည်။

**အိုက်စ်(မက်သ်အဖက်တမင်း) ၁၀၀၀ ကီလိုနှင့် စိတ်ကြွဆေးပြား ၃ သန်း ဖမ်းဆီးရမိမှု**



၁၀၀။ ၁၀-၁-၂၀၂၂ ရက်နေ့ ပုသိမ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာ၊ ထုံးဘို-မြစ်ငယ်သွားလမ်း မိုင်တိုင်အမှတ် (၈/၅) အနီး၊ လမ်းလယ်ကျွန်းဘေးတွင် ရပ်ထားသည့် MDY 3F-8064 FUSO ၁၂ ဘီးယာဉ်၊ MDY 3K - 4093 HINO ၁၂ ဘီးယာဉ်နှင့် YGN 4E- 3278 FUSO ၁၂ ဘီးယာဉ် တို့အား စစ်ဆေးရှာဖွေရာ MDY 3F-8064 FUSO ၁၂ ဘီးယာဉ်ပေါ်တွင် တိုင်းကျော် အား တွေ့ရှိပြီး ယာဉ်နောက်ခန်းမှ စိတ်ကြွဆေးပြား ၃ သန်းနှင့် အိုက်စ် ၁၀၀၀ ကီလိုတို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် တိုင်းကျော် ၊ ကောင်းကောင်း (ဖမ်းမမိ)၊ ပိုင်သူဖြိုး (ဖမ်းမမိ)၊ အောင်လေး(ခ)ဝက်မ (ဖမ်းမမိ)၊ တင်ဝင်းဆက် (ခ) ပိုင်စိုးသူ (ဖမ်းမမိ)တို့အား နမစ (အုန်းချော)၊ မယ(ပ) ၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

**အိုက်စ် (မက်သ်အဖက်တမင်း) ၉၉၀ ကီလို ဖမ်းဆီးရမိမှု**



၁၀၁။ ၁၃-၁-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး(တောင်ပိုင်း) မှ ကျောက်ဆည် မြို့နယ် ကင်းရွာအနီး ရွာင် - ဟံမြင့်မိုရ် သွားလမ်းတွင် စိုးမြင့် မောင်းနှင်ပြီး ထွန်းလင်း လိုက်ပါလာသည့် MDY 7M - 9354 DONG FENG ၂၂ ဘီးတွဲယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၉၉၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ

ဝမ်လောက်စီ(ခ)ကွယ်ရုံ (ခ) တာကော (ခ) ရွှေမန်း အား ရှိုင်းကိုကို နှင့်အတူ ကျောက်ဆည်မြို့နယ်၊ ကိုးပင်ကျေးရွာအုပ်စု၊ ဇလဲကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် စိုးမြင့်(ကျား)၊ ထွန်းလင်း(ကျား)၊ ရွှေမန်း (ခ) တာကော(ခ)ဝမ်လောက်စီ(ခ) ကွယ်ရုံ (ကျား)၊ရှိုင်းကိုကို (ကျား)၊ အားတီ (ခ)တာဝန်ခံ(ခ)ArT Yang (ခ) Artyang (ဖမ်းမမိ)၊ အမှတ်(၁)နမစ (အောင်မြေသာစံ) မယ(ပ)၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၂ အရ အရေးယူမှုဖြစ်ပါသည်။

### အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလို ဖမ်းဆီးရမိမှု



၁၀၂။ ၄-၂-၂၀၂၂ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်နှင့် ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ်၊ ညောင်ကုန်းစစ်ဆေးရေးဂိတ်တွင် မိုးကုတ်ဘက်မှ ပြင်ဦးလွင်ဘက်သို့ အောင်အောင်(ခ)ရွှေတော(ကျား) မောင်းနှင်ပြီး အေးမင်းအောင်(ခ)ဆန္ဒ(ကျား) နှင့် ကျော်မင်း (ခ) မင်းမင်း(ကျား)တို့ လိုက်ပါလာသည့် MDY 5P-8356 HINO ၆ ဘီးယာဉ်နောက်ခန်းမှ အိုက်စ် (မက်သ်အဖက်တမင်း) ၁.၅ တန် သိမ်းဆည်းရမိခဲ့ပြီး ဖော်ထုတ်ချက်အရ ကွင်းဆက်တရားခံ မိုးမိုးအောင် YGN 1L-7784 Toyota Crown ယာဉ်နှင့်အတူ X-Ray Station (ဝက်ဝံ)စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သဖြင့် အေးမင်းအောင် (ခ)ဆန္ဒ(ကျား)၊ အောင်အောင်(ခ)ရွှေတော(ကျား)၊ ကျော်မင်း (ခ) မင်းမင်း(ကျား)၊ မိုးမိုးအောင်(မ)၊ ကိုစိုင်း(ကျား)(ဖမ်းမမိသေး)တို့အား နမစ(ပိတ်ချင်းမြောင်) မယ(ပ) ၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၂ အရ အရေးယူမှုဖြစ်ပါသည်။

### အိုက်စ်(မက်သ်အဖက်တမင်း) ၁၀၀၀ ကီလို ဖမ်းဆီးရမိမှု



| ၂၆။ | မက်သာဒုံး | - | ၀.၁ | လီတာ |
| ၂၇။ | ကက်တမင်း | ၅၁ | ၂၃၂၈.၆၂၄၂၂ | ကီလို |
| ၂၈။ | ကက်တမင်းထိုးဆေး | - | ၆၀၀ | ပုလင်း |
| ၂၉။ | ဓိုလမ်ဆေးပြား | - | ၅၀၀၀၀ | ပြား |
| ၃၀။ | Promethazine ဆေးရည်/ ဘူး | - | ၁၆၂.၆ | လီတာ |
| | | - | ၄ | ဘူး |
| ၃၁။ | ချောင်းဆိုးပျောက်ဆေးရည် | - | ၀.၂၂၅ | လီတာ |
| ၃၂။ | Caffeine | ၅ | ၉၀၃၆.၀၁ | ကီလို |



| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | အမှု | ပမာဏ | ရေတွက်ပုံ |
|---|---|---|---|---|
| ၃၃။ | ဆူဒိုအက်ဖီဒရင်းဆေးပြား | ၂ | ၃၀၅၀၀၀၀ | ပြား |
| ၃၄။ | အက်ဖီဒရင်း | ၁ | ၁ | ကီလို |
| ၃၅။ | Sulphuric Acid | ၃ | ၂၂၅၅၀ | လီတာ |
| ၃၆။ | Hydrochloric Acid | ၂ | ၉၂၀၀ | လီတာ |
| ၃၇။ | Acetone | - | ၆၄၆၀ | လီတာ |
| ၃၈။ | Ethyl Ether | - | ၃၆၀ | လီတာ |
| ၃၉။ | Toluene | ၇ | ၄၁၉၁၀ | လီတာ |
| ၄၀။ | Sodium acetate | ၇ | ၁၂၄၂၅ | ကီလို |
| ၄၁။ | Ammonium Nitrate | ၄၉ | ၅၆၇၂၀၁ | ကီလို |
| ၄၂။ | Sodium Cyanide | ၃ | ၁၅၄၀၀ | ကီလို |
| ၄၃။ | အရိုးမီးသွေး | ၄ | ၁၆၅၀ | ကီလို |
| ၄၄။ | Ammonium Carbonate | ၁ | ၄၀၀ | ကီလို |
| ၄၅။ | Sodium  Ethoxide | ၃ | ၁၄၀၀၀ | ကီလို |
| ၄၆။ | Acetic Acid(အခဲ) | ၁ | ၂၀၀၀၀ | ကီလို |
| ၄၇။ | Copper Sulfate | - | ၂၀၀၀ | ကီလို |
| ၄၈။ | Aluminium Sulfate | ၁ | ၂၇၂၀ | လီတာ |
| ၄၉။ | Phenol Crystal | ၁ | ၉၀၀၀ | ကီလို |
| ၅၀။ | Chloroform | ၁ | ၁၁၈၅၀ | လီတာ |
| ၅၁။ | Sodium Chloride | - | ၃၈၀ | ကီလို |
| ၅၂။ | Sodium Carbonate | - | ၆၇၅၀ | ကီလို |
| ၅၃။ | Calcium Carbonate | - | ၄၉၇၅ | ကီလို |
| ၅၄။ | Potassium  Permanganate | ၁ | ၁၂၅၀ | ကီလို |
| ၅၅။ | Potassium Nitrate | ၁ | ၅၀၀ | ကီလို |
| ၅၆။ | Methanol Nitric acid | - | ၁၂၆၀ | လီတာ |
| ၅၇။ | Ethanol | ၂ | ၁၈၆၀၀ | လီတာ |
| ၅၈။ | Vanillin ဆေးမှုန့် | - | ၅၃၁.၇ | ကီလို |
| ၅၉။ | Theophylline | ၁ | ၁၄၅၀၀ | ကီလို |
| ၆၀။ | Phenylpropanolamine | - | ၀.၆၄ | ကီလို |
| ၆၁။ | Dipropylene  Glycol Benzoate | - | ၆၅၀ | လီတာ |
| ၆၂။ | Ethyl Acetate | - | ၃၁၂၀ | လီတာ |
| ၆၃။ | Formic Acid | ၁ | ၁၉၃၂ | လီတာ |
| ၆၄။ | Potassium Sulfate | - | ၂၄၀၀ | ကီလို |
| ၆၅။ | N-Butylbenzylamine | ၁ | ၁၇၀ | လီတာ |
| ၆၆။ | Diphenyliodonium Iodide | ၁ | ၄၀၀ | ကီလို |



| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | အမှု | ပမာဏ | ရေတွက်ပုံ |
|---|---|---|---|---|
| ၆၇။ | Benzene | ၂ | ၃၆၀၀ | လီတာ |
| ၆၈။ | Bismuth(III) Oxide | - | ၂၆၀ | လီတာ |
| ၆၉။ | Sulphur (ကန့်) | - | ၄၈၀၀ | ကီလို |
| ၇၀။ | အနံ့ဆေးရည် | - | ၇၄၃.၆ | လီတာ |
| | | - | ၆ | ပုလင်း |
| ၇၁။ | အနီရောင်အမှုန့် | - | ၂၆၀.၇ | ကီလို |
| ၇၂။ | Food Colour အမှုန့် | - | ၃၅ | ကီလို |
| ၇၃။ | အရောင်တင်အမှုန့် | - | ၁၅.၂၅ | ကီလို |
| ၇၄။ | ဆက်စပ်ကိရိယာ(ရိုက်စက်/ မိုလ်) | ၁ | ၇ | လုံး |
| | | - | ၂၂၁ | ချောင်း |
| ကျော်စော | | ၁ | | |
| အခြားအမှု | | ၄၃ | | |
| အမှုပေါင်း | | **၆၇၅၉** | မှု | |
| တရားခံ(ကျား) | | **၈၃၄၆** | ဦး | |
| တရားခံ(မ) | | **၁၂၅၄** | ဦး | |
| တရားခံပေါင်း | | **၉၆၀၀** | ဦး | |
| စုစုပေါင်းတန်ဖိုး(ကျပ်သန်း) | | **၁၁၂၀၃၆၀.၃၁၀၆၃** | | |
| စုစုပေါင်း(ဒေါ်လာသန်း) | | **၅၃၃.၅၀၄** | | |

## ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေး၊ ပစ္စည်းများ၏ အရေအတွက်နှင့် စုစုပေါင်းတန်ဖိုးစာရင်း

| စဉ် | အမျိုးအမည် | အရေအတွက် | ရေတွက်ပုံ | တန်ဖိုး(ကျပ်) |
|---|---|---|---|---|
| ၁။ | မြန်မာငွေ | ၁၂၂,၁၄၂,၇၂၀ | ကျပ် | ၁၂၂,၁၄၂,၇၂၀ |
| ၂။ | မော်တော်ဆိုင်ကယ် | ၇၁၃ | စီး | ၄၁၁,၃၂၅,၀၀၀ |
| ၃။ | မော်တော်ကား | ၁၁၂ | စီး | ၁,၆၆၉,၇၀၀,၀၀၀ |
| ၄။ | တယ်လီဖုန်း | ၁၉၆ | လုံး | ၂၅,၅၇၀,၀၀၀ |
| ၅။ | လှေ့ပ်စစ်စက်ဘီး | ၂ | စီး | ၂၃၀,၀၀၀ |
| ၆။ | စက်ဘီး | ၆ | စီး | ၄၃၅,၀၀၀ |
| ၇။ | သစ်သားလှေ | ၁၁ | စီး | ၃၃,၃၀၀,၀၀၀ |
| ၈။ | အမေရိကန်ဒေါ်လာ | ၂၀၀၀ | ဒေါ်လာ | ၃,၅၅၆,၀၀၀ |
| ၉။ | ထိုင်းဘတ် | ၃,၆၀၁,၀၀၀ | ဘတ် | ၂၃၄,၀၇၈,၀၀၀ |
| ၁၀။ | ရွှေ | ၂.၅ | ကျပ်သား | ၅,၀၀၀,၀၀၀ |
| | **စုစုပေါင်း** | | | **၂,၅၀၅,၃၃၆,၇၂၀** |
| | **အမှုပေါင်း** | **၁၁၁၅** | **မှု** | |
| | **တရားခံပေါင်း** | **၁၉၈၇** | **ဦး** | |

## ၂၀၂၀-၂၀၂၁ ဘိန်းစိုက်ရာသီအတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ ဘိန်းခင်းဖျက်ဆီးမှုစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဧက | ဟတ်တာ |
|---|---|---|---|
| ၁။ | ရှမ်း(တောင်) | ၃၁၆၆.၈ | ၁၂၈၁.၅၈ |
| ၂။ | ရှမ်း(အရှေ့) | ၁၃၄.၆၉ | ၅၄.၅၁ |
| ၃။ | ရှမ်း(မြောက်) | ၈၃ | ၃၃.၅၉ |
| ၄။ | မကွေး | ၃၆ | ၁၄.၅၇ |
| ၅။ | ကချင် | ၄၇ | ၁၉.၀၂ |
| | စုစုပေါင်း ၂၃ မြို့နယ် | ၃၄၆၇.၄၉ | ၁၄၀၃.၂၇ |











## အခန်း (၅)

# ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေး

## ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃၁၄/၂၀၂၁ ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဗဟိုအဖွဲ့၏ကွပ်ကဲမှုဖြင့် လုပ်ငန်းအဖွဲ့(၁၁)ဖွဲ့ ဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့ပါသည်။ ဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးသော လုပ်ငန်းအဖွဲ့ (၁၁) ဖွဲ့တွင်ပါဝင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေး အဖွဲ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်(၂)မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများ၏ ကိုယ်စားလှယ် (၁၂) ဦးမှ အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။



ရှမ်းပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့မှ
ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်မှုအား
ရှောင်တခင် စစ်ဆေးဆောင်ရွက်စဉ်



၂။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၄) ဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေကို အခန်း(၁၄)ခန်းဖြင့်ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေပါ အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ တရားမဝင် မူးယစ်ဆေးဝါးများထုတ်လုပ်သည့် အနေအထားသို့ မရောက်ရှိစေရေးအတွက် မူးယစ်တပ်ဖွဲ့စုများမှ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများအပြင် မြန်မာနိုင်ငံအတွင်းသို့ တရားဝင်လမ်းကြောင်းများမှ လူသုံးကုန်ပစ္စည်းများထုတ်လုပ်ရန် လျှောက်ထားလာ သည့် ဓာတုပစ္စည်းများအား လမ်းလွဲမရောက်ရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ် ကွပ်ကဲဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

၃။ ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိအသုံးပြုခြင်း၊ လက်လီ/လက္ကား ဖြန့်ဖြူးရောင်းချခြင်းများကို တရားမဝင် လမ်းကြောင်းသို့ လမ်းလွဲရောက်ရှိခြင်းမဖြစ်စေရန် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေအရ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် တိုင်းဒေသကြီး/ ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့များအား ဖွဲ့စည်းခဲ့ပြီး ထိန်းချုပ်ဓာတုပစ္စည်းများ နောက်ဆုံးထုတ်ကုန်(End Product) အထိ အမှန်တကယ်ရောက်ရှိစေရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ၂၆-၅-၂၀၂၁ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ UN Convention အရလည်းကောင်း၊ မြန်မာနိုင်ငံ၏လိုအပ်ချက်အရလည်းကောင်း လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးကို အမိန့်ကြော်ငြာစာအမှတ် ၁၁၃/ ၂၀၂၁ ဖြင့် အောက်ပါအတိုင်း ထပ်မံထုတ်ပြန်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | Acetic anhydride | အက်စစ်တစ် အင်ဟိုက်ဒရိုက် |
| (ခ) | N–Acetylanthranilic acid | အင်-အက်စီတိုင်းလ်အင်သရာနီလစ်အက်စစ် |
| (ဂ) | 4-Anilino-N-phenethylpiperidine (ANPP) | ၄-အနီလီနို-အင်-ဖီနိုင်သိုင်းလ်ပိုင်ပါရီဒင်း (အေအင်ပီပီ) |
| (ဃ) | Ephedrine | အက်ဖီဒရင်း |
| (င) | Ergometrine | အာဂိုမတ်ထရင်း |
| (စ) | Ergotamine | အာဂိုတမင်း |
| (ဆ) | Isosafrole | အိုင်ဆိုဆာဖရိုးလ် |
| (ဇ) | Lysergic acid | လိုက်ဆာဂျစ် အက်စစ် |
| (ဈ) | 3,4-MDP-2-P methyl glycidate | ၃၊၄-အမ်ဒီပီ-၂ ပီ မီသိုင်း ဂလိုက်စီဒိတ် |





ရန်ကုန်တိုင်းဒေသကြီးထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်အသုံးပြုသည့် လုပ်ငန်းတစ်ခုအား စစ်ဆေးဆောင်ရွက်စဉ်



မန္တလေးတိုင်းဒေသကြီး ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်မှုအား ရှောင်တခင် စစ်ဆေးဆောင်ရွက်စဉ်



မန္တလေးတိုင်းဒေသကြီး ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်အသုံးပြုသည့် လုပ်ငန်းတစ်ခုအား စစ်ဆေးဆောင်ရွက်စဉ်

| | | |
|---|---|---|
| (ည) | 3,4-MDP-2-P methyl glycidic acid | ၃၊၄-အမ်ဒီပီ-၂ပီမီသိုင်းလ်ဂလိုက်စီဒစ်အက်စစ် |
| (ဋ) | 3,4-Methylenedioxyphenyl -2-propanone | ၃၊၄-မီသိုင်းလ်လင်ဒိုင်အောက်ဆီဖီနိုင်းလ် -၂-ပရိုပန်နုန်း |
| (ဌ) | Norephedrine | နော်အက်ဖီဒရင်း |
| (ဍ) | N-Phenethyl-4-piperidone (NPP) | အင်-ဖီနိုင်သိုင်းလ်-၄-ပိုက်ပါရီဒုန်း (အင်ပီပီ) |
| (ဎ) | Phenylacetic acid | ဖီနိုင်းလ်အက်စစ်တစ် အက်စစ် |
| (ဏ) | 1-Phenyl-2-propanone | ၁-ဖီနိုင်းလ်-၂-ပရိုပန်နုန်း |
| (တ) | alpha-Phenylacetoacetamide (APAA) | အလ်ဖာ- ဖီနိုင်းလ်အက်စီတိုအက်စီတမိုက် (အေပီအေအေ) |
| (ထ) | alpha-Phenylacetoacetonitrile (APAAN) | အလ်ဖာ- ဖီနိုင်းလ်အက်စီတိုအက်စီတို နိုက်ထရေး(အေပီအေအေအန်) |
| (ဒ) | Piperonal | ပိုင်ပါရိုနယ်လ် |
| (ဓ) | Potassium permanganate | ပိုတက်စီယမ်ပါမင်းဂနိတ် |
| (န) | Pseudoephedrine | ဆူဒိုအက်ဖီဒရင်း |
| (ပ) | Safrole | ဆာဖရိုးလ် |
| (ဖ) | Acetone | အက်စီတုန်း |
| (ဗ) | Anthranilic acid | အင်သရာနီလစ် အက်စစ် |

| | | |
|---|---|---|
| (ဘ) | Ethyl ether | အီသိုင်းလ်အီသာ |
| (မ) | Hydrochloric acid | ဟိုက်ဒရိုကလိုရစ်အက်စစ် |
| (ယ) | Methyl ethyl ketone | မီသိုင်းလ် အီသိုင်းလ် ကီတုံး |
| (ရ) | Piperidine | ပိုင်ပါရီဒင်း |
| (လ) | Sulphuric acid | ဆာလ်ဖြူရစ်အက်စစ် |
| (ဝ) | Toluene | တော်လူအင်း |
| (သ) | Ammonium Chloride | အမိုနီယမ်ကလိုရိုက် |
| (ဟ) | Ammonium Nitrate | အမိုနီယမ်နိုက်ထရိတ် |
| (ဠ) | Caffeine | ကေဖင်း |
| (အ) | Lead Acetate | လိဒ် အစီတိတ် |
| (ကက) | Methylamine/ Methylamine Hydrochloride | မီသိုင်းလမင်း/ မီသိုင်းလမင်း ဟိုက်ဒရိုကလိုရိုဒ် |
| (ခခ) | Sodium Acetate | ဆိုဒီယမ် အစီတိတ် |
| (ဂဂ) | Sodium Cyanide | ဆိုဒီယမ်ဆိုင်ယာနိုက် |
| (ဃဃ) | Safrole rich oil | ဆာဖရိုးလ်ကြွယ်ဝသောအဆီ |
| (ငင) | Tartaric Acid | တာတာရစ် အက်ဆစ် |
| (စစ) | Thionyl Chloride | သိုင်အိုနိုင်းလ် ကလိုရိုက် |



မွန်ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်



မွန်ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်မှုအား ရှောင်တခင် စစ်ဆေးဆောင်ရွက်စဉ်

၅။ မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများမှ ဓာတုပစ္စည်းများအားအသုံးပြုရန်နှင့် တစ်ဆင့်ပြန်လည်ရောင်းချရန် ပြည်ပမှတင်သွင်းခွင့် သွင်းကုန်လိုင်စင်ရရှိရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားရာတွင် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့များကို ကွင်းဆင်းစစ်ဆေးစေပြီး ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေနှင့်အညီ ၂၀၂၂ ခုနှစ်အတွင်း အောက်ပါအတိုင်း စိစစ်ထောက်ခံပေးခဲ့ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | Acetone | 540.06 | MT | 20 | Litre |
| ( ခ ) | Hydrochloric acid | 8987.927 | MT | 310014 | Litre |
| ( ဂ ) | Methyl ethyl ketone | 1901.906 | MT | | |
| (ဃ) | Sulphuric acid | 24291.892 | MT | 19 | Litre |
| ( င ) | Toluene | 7937.002 | MT | 1656 | Litre |
| ( စ ) | Norephedrine HCL | 2.754 | MT | | |
| (ဆ) | Acetic anhydride | 250.005 | MT | | |
| ( ဇ ) | Potassium permanganate | 352.012 | MT | | |
| ( ဈ ) | Sodium Cyanide | 4962 | MT | | |
| (ည) | Ethyl Ether/Diethyl Ether | 264.0002 | MT | | |
| ( ဋ ) | Ammonium Chloride | 27983.006 | MT | | |
| ( ဌ ) | Caffeine | 3.2 | MT | | |
| ( ဍ ) | Sodium Acetate | 0.0135 | MT | | |
| ( ဎ ) | Tartaric Acid | 250 | MT | | |
| (ဏ) | Ephedrine | 0.005 | MT | | |

၆။ မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှ ဓာတုပစ္စည်းများအား အသုံးပြုရန်နှင့် ပြန်လည်ရောင်းချရန် ပြည်ပမှတင်သွင်းခွင့်ရရှိရေး စိစစ်ထောက်ခံပေးလျက်ရှိရာ ၂၀၂၂ ခုနှစ်အတွင်း ကုမ္ပဏီ/လုပ်ငန်းရှင် စုစုပေါင်း ၆၅ ခုရှိပြီး လုပ်ငန်းအသုံးပြုသည့် ကုမ္ပဏီ/ လုပ်ငန်းရှင် ၅၀ ခု၊ တစ်ဆင့်ပြန်လည်ရောင်းချသည့် ကုမ္ပဏီ/ လုပ်ငန်းရှင် ၁၁ ခု၊ ဌာနဆိုင်ရာမှလျှောက်ထားမှု ၃ ခု၊ ပြည်တွင်းထုတ်လုပ်ပြီး ကိုယ်တိုင်သုံးကုမ္ပဏီ ၁ ခု ရှိပါသည်။

၇။ ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ တရားဝင်ကုန်သွယ်မှုများမှတစ်ဆင့် လမ်းလွဲရောက်ရှိခြင်းကို ကာကွယ်ရန်အတွက်လည်းကောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ရှောင်တခင်/ ပုံမှန်စစ်ဆေးခြင်း ၇၄၉ ကြိမ်၊ အသိပညာပေးဟောပြောခြင်း ၅၁၅ ကြိမ်နှင့်



မွန်ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်မှုအား ရှောင်တခင် စစ်ဆေးဆောင်ရွက်စဉ်



ကရင်ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်မှုအား ရှောင်တခင် စစ်ဆေးဆောင်ရွက်စဉ်

ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်ကျော်သယ်ဆောင်မှု ၃၉၁ ကြိမ်တို့အား ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခဲ့ပါသည်။

၈။ တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတုပစ္စည်းများကို ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆန့်ကျင်ရေး ကွန်ဗင်းရှင်း (၁၉၈၈)၏ ဇယား ၁ နှင့် ၂ ဖြင့် လည်းကောင်း၊ နိုင်ငံအများစုမှ ဥပဒေများပြဋ္ဌာန်း၍လည်းကောင်း ထိန်းချုပ်ထားသဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကိုရှောင်လွှဲ၍ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဖွဲ့စည်းပုံအလွန်နီးစပ်သည့် အစားထိုးအသုံးပြုနိုင်သော အခြားဓာတုပစ္စည်းမျိုးကွဲများနှင့် ကြားခံဓာတုပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ပြောင်းလဲချက်လုပ်လာကြသည်ကိုတွေ့ရှိရပြီး ဓာတုပစ္စည်းအမျိုးအစားတစ်ခုတည်းမှ ဆင့်ကဲပြုပြင်ထားကြောင်းတွေ့ရသည့် ဆင့်ပွားဓာတုပစ္စည်းများ (Designer precursors) တဟုန်ထိုး တိုးပွားလာသည်ကိုလည်း တွေ့ရှိရပါသည်။

၉။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသောပစ္စည်းများ အလွဲသုံးမှုနှင့် လမ်းလွဲရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိကလက်တွဲဆောင်ရွက်မှု (Public-Private Partnership,PPP) ကို တည်ဆဲလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ သို့ဖြစ်၍ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ/လုပ်ငန်းရှင်များ၊ ဓာတုဗေဒနှင့်သက်ဆိုင်သည့်ဌာနများ၊ အသင်းအဖွဲ့များဖြင့် ပေါင်းစပ်ကျင်းပသည့် ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒများဆိုင်ရာ အသိပညာပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ (International Narcotics Control Board - INCB) မှ (၃) လတစ်ကြိမ်နှင့် နှစ်စဉ်မေးမြန်းချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သတ်မှတ်ပုံစံများအတိုင်း ဖြည့်စွက်ပေးပို့ရေး အကြောင်းကြားပြီး INCB သို့ အချိန်နှင့်တစ်ပြေးညီ စုစည်းဖြေကြားလျက်ရှိပါသည်။

၁၁။ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် (United Nations Office on Drugs and Crime - UNODC) ရုံးမှ နှစ်ပတ်လည်အစီရင်ခံစာ (Annual Report Questionnaire - ARQ) မေးမြန်းချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားပြီး ဖြေကြားချက်များစုစည်းကာ အကြောင်းပြန်ကြားခြင်းအပြင် INCB မှ မေးမြန်းချက်များကိုလည်း အကြောင်းပြန်ကြား ဆောင်ရွက်လျက်ရှိပါသည်။

၁၂။ မြန်မာနိုင်ငံရှိ ကုမ္ပဏီ/လုပ်ငန်းရှင်များမှ ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှတင်သွင်းရန် ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ လျင်မြန်စွာ သတင်းဖလှယ်နိုင်သော ပို့ကုန်ကြိုတင်သတင်းပေးစနစ် (Pre-Export Notification,PEN) ဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိရာ အဖွဲ့ဝင်နိုင်ငံများဖြစ်သော မလေးရှား၊ ထိုင်း၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဂျာမဏီ၊ ဗီယက်နမ်၊ အိန္ဒိယ၊ တရုတ်နှင့် ကိုရီးယားနိုင်ငံတို့မှ ၂၀၂၂ ခုနှစ်အတွင်း ဆက်သွယ်ဆောင်ရွက်မှု ၁၀၃ ကြိမ်တွင် အချက်အလက်များ ကိုက်ညီမှုရှိသဖြင့် ထောက်ခံမှု ၈၁ ကြိမ်၊ အချက်အလက်များမှန်ကန်မှု မရှိသည့်အတွက် ကန့်ကွက်မှု ၂၂ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

# အခန်း (၆)

## နယ်မြေလူထုပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆောင်ရွက်ချက်

**နိဒါန်း**

၁။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (Myanmar Anti-Narcotics Association, MANA) ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှတ်ပုံတင်ဌာနခွဲမှ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၁၇၇၀ ဖြင့် ခွင့်ပြုခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ ၂၇-၁၂-၂၀၁၉ နေ့စွဲဖြင့် အသင်းအဖွဲ့၏မှတ်ပုံတင်အမှတ်သည် ၁/ပြည်တွင်း/၀၈၈၇ ဖြစ်ပါသည်။

၂။ အသင်း၏မျှော်မှန်းချက်မှာ “Myanmar is A Drug Free Society and Healthy Nation” ကျန်းမာကြံ့ခိုင်၍ မူးယစ်ကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်ဖြစ်ပါသည်။ MANA အသင်းမှ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းရပ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့်တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါး၏ဝင်ပေါက်ဖြစ်သော ဆေးလိပ်နှင့် အရက်သောက်ခြင်းတို့အား တားဆီးကာကွယ်ရေးအတွက် ပြည်သူလူထုအတွင်း ပညာပေးဟောပြောမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**အသင်းဖွဲ့စည်းပြီးစီးမှု**

| | | | | |
|---|---|---|---|---|
| ၃။ | (က) | တိုင်းဒေသကြီးအဆင့် MANA အသင်း | ၈ | သင်း |
| | ( ခ ) | နေပြည်တော်တိုင်း MANA အသင်း | ၁ | သင်း |
| | ( ဂ ) | ပြည်နယ်အဆင့် MANA အသင်း | ၉ | သင်း |
| | (ဃ) | ခရိုင်အဆင့် MANA အသင်း | ၃၄ | သင်း |
| | ( င ) | မြို့နယ်အဆင့် MANA အသင်း | ၁၅၄ | သင်း |
| | ( စ ) | ဂုဏ်ထူးဆောင်အသင်းသား | ၁၁ | ဦး |
| | (ဆ) | ရာသက်ပန်အသင်းသား | ၃၆၇၈၉ | ဦး |
| | ( ဇ ) | ဗဟိုကော်မတီဝင် | ၃၀ | ဦး |
| | ( ဈ ) | ဗဟိုအလုပ်အမှုဆောင်ကော်မတီ | ၁၈ | ဦး |

**MANA အသင်းကြီး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

| | | | |
|---|---|---|---|
| ၄။ | (က) | ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း) | ဥက္ကဋ္ဌ |
| | (ခ) | ဦးစောငွေ | ဒုဥက္ကဋ္ဌ(စီမံ/လုပ်ငန်း) |
| | (ဂ) | ဦးသိန်းကြည်(ရဲမှူးကြီး-ငြိမ်း) | ဒုဥက္ကဋ္ဌ(စီမံကိန်း) |
| | (ဃ) | ဦးမြင့်ခိုင် | အတွင်းရေးမှူး |
| | (င) | ဦးစိန်မြင့်(ထွန်း) | တွဲဖက်အတွင်းရေးမှူး(နိုင်ငံတကာဆက်ဆံရေး) |
| | (စ) | ဦးမြင့်စိုး | တွဲဖက်အတွင်းရေးမှူး(စီမံ/စည်းရုံး) |
| | (ဆ) | ဦးဘိုကြီး | ဘဏ္ဍာရေးမှူး |
| | (ဇ) | ဦးတင်ထွဋ် | စာရင်းစစ် |
| | (ဈ) | ဦးစိုင်းအောင်မင်း(ဒုရဲမှူးကြီး-ငြိမ်း) | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (ည) | ဦးအောင်ကြည် | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (ဋ) | ဦးဇော်သန်းမောင်(ဒုဗိုလ်မှူးကြီး-ငြိမ်း) | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (ဌ) | ဦးကိုကိုလေး | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (ဍ) | ဒေါက်တာတင်အောင်ရွှေ | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (ဎ) | ဦးဉာဏ်ဝင်း | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (ဏ) | ဒေါ်စောသီရိသိင်္ဂီ | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (တ) | ဒေါ်အေးအေးအောင် | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (ထ) | ဒေါက်တာအောင်သော် | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| | (ဒ) | ဒေါ်ချိုချိုအေး | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |

**MANA အသင်းကြီး၏ စည်းရုံးလှုပ်ရှားမှုများ**

၅။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတွင် နှစ်ပေါင်းများစွာကြာ အသင်းကြီး တိုးတက်အောင်မြင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်လုပ်ကိုင်သူများအား သားစဉ်မြေးဆက်အမှတ်တရဖြစ်စေရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအား တစ်ဦးချင်းစီ ဂုဏ်ပြုမှတ်တမ်းလွှာများကို ၂၀-၁၀-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌမှ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

၆။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)အစည်းအဝေးခန်းမ၌ ၂၀၂၂ ခုနှစ်အတွင်း လစဉ် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး (၇) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၇။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် ဗဟို ကော်မတီအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းရေတာရှည်လမ်းသစ်ထိပ်ရှိ ကျောက်ဆည်ဓမ္မာရုံတွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌများ၊အတွင်းရေးမှူးများနှင့်မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အခြားဖိတ်ကြား ထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပါသည်။

**၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပခြင်း**

၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုပညာပေးဆွေးနွေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အထက (၆) တွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမူးယစ် ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း)နှင့် အတွင်းရေးမှူး ဦးမြင့်ခိုင် တို့မှ အခမ်းအနားတက်ရောက်၍ ဆွေးနွေးဟောပြောခဲ့ ပါသည်။

၉။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို လှိုင်သာယာမြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း)နှင့် ရန်ကုန်တိုင်းမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစိုင်းအောင်မင်း တို့ တက်ရောက်ခဲ့ပါသည်။

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ ဘာသာရေးဆောင်ရွက်ချက်**

၁၀။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုလျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၁-၁-၂၀၂၂ ရက်နေ့တွင် ကျွန်းတောလမ်း ပဋ္ဌာန်း ကျောင်းတိုက်မှ ပင့်သံဃာ (၅) ပါးတို့အား ဝါဆိုလျာသင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး MANA အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ MANA ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

၁၁။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကထိန်လျာ သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀-၁၀-၂၀၂၂ ရက်နေ့တွင် ကျွန်းတောလမ်း ပဋ္ဌာန်းကျောင်းတိုက်မှ

ပင့်သံဃာ (၅) ပါးတို့အား ကထိန်လျှာသင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့နှင့်အတူ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး MANA အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ MANA ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

**လူငယ်ကဏ္ဍ**

၁၂။ လူငယ့်အားမာန်အဖွဲ့မှ ဆေးဖြတ်ရန်လာရောက်သူ(၈) ဦးကို After Care ဆောင်ရွက်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

**Health Care Centre ဖွင့်လှစ်ခြင်း**

၁၃။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လူငယ့်အားမာန် (MYET) တွင် ယခင်က မူးယစ် ဆေးဝါးသုံးစွဲခဲ့ကြသူများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးရန် MANA သင်တန်းခန်းမအောက်ထပ်၌ ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးတို့ခန့်ထားပြီး ရက်သတ္တတစ်ပတ်လျှင် (၃) ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပါသည်။

**မူးယစ်ပြတိုက်ရှိ MANA ပြခန်း**

၁၄။ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဖွင့်လှစ်ပြသထားသော ပြတိုက်၌ MANA အသင်းမှ ပြခန်းဖွင့်လှစ်ထား ပါသည်။ အဆိုပါပြတိုက်ရှိ MANA ပြခန်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ လမ်းညွှန်ချက်အတိုင်း ပြသထားချက်များကို ခေတ်နှင့်အညီ Update to date ပြခန်းပြင်ဆင်ဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့နှင့် ပြင်ဆင်ရေးအဖွဲ့တို့ကို တာဝန်ပေးအပ်၍ ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ္ဍာရေး**

၁၅။ စီမံကိန်းလုပ်ငန်းများ၏ ဘဏ္ဍာရေးအသုံးစရိတ်သက်ဆိုင်ရာ အထောက်အပံ့ပေးသည့် UNOPS, GFATM, PR Team တို့မှ တိုက်ရိုက် International Audit Farm တို့ဖြင့် စစ်ဆေးမှုပြုလုပ်ပါသည်။ MANA ရုံးချုပ်ဘဏ္ဍာရေးကိစ္စများကို တစ်လတစ်ကြိမ်ပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ လစဉ်ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း၊ နှစ်တစ်နှစ်၏ စာရင်းရှင်းတမ်းကို နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေးသို့ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဗဟိုကော်မတီအစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

၁၆။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအနေဖြင့် "မူးယစ်ကင်းစင်၍ ကျန်းမာကြံ့ခိုင်သော မြန်မာ့လူ့ဘောင်တည်ဆောက်ရေး " စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ MANA အသင်းများ တိုးချဲ့ စည်းရုံးဖွဲ့စည်းခဲ့ပါသည်။ အသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ယနေ့ခေတ်လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးဆွေးနွေးပွဲ အစီစဉ်တွင် MANA (ဗဟို)မှ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှလည်း ကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း တွေ့ဆုံဆွေးနွေးပညာပေးအစီအစဉ်များဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူအခြေပြု ပညာပေး ဦးစားပေးလုပ်ငန်းစဉ် (၇) ရပ်ဖြစ်သော မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်ဘီယာ မသောက်သုံးရေး၊ ဆေးလိပ်၊ ကွမ်းယာ မသုံးစွဲရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော လူမှုပုံစံများ စွဲမြဲစွာတည်ဆောက်ရေး၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးရေး၊ ဂိမ်းစွဲလမ်းမှုပပျောက်ရေးတို့တွင်လည်း MANA (ဗဟို)မှ ပညာပေးရုပ်သံဇာတ်လမ်း DVD အခွေများ၊ စာအုပ်များ၊ ပိုစတာများ ပံ့ပိုးပေး၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ လူထုပညာပေးလုပ်ငန်းများတွင် နီးနွယ်ဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းလျက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ် ပါသည်။

## မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ဆောင်ရွက်ချက်

၁။ မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (Border Areas Development Association, BDA) သည် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းအပါအဝင် လူနေမှုဘဝမြင့်မားတိုးတက်လာသည်နှင့်အညီ ပြည်သူများအား အန္တရာယ်ပေးနေသည့် မူးယစ်ဆေးဝါးအန္တရာယ်များ လျော့ပါးသွားမည်ဟု စွဲမြဲစွာယုံကြည်ပြီး ဆောင်ရွက်လျက်ရှိပါသည်။



**စိတ်ဓာတ်ရေးရာ နှင့် ရောဂါကာကွယ်ရေးနည်းလမ်းများဆိုင်ရာ သင်တန်းပို့ချခြင်း**

၂။ BDA အနေဖြင့် UNICEF နှင့်ပူးပေါင်း၍ ဒေသခံရပ်ရွာလူကြီးများ၏ အကူအညီဖြင့် စိတ်ပိုင်းဆိုင်ရာ ကူညီစောင့်ရှောက်မှုသင်တန်းများ၊ COVID-19 ရောဂါကာကွယ်ရေးတွင်အထောက်အကူပြုသည့် ကာကွယ်ရေးနည်းလမ်းများ၊ သန့် ၄ သန့် ဆိုင်ရာ ပညာပေးသင်တန်းများကို စီစဉ်ပေးခဲ့ပါသည်။ ပညာပေးသင်တန်းများကို မုံရွာမြို့နယ်ရှိ ကျေးရွာ ၇၉ ရွာ၊ ရပ်ကွက် ၆ ခုတို့တွင် ကျောင်းသား/ကျောင်းသူ ၈၆၂၂ တို့အား ကူညီပံ့ပိုးပေးသူ ၁၄၈ ဦးတို့က သင်တန်းပို့ချခြင်း၊ ပြည်သူ ၉၇၅ ဦးတို့အား ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သတ်၍ ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့ပါသည်။





## နေအိမ်တွင်ကိုယ်တိုင်လေ့လာသင်ယူရန် သင်တန်းပို့ချခြင်း

၃။ ပညာသင်ကြားရန် ပျက်ကွက်နေသည့် ကလေးငယ်များနှင့် ကျောင်းမတက်နိုင်သည့် ကလေးငယ်များအတွက် Short Term Home-based Learning သင်တန်းစီမံချက်တစ်ရပ်ကို ၈-၁၂-၂၀၂၁ မှ ၇-၆-၂၀၂၂ ရက်နေ့အထိ မူလတန်းအဆင့် ကျောင်းသူ၊ ကျောင်းသား ၈၆၂ တို့အား သင်တန်းပို့ချလျက် ရှိပါသည်။ ဤစီမံချက်သင်တန်းကို မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၇၉ ရွာနှင့် ရပ်ကွက် ၆ ခုတို့တွင် စေတနာ့ဝန်ထမ်းဆရာ၊ ဆရာမ ၁၅၃ ဦးတို့က သင်ကြားပို့ချလျက်ရှိပြီး ရပ်ရွာလူကြီးမိဘများ အတွက်လည်း ဆွေးနွေးပွဲများ ကျင်းပပေးနိုင်ခဲ့ပါသည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ နေအိမ်အတွင်း ကိုယ်တိုင်လေ့လာသင်ယူနိုင်ရန် သင်ထောက်ကူ (Work Book) များ၊ စာရေးကိရိယာ များနှင့် ကစားစရာများ၊ ရေစစ်အိုးများနှင့် ရေသန့်ပစ္စည်းများ ကူညီထောက်ပံ့ပေးနိုင်ခဲ့ပါသည်။






၄။ အဆိုပါသင်တန်းသည် ကလေးသူငယ်များ၏ ပညာရေးကို များစွာ အထောက်အကူဖြစ်စေပြီး ရပ်ရွာပြည်သူလူထု ပါဝင်ကူညီရန် အခွင့်အရေးများကိုလည်း ဖန်တီးပေးနိုင်ခဲ့ပါသည်။ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများကိုလည်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်နိုင်ခဲ့ပါသည်။

## ကျန်းမာရေး

၅။ ၂၀၂၂ ခုနှစ်အတွင်း COVID-19 ရောဂါအတွက် Oxygen Concentrator ၁ လုံး၊ Medical Regulator & Oxygen Cylinder ၄ လုံးနှင့် ဆေးဝါးများအား ဖြန့်ဖြူးလှူဒါန်းနိုင်ခဲ့ပါသည်။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

၆။ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများရှိ ပြည်သူ၊ လူထုများ၏ လူနေမှုစီးပွားရေးဘဝ မြှင့်တင်နိုင်ရန်အတွက် ငွေစုငွေချေးလုပ်ငန်းစီမံချက်ကို ၂၀၁၃ ခုနှစ်မှစ၍ မုံရွာမြို့နယ်တွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းနောက် ၂၀၁၈ ခုနှစ်မှစ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ NGO အနေမှ ရတနာသလ္လာ အသေးစား ငွေရေးကြေးရေးကုမ္ပဏီလီမိတက်အဖြစ် ပြင်ဆင်ဖွဲ့စည်းကာ အသေးစားလုပ်ငန်းစီမံချက်ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထုတ်ချေးငွေသိန်းပေါင်း ၁၈၀၀၀ ကျော်ရှိပါသည်။ လက်ရှိအခြေအနေတွင် အသင်းဝင်များက လစဉ် ၅% ခန့်သာ ပြန်လည်ပေးဆပ်နိုင်ခဲ့ပါသည်။

၇။ ၂၀၂၂ ခုနှစ်အတွင်း ချေးငွေကျပ် ၁၄၅.၇၅ သန်း ထုတ်ချေးပေးခဲ့ပါသည်။ ယင်းထောက်ပံ့ငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ၉၃ ခု၊ မွေးမြူရေးလုပ်ငန်း ၉၀ ခု၊ ကုန်သွယ်ရေး လုပ်ငန်းပေါင်း ၄၂ ခု၊ ထုတ်လုပ်ရေး လုပ်ငန်း ၈၉ ခုနှင့် ဝန်ဆောင်မှုလုပ်ငန်း ၁၀ ခု တို့အတွက် ပံ့ပိုးနိုင်ခဲ့ပါသည်။

## နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်း

၈။ ၂၅-၁၁-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ ၃ နှစ် ၁ ကြိမ် ကျင်းပသည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို ကန်တော်ကြီးဥယျာဉ်ရှိ Royal Garden ခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် သုံးနှစ်အတွင်း ဆောင်ရွက်ချက်များကို တင်ပြခဲ့ပြီး နိုင်ငံတော်အကြီးအကဲမှ ချီးမြှင့်ခဲ့သော နိုင်ငံ၏တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် BDA အသင်း၏ (သိပ္ပကျော်စွာဘွဲ့) တံဆိပ်ရရှိခဲ့သူ အသင်း၏အကြံပေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာမြသိန်းဟန်၊ (အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့) ရရှိသူ အသင်း၏အကြံပေး အဖွဲ့ဝင် ဦးဇေယျာသူရမွန် နှင့် (ဝဏ္ဏကျော်ထင်ဘွဲ့) ရရှိသူ အသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန်းဝင်းတို့အား BDA အသင်းကြီးက ဂုဏ်ပြုခဲ့ပါသည်။






## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း



၉။ အသင်းတည်ထောင်သည့် ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေးအတွက် ပညာပေး ဟောပြောပွဲများကို ကျင်းပလျက်ရှိသည့်အပြင် ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တွင် ဖွင့်လှစ်ထားသည့် အသင်း၏ပြခန်းကိုလည်း ပြင်ဆင်မွမ်းမံရန် ဆောင်ရွက်လျက် ရှိပါသည်။

# အခန်း (၇)

## နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး

## နိုင်ငံတကာဆက်ဆံရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ပြည်တွင်း/ပြည်ပနိုင်ငံများ၌ ကျင်းပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲ/အလုပ်ရုံဆွေးနွေးပွဲ ၄ ကြိမ်၊ အစည်းအဝေး ၄ ကြိမ်၊ လေ့လာရေး ခရီးစဉ် ၂ ကြိမ်၊ Online ဖြင့် ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲ/အလုပ်ရုံဆွေးနွေးပွဲ ၄ ကြိမ်၊ အစည်းအဝေး ၁၅ ကြိမ်၊ အခမ်းအနား ၁ ကြိမ်နှင့် သင်တန်း ၁ ကြိမ် တို့ကို တက်ရောက်နိုင်ခဲ့ပါသည်။

### ပြည်ပနိုင်ငံများသို့ စေလွှတ်မှု

၂။ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းများအား ခိုင်မာသည့် ကတိကဝတ်များဖြင့် ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ထိုင်းနိုင်ငံသို့ လာရောက်ရန် ထိုင်းနိုင်ငံ၊ တရားရေး ဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Somsak Thepsutin ၏ ဖိတ်ကြားချက်အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်ဦး ဦးဆောင်သော ကိုယ်စားလှယ် ၅ ဦး သွားရောက်ခဲ့ပါသည်။









၃။ မဟာမဲခေါင်ဒေသခွဲအတွင်းရှိ ကျောင်းသားလူငယ်များအတွက် မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်ရေးလုပ်ငန်းအစီအစဉ်ဆိုင်ရာ လူငယ်ကွန်ရက်အား ထိုင်းနိုင်ငံ ONCB ၏ စရိတ်ကျခံမှုဖြင့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မိုင်းရဲမင်းကျော် ဦးဆောင်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်/ကောလိပ်အသီးသီးမှ ကျောင်းသား/ကျောင်းသူ လူငယ် ၆ ဦး စုစုပေါင်းကိုယ်စားလှယ် ၇ ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၄။ (၂၃) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးအား ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (Office of the Narcotic Control Board-ONCB) မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ် ၆ ဦးနှင့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ အတွင်းရေးမှူးချုပ် Mr. Wichai Chaimongkhon ဦးဆောင်၍ ကိုယ်စားလှယ် ၁၄ ဦးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၅။ (၄၃) ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (43rd ASEAN Senior Officials on Drug Matters-43rd ASOD and Its Related Meeting) ကို ၃၀-၁၀-၂၀၂၂ ရက်နေ့မှ ၄-၁၁-၂၀၂၂ ရက်နေ့ထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ Intercontinental Kuala Lumpur ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ် ၇ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။



၆။ (၇) ကြိမ်မြောက် ဘင်းမ်စတက် မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် ပရီကာဆာဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ (7th Meeting of the BIMSTEC Sub-Group on Prevention of Illicit Trafficking in Narcotics Drugs, Psychotropic Substances and Precursor Chemicals) အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းရိုင်မြို့တွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၀ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ကျော်ဟန် ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။



၇။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် ပတ္တရားမြို့တို့တွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် လာအို-မြန်မာ-ထိုင်းနိုင်ငံ တို့အကြား ပရီကာဆာဓာတုပစ္စည်းများ ထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ စစ်ဆင်ရေးစီမံချက်ရေးဆွဲခြင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ် ၆ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။



**ပြည်တွင်း၌ ပြုလုပ်ခဲ့သော သင်တန်း၊ တွေ့ဆုံဆွေးနွေးပွဲ/ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးများ**



၈။ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်နေသည့် မန်း-ကမ္ဘောဇ(၄)မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှု စစ်ဆင်ရေးနှင့် မြန်မာ-လာအို-ထိုင်း (၃)နိုင်ငံမှ ပူးပေါင်းဆောင်ရွက်နေသည့် Operation 1511/22 တို့တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ကြရန်အတွက် ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့တွင် အမှတ်(၂၈)မူးယစ်တပ်ဖွဲ့စု၊ ကျိုင်းတုံ၊အစည်းအဝေးခန်းမ၌ရန်ကုန်မြို့၊ထိုင်းနိုင်ငံသံရုံး၊ရဲဆက်ဆံရေး သံမှူးကြီး Pol Col Sanya Nrum Paradia ဦးဆောင်သော ကိုယ်စားလှယ် ၄ ဦးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၇)မူးယစ်တပ်ဖွဲ့ခွဲ၊ ကျိုင်းတုံမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးသန်းအောင် ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး၊ ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးညွန့်ဌေး ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး၊ စုစုပေါင်း ၄ ဦးတို့ တွေ့ဆုံ ဆွေးနွေးခဲ့ကြပါသည်။



၉။ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်နေသည့် မန်း-ကမ္ဘောဇ (၄) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှု စစ်ဆင်ရေးနှင့် မြန်မာ-လာအို-ထိုင်း (၃)နိုင်ငံမှ ပူးပေါင်းဆောင်ရွက်နေသည့် Operation 1511/22 တို့တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ကြရန်အတွက် ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ၃၀ရက်နေ့တွင် အမှတ်(၃၀)မူးယစ်တပ်ဖွဲ့စု၊ တာချီလိတ်၊ ရဲဗလအစည်းအဝေးခန်းမတွင် ရန်ကုန်မြို့၊ ထိုင်းနိုင်ငံသံရုံး၊ ရဲဆက်ဆံရေးသံမှူးကြီး Pol Col Sanya Nrum Paradia ဦးဆောင်သော ကိုယ်စားလှယ် ၃ ဦးနှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၇)မူးယစ်တပ်ဖွဲ့ခွဲ၊ ကျိုင်းတုံမှတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးသန်းအောင်၊ ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်းလှိုင် ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၁၀။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ရန်ကုန်မြို့၊ အမေရိကန်သံရုံး၊ Office of Policy and Plans (OPP) တို့အကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရန်အတွက် တွေ့ဆုံဆွေးနွေးပွဲအား ၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် နေပြည်တော်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ ဧည့်ခန်းမတွင် တွေ့ဆုံခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ် ၅ ဦးနှင့် ရန်ကုန်မြို့၊ အမေရိကန်သံရုံး၊ Office of Policy and Plans (OPP) Officer, Mr. Ken Jensen ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။



၁၁။ ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ အထွေထွေအတွင်းရေးမှူးချုပ် Mr. Wichai Chaimongkhon ဦးဆောင်သော ကိုယ်စားလှယ် ၉ ဦးနှင့် မြန်မာနိုင်ငံအခြေစိုက် ထိုင်းနိုင်ငံသံရုံးမှ Pol. Sr. Col. Sanya Niumpradit ပါ ကိုယ်စားလှယ် ၂ ဦး စုစုပေါင်းကိုယ်စားလှယ် ၁၁ ဦးတို့သည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့ အထိ မြန်မာနိုင်ငံတွင် မူးယစ်ပြစ်မှုဖြင့် ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံသား ၂ ဦးအား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်သွားရန်နှင့် တောင်ကြီးမြို့ရှိ ဘေးကင်းလုံခြုံသော မဲခေါင်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (SMCC) ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့အား လာရောက်လေ့လာသည့်ခရီးစဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့အကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရန်အတွက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်ထဲရေးဝန်ကြီး





ရုံးဟောင်း၊ ညှိနှိုင်းခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သော ကိုယ်စားလှယ် ၈ ဦးနှင့် ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Wichai Chaimongkhon ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

**Online ဖြင့် ပြုလုပ်ခဲ့သည့် သင်တန်း၊ တွေ့ဆုံဆွေးနွေးပွဲ/အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေး၊ ညီလာခံများ**

၁၂။ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ ဗဟိုတာဝန်ခံများအစည်းအဝေး အား တရုတ်နိုင်ငံ၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (National Narcotics Control Commission - NNCC) မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဇော်လင်း ဦးဆောင်သော ကိုယ်စားလှယ် ၄ ဦး တို့သည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။



၁၃။ မြန်မာနိုင်ငံ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (Central Committe for Drug Abuse Control-CCDAC) နှင့် မလေးရှားနိုင်ငံ၊ အမျိုးသားမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ (National Anti-Drugs Agency-NADA) တို့အကြား မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ သတင်းအချက်အလက် ဖလှယ်ရေး Online အစည်းအဝေးအား မလေးရှားနိုင်ငံမှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊




မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဆောင်သော ကိုယ်စားလှယ် ၇ ဦး နှင့် မလေးရှားနိုင်ငံ၊ အမျိုးသား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Sutekno Ahmad Belon ဦးဆောင်သော ကိုယ်စားလှယ် ၇ ဦးတို့ တက်ရောက် ခဲ့ကြပါသည်။

၁၄။ စတုတ္ထအကြိမ် ဆေးဘက်နှင့်သိပ္ပံဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုရန်ရည်ရွယ်၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဆေးခြောက်နှင့် ဆေးခြောက်ဆက်စပ်ပစ္စည်းများအား အပြည်ပြည်ဆိုင်ရာ ထိန်းချုပ်ဆောင်ရွက်နိုင်ရေး စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ အစည်းအဝေးအား International Narcotics Control Board-INCB မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီးဝင်းကိုကို ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးသည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။






၁၅။ (၁၂) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးအန္တရာယ် စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း (12th ASEAN Drug Monitoring Network Operational Meeting Teleconference, ADMN) အစည်းအဝေးအား ထိုင်းနိုင်ငံအခြေစိုက်

အာဆီယံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးစင်တာ (ASEAN Narcotics Cooperation Center, ASEAN-NARCO) မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး နေအောင်လွင် ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ နန္ဒမျိုးအောင်ဝမ်း တို့သည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။



၁၆။ အာဆီယံဒေသတွင်း မူးယစ်ဆေးဝါးကြိုတင်ကာကွယ်ရေးနှင့် ပညာပေးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ပညာရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ (IEC) ပစ္စည်းများ၏ စာရင်းနှင့်စပ်လျဉ်း၍ သုတေသနပြု အတည်ပြုအစည်းအဝေးအား ဖိလစ်ပိုင်နိုင်ငံ၊ အာဆီယံ မူးယစ်ဆေးဝါးကြိုတင် ကာကွယ်မှုပညာပေးရေးစင်တာ (ATCPDE)မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး မျိုးသိန်း၊ ပညာရေးဝန်ကြီးဌာနမှ ဒေါက်တာဇော်လတ်ထွန်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ နန္ဒမျိုးအောင်ဝမ်း တို့သည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။

၁၇။ ထိုင်းနိုင်ငံအခြေစိုက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု သတင်းအချက်အလက်များကွန်ရက် (Third Drug Abuse Information Network for Asia and the Pacific, DAINAP) ဗဟိုတာဝန်ခံများအစည်းအဝေးသို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး နေအောင်လွင် ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာနန္ဒမျိုးအောင်ဝမ်း တို့သည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။



၁၈။ (၆) ကြိမ်မြောက် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် Online အစည်းအဝေးအား အိန္ဒိယနိုင်ငံမှ အိမ်ရှင်အဖြစ် ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော






ကိုယ်စားလှယ် ၁၀ ဦးနှင့် အိန္ဒိယနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို (Narcotics Control Bureau, NCB) မှ ညွှန်ကြားရေးမှူးချုပ် Mr. Satya Narayan Pradhan ဦးဆောင်သော ကိုယ်စားလှယ် ၁၅ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၁၉။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများလုပ်ငန်းအဖွဲ့ အစည်းအဝေးအား ထိုင်းနိုင်ငံ(ONCB)မှ ဦးဆောင်၍၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူးကြီးဇော်လင်းဦးဆောင်သော ကိုယ်စားလှယ် (၃)ဦးနှင့် ရေကြောင်းရဲတပ်ဖွဲ့မှ ရဲမှူးညီညီမင်းထိုက်၊ လေကြောင်း ရဲတပ်ဖွဲ့မှ ဒုရဲမှူး ကျော်ထွန်းဝင်း တို့သည် Onlineဖြင့် တက်ရောက် ခဲ့ကြပါသည်။



၂၀။ ပဉ္စမအကြိမ်မြောက် အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်းသည့် အာဆီယံပါလီမန်များ ညီလာခံ အကြံပေးကောင်စီ (5th AIPACODD) အစည်းအဝေးအား ကမ္ဘောဒီးယားနိုင်ငံ၊ အမျိုးသားလွှတ်တော်မှ အိမ်ရှင်အဖြစ် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဥပဒေရေးရာဝန်ကြီးဌာနမှ ဦးကျော်ကျော်နိုင် ဦးဆောင်သော ကိုယ်စားလှယ် ၅ ဦး၊ ပြည်ထောင်စု လွှတ်တော်ရုံးမှ ဒေါက်တာဦးမြတ်စိုး ဦးဆောင်သော ကိုယ်စား ၂ ဦးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမြင့်ထူး တို့သည် အစည်းအဝေးသို့ Observer အနေဖြင့် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။



၂၁။ (၁၈) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး အား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် Online ဖြင့် ကျင်းပပြုလုပ် ခဲ့ရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ် ၈ ဦး နှင့် တရုတ်နိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) အထွေထွေအတွင်းရေးမှူးချုပ် Mr. Liang Yun ဦးဆောင် သော ကိုယ်စားလှယ် ၁၂ ဦး တို့ တက်ရောက်ခဲ့ကြပါသည်။







၂၂။ (၁၃) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးအန္တရာယ် စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်း (13rd ASEAN Drug Monitoring Network Operational Meeting Teleconference, ADMN) အစည်းအဝေးအား ထိုင်းနိုင်ငံအခြေစိုက် အာဆီယံ မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေးစင်တာ (ASEAN-NARCO) မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး



ရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီး သန်းအေး ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ နန္ဒမျိုးအောင်ဝမ်း တို့သည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။

၂၃။ (၅) ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေးဆိုင်ရာ Online အစည်းအဝေးအား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်






ဦးဆောင်သော ကိုယ်စားလှယ် ၁၂ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Muhammad Abdul Wahhab Bhuiyan ဦးဆောင်သည့် ကိုယ်စားလှယ် ၂၀ ဦး တို့ တက်ရောက်ခဲ့ကြပါသည်။

၂၄။ (၆၅) ကြိမ်မြောက် ကုလသမဂ္ဂမူးယစ်ဆေးဝါးကော်မရှင် (Commission on Narcotic Drugs – CND) ၏ ပထမအကြိမ်ကြားဖြတ်အစည်းအဝေး (First Intersessional) အား ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဇော်လင်း ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ဒုတိယရဲမှူးကြီး သက်ကိုကို တို့ စုစုပေါင်းကိုယ်စားလှယ် ၃ ဦး တို့သည် လေ့လာသူများအဖြစ် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။





၂၅။ (၇) ကြိမ်မြောက် အာဆီယံ ပင်လယ်ဆိပ်ကမ်းကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့ အစည်းအဝေး (7th ASITF) အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်ဦးစီး၍ အွန်လိုင်းစနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖြစ် ရေကြောင်းရဲတပ်ဖွဲ့မှ ရဲမှူး ညီညီမင်းထိုက် ဦးဆောင်သော ကိုယ်စားလှယ် ၃ ဦး တက်ရောက်ခဲ့ကြပါသည်။

၂၆။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့နှင့် ၉ ရက်နေ့ (မြန်မာစံတော်ချိန် ၁၅၀၀ အချိန်မှ ၁၈၀၀ အချိန်ထိ) တို့တွင် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ hybrid format ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၆၅) ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကော်မရှင်အစည်းအဝေး (65th CND) ၏ Reconvened Session သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဝင်းကိုကို၊ ဒုတိယရဲမှူးကြီး မြင့်ထူး တို့ ၂ ဦး တက်ရောက်ခဲ့ကြပါသည်။






၂၇။ (၆၅) ကြိမ်မြောက် ကမ္ဘာ့မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေး (CND) ၏ Side Event တစ်ခု ဖြစ်သော စင်ကာပူနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို (Central Narcotics Bureau-CNB) မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ (Virtual Side Event: Preventive Drug Education-Adapting to the COVID-19 Pandemic) ကို ၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဝင်းမြင့် Online ဖြင့် တက်ရောက်ခဲ့ပါသည်။

၂၈။ UNTOC Review Mechanism ဆိုင်ရာ ပထမအဆင့်လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အတွေ့အကြုံများ ဖလှယ်နိုင်ရေး ဆွေးနွေးပွဲအား UNODC မှ ဦးဆောင်၍ ၂၀၂၂ခုနှစ်၊မေလ၁၈ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး စိုးလင်းအေး ဦးဆောင်သော ကိုယ်စားလှယ် ၆ဦးတို့သည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။



၂၉။ မူးယစ်ဆေးဝါးဆိုင်ရာကော်မရှင် (CND) ဥက္ကဋ္ဌ၏ တစ်ရက်တာ အထူးဆွေးနွေးပွဲအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဝင်းကိုကို ဦးဆောင်သည့် ကိုယ်စားလှယ် ၃ ဦး သည် Online မှ တစ်ဆင့် လေ့လာသူများ အဖြစ် တက်ရောက်ခဲ့ကြပါသည်။

၃၀။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၌ တားဆီးနှိမ်နင်းရေး အခန်း ကဏ္ဍ (The role of Law Enforcement in Public Health response) ဆွေးနွေးပွဲအား (UNODC) မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နှင့် ၁၉ ရက်နေ့ တို့တွင် Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ် ၃ ဦးနှင့် အကျဉ်းဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ သန့်ဇော်ဝင်း ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးတို့ တက်ရောက် ခဲ့ကြပါသည်။

၃၁။ Counteracting International Drug Trafficking, Illicit Trafficking in Narcotic Drugs and Psychotropic Substances သင်တန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆိုက်ဘေးရီးယား ဥပဒေတက္ကသိုလ်မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ဝဏ္ဏအေး ဦးဆောင်သော သင်တန်းသား (၅) ဦး တို့သည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။



၃၂။ (၆၅)ကြိမ်မြောက် မူးယစ်ဆေးဝါး ဆိုင်ရာ ကော်မရှင် (CND) ၏ အထူး အခမ်းအနားအား ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ Hybrid ပုံစံဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယ တပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ကျော်ဟန် ဦးဆောင်သော ကိုယ်စားလှယ် ၃ ဦးတို့သည် Online ဖြင့် တက်ရောက် ခဲ့ကြပါသည်။

# နိဂုံး

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူကိုယ်တိုင် စွဲလမ်းခြင်း၊ ရောဂါများဖြစ်ပွားခြင်းနှင့် နောက်ဆုံးတွင် သေဆုံးခြင်းသို့ရောက်ရှိသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်း၊ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကျဆင်းခြင်း၊ အလုပ်ခွင်ပျက်ကွက်ခြင်း၊ အလုပ်ခွင်အန္တရာယ် ဖြစ်စေခြင်းများအပြင် လူမှုအဖွဲ့အစည်းများအတွင်းရှိ လူငယ်များ၏စွမ်းအား ဆုံးရှုံးခြင်း၊ ကျောင်းနေ ပျက်ကွက်ခြင်း၊ မိသားစုပြိုကွဲခြင်းများဖြစ်ပေါ်စေကာ ပြစ်မှုများပိုမိုဖြစ်ပွားခြင်းနှင့် မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်ရာမှ ရရှိသောငွေကြေးများသည် ပြစ်မှုကျူးလွန်သူများနှင့် သောင်းကျန်းသူအဖွဲ့အစည်းများ၏ အင်အားကို ပိုမိုကြီးထွားစေပြီး ဒေသတွင်းနှင့် နိုင်ငံများ၏ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက် ခြင်းများ ဖြစ်ပေါ်လာစေပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလ၌ မူးယစ်ဆေးဝါးပြဿနာအား ရှုမြင်သုံးသပ်ရာတွင် တားဆီးနှိမ်နင်း ရေးနှင့် ထိရောက်သောတရားစီရင်ရေး ကဏ္ဍတစ်ခုတည်းမှမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေး၊ လူမှုဘဝ မြင့်မားရေး၊ လူသားချင်း စာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေး၊ အခြေခံ လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကဏ္ဍများမှ ဘက်ပေါင်းစုံချဉ်းကပ်မှုပုံစံဖြင့် ပြဿနာ၏ အရင်းအမြစ်တစ်ခုလုံးကို လွှမ်းခြုံ၍ အပြန်အလှန် အမှီသဟဲပြုဆောင်ရွက်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကိုပြစ်မှုအဖြစ် သတ်မှတ်ခြင်းမပြုတော့ဘဲ ဆေးကုသမှုခံယူနိုင်ရေး နိုင်ငံတော် အစိုးရများနှင့် လူမှုအဖွဲ့အစည်းများမှ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းခြင်းနှင့် ကုသရေးအစီအစဉ်များကို လူထုအတွင်းရောက်ရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်လာကြပြီး ဆေးရုံဆေးခန်းအခြေပြု ဆေးကုသရေးလုပ်ငန်းများအပြင် လူထုအခြေပြု ဆေးကုသရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်လာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးကင်းစင်သည့် လူမှုအသိုက်အဝန်းဖြစ်ပေါ်လာစေရန် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများအား မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို သတိပေးဆုံးမရုံသာမက ၎င်းတို့၏ ပြဿနာများနှင့် ၎င်းတို့ကိုယ်တိုင်ကြုံတွေ့နေရသည့် စိတ်ဖိစီးမှုများကို သိရှိနားလည်အောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ သို့မှသာ မူးယစ်ဆေးဝါးကဲ့သို့ ဆိုးရွားသည့် ထွက်ပေါက်ကို မရောက်ရှိအောင် တားဆီးနိုင်ကြမည်



ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ရပ်ရွာပြည်သူလူထုမှ လျစ်လျူရှုခြင်းအလျဉ်းမရှိဘဲ ကူညီဆောင်ရွက် ပေးသွားကြရမည် ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများအား လူမှုအသိုက်အဝန်းနှင့် ပြန်လည် ပေါင်းစည်းနိုင်စေရန်အတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများကို ထိရောက်စွာ ပို့ချပေးမည်၊ ဂရုတစိုက် ပြုစုစောင့်ရှောက် ပေးမည်ဆိုပါက မူးယစ်ဆေးဝါးကင်းစင်ပြီး သာယာလှပသော လူမှုဘဝများ ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အသစ်ပေါ်ပေါက်လာသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ရှေ့ပြေးဓာတုပစ္စည်းများကို ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ကာ ထိန်းချုပ်သွားမည်ဖြစ်သည့်အပြင် ခေတ်မီသော မူးယစ်ဆေးဝါရှာဖွေသည့် မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများ စုံစမ်းဖော်ထုတ်သည့် ပစ္စည်းကိရိယာများ၊ နည်းပညာများကို အသုံးပြုလျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ သယ်ဆောင် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများအား လျော့နည်းပပျောက်စေရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာတစ်မျိုးသားလုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို သက်ဆိုင်ရာတာဝန်ရှိ အစိုးရအဖွဲ့အစည်းများနှင့် အတူ ပြည်သူလူထုတစ်ရပ်လုံးကပါ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးတာဝန်ဖြင့် လက်တွဲပါဝင် ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့
နေပြည်တော် ။
ဖုန်း / ဖက်စ် - ၀၆၇ ၃၄၀၁၇၄၈